www.burmeseclassic.com

# ဦးအာဂ္ဂ (တောင်ငူ)

# The Best Questions



အင်္ဂလိပ်စာ လေ့လာလိုက်စားသူများ နှင့်
အင်တာဗျူးဖြေဆိုမည့်သူများ အားလုံးအတွက်
အကောင်းဆုံးမေးခွန်းများနှင့် အသင့်တော်ဆုံးအဖြေများ

**Let's speak English happily.**

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် -

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ - ဦးမောင်မောင်လှ

အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်

အမှတ် (၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊

ဖုန်း - ၅၄၈၀၀၄၂၊ ၅၄၅၂၆၃

ဖြန့်ချိရေး - 'ပါရမီ' နိုင်ငံတကာအဆင့်မြင့် အင်္ဂလိပ်စကားပြောသင်တန်း

မြစည်းခုံကျောင်းတိုက်၊ အမှတ်(၃)ဝိုင်း၊ ပါရမီလမ်း၊ ပင်းယမှတ်တိုင်ရှေ့၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၆၀၀၈၀

အုပ်ရေ - ၁၀၀၀

တန်ဖိုး -



" The Best Questions "

အတွက်

စာရေးသူရဲ့ ကျေးဇူးတင်လွှာ။

လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသကဲ့သို့ အစဦးဆုံး သက်ရှိထင်ရှား ရှိနေကြသော စာရေးသူရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဦးစံတင်+ဒေါ်ကြည်ရွှေတို့အားလည်းကောင်း၊ ဒီလောကီ ပညာကို လေ့လာသင်ယူချိန်မှာ အစစအရာရာ လိုလေသေးမရှိ ဆိုဆုံးမ စကားတွေနဲ့အတူ တပည့်အပေါ် ထောက်ပံ့ပေးခဲ့တဲ့ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာန နာယက နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတိက္ခသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးအား လည်းကောင်း၊ အခု စာသင်ပေးနေတဲ့ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ပါရမီလမ်းကြီးပေါ်မှာရှိတဲ့ မြစည်းခုံကျောင်းတိုက်ရဲ့ ဦးစီးပဓာန နာယကဆရာတော် စာရေးသူရဲ့ ဝယ်ဆရာလည်းဖြစ် မိဘကဲ့သို့ ကျေးဇူးလည်းကြီးမားတဲ့ ဘဒ္ဒန္တပဏ္ဍိတသာရ (မဟာဂန္ထ ဝါစကပဏ္ဍိတ) အားလည်းကောင်း၊ တစ်နေ့ကုန်လုံးနီးပါး သင်နေရပေမယ့် မောပန်းနွမ်းနယ်တယ် ဆိုတာ မရှိလောက်အောင် အခက်အခဲမရှိ လွယ်ကူချောမွေ့စွာ သင်ကြားပြသနိုင်တဲ့အထိ လမ်းညွှန် သင်ကြား ပြသပေးခဲ့ကြတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးကိုလည်းကောင်း၊

ဒီ " The Best Questions " စာအုပ်လေးအတွက် ကိုယ်တိုင် စာရေးချိန်၊ စာရိုက်ချိန်ရအောင် စာသင်ချိန်မှာ စေတနာအပြည့်နဲ့ ဝိုင်းဝန်းကူညီ သင်ပေးနေကြတဲ့ စာရေးသူရဲ့ တပည့် ဆရာ/ဆရာမများအားလုံးကိုလည်းကောင်း၊ ဆရာနဲ့အတူ စာသင်ချိန်တွေကို ဖျက်ပြီး စေတနာသက်သက်ဖြင့် စာစီ စာရိုက်ပေးကြတဲ့တပည့်များ အားလုံးကိုလည်းကောင်း၊ မျက်နှာဖုံးဒီဇိုင်းကို ဆရာနဲ့အတူ ရေးဆွဲပေးကြတဲ့ တပည့် နိုင်သဇင်လတ် နှင့် မငွေးငွေးကြွယ်တို့အားလည်းကောင်း၊ ရွှေနိုင်ငံ ပုံနှိပ်တိုက်ပိုင်ရှင် ဦးမောင်မောင်လှ မိသားစုနှင့်အတူ ဖော်ပြပါ ကျေးဇူးတင်ထိုက်သူများတွင် မပါဘဲ ကျန်ရှိနေကြသေးတဲ့ အနီး အဝေးမှ ကျေးဇူး တင်ထိုက် သူများအားလုံးကို ရင်ထဲက စစ်မှန်သော မေတ္တာစေတနာဖြင့် ကန်တော့ရင်း ကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။

ဦးအဂ္ဂ (တောင်ငူ)

၆၊ ၂၊ ၂၀၀၉။



www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏ "အမှာ"

စာရေးသူရဲ့ နှစ်(၄၀)ပြည့်မွေးနေ့အမှတ်တရအဖြစ် The Best Questions စာအုပ်လေးကို ထုတ်ဝေလိုက်ပါတယ်။ ဒီစာအုပ်လေးဟာ သင်တန်းမှာ သင်ကြားပေးနေခဲ့တာ ကြာခဲ့ပါပြီ။ သင်တန်းစသင်ချိန်ကနေ ယခုအထိ ပထမဦးဆုံး စာအုပ်အဖြစ်ကို ရောက်ရှိလာတာ ဒီစာအုပ်လေးပါ။ ဒါပေမယ့် အပြင်ကျောင်းသူ ကျောင်းသားတွေ၊ အင်္ဂလိပ်စာ လေ့လာသူတွေ အတွက် မထုတ်ဝေဖြစ်ခဲ့ပါဘူး။ အခုတော့ ဖြည့်စွက်မှုတွေထပ်လုပ်ပြီး အကောင်းဆုံး ပြည့်စုံ နိုင်သမျှ ပြည့်စုံအောင်ရေးထားပါတယ်။ အရင်ကတော့ အဓိကအားဖြင့် သင်တန်းအတွင်းမှာ တက်ရောက် နေကြတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် Pair-talking တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးပြောဆိုတဲ့အခါ အစိမ်းသက်သက်ကြီးဆိုတော့ အစပိုင်းမှာ ဘယ်လို ပြောရမယ်၊ ဘယ်လိုမေးရမယ်ဆိုတာ မသိတော့ စကားပြောကို ကြောက်သွားမှာစိုးလို့ အလေ့ အကျင့်ရသွားအောင် ကြည့်ပြီးမေးဖို့အတွက် စီစဉ်ထားတာပါ။

ပြီးတော့ တစ်ခြား စာတွေသင်ပေးရသေးတယ်၊ ဒီမေးခွန်းတွေချည်းပဲလည်း သီးသန့် မသင်ပေးနိုင်ဘူးလေ။ အချိန်ကုန်သက်သာစေဖို့နဲ့ အချိန်ရတဲ့သူတွေအတွက် ကြိုတင်ပြီး လေ့လာမှတ်သားထားလို့ရအောင် စာအုပ်အဖြစ်ထုတ်ဝေဖို့ အကြံဖြစ်ပေါ်ခဲ့တာပါ။

တစ်ဦးဦးက Talk-show ကို တစ်ယောက်တည်း အတန်းရှေ့ အများကြားမှာ မတ်တတ်ရပ်ပြီး ပြောတဲ့အခါ ကိုယ်ပိုင်အတွေးနဲ့ ကိုယ်ပိုင်မေးခွန်းတွေ ချက်ချင်း ဘယ်လို မေးရမှန်း မသိရင် ဒီစာအုပ်လေးထဲက မေးခွန်တွေကို အရင်ကြည့်ပြီး Speaker ကို မေးခွန်းတွေ လွယ်လွယ်ကူကူ မေးနိုင်ဖို့အတွက်။ အလွတ်ကျက်သင့်တဲ့ အရာတွေကလွဲရင် ဒီမေးခွန်းတွေကို အလွတ်မကျက်ခိုင်းသလို၊ အလွတ်ကျက်ဖို့လည်း မတိုက်တွန်းပါဘူး။ သင်တန်းမှာ သင်ပေးရင်း နဲ့ သဒ္ဒါနိုင်၊ ပြောပုံပြောနည်း၊ ဝါကျတည်ဆောက်ပုံ၊ တွေးပုံတွေးနည်း၊ ရေးပုံရေးနည်း၊ စာကျက်ပုံ စာကျက်နည်း၊ စာပြန်သင်ပုံ ပြန်သင်နည်းတွေကအစ အားလုံးနီးပါးကို အတတ်နိုင်ဆုံး တစ်နေရာတည်းမှာ Four Skills အပြင် Thinking Skill အတွေးစွမ်းရည်

www.burmeseclassic.com



အတွက် စိတ်ကူးထဲမှာ ပေါ်လာသမျှအတွေးကို အကြာကြီး စဉ်းစား နေစရာမလိုဘဲ လျှပ်တစ်ပြက် ချက်ချင်း လက်တန်း ဘယ်လိုတွေးပြီး ပြောရတယ်ဆိုတာကိုပါ တစ်ခါတည်း ရသွားစေဖို့ ကိုယ်တိုင် တွေးပြတယ်၊ သူတို့ကို တွေးတတ်လာအောင် လေ့ကျင့်ပေးတယ်။ ပြီးရင် နှစ်ယောက်တစ်တွဲ သို့မဟုတ် တစ်ယောက်တည်း လက်တွေ့ပြောနိုင်းတယ်။ Talk-show ပြောတဲ့အခါမှာလည်း Speaker အတွက်မေးလို့ အသင့်တော်ဆုံးပြောလို့ အကောင်းဆုံးမေးခွန်းတွေကိုသာ ရွေးချယ်ပြီး စီစဉ်ထားတာပါ။

ကျောင်းသူ/သားတွေအပြင် လေ့လာသူတွေ အားလုံးအတွက် အမေးရော အဖြေပါ နှုတ်သွက် အာသွက် ဖြစ်လာစေမယ့် လွယ်ကူတဲ့ မေးခွန်းတွေဖြစ်တဲ့ အတွက်ကြောင့် ခဏလေး အတွင်းမှာ အင်္ဂလိပ်စကားပြောနဲ့ပတ်သက်ပြီး မပြောရဲသူတွေ၊ မေးခွန်းကို ဘယ်လိုကစပြီး မေးရမှန်း မသိသူတွေ အားလုံးအတွက် နှုတ်ဆိတ် နှုတ်ပိတ် မနေတော့ဘဲ သွက်လက်စွာ ပြောရဲလာမှာ ကောန်ပါ။ ပြီးတော့ ရိုးရိုးမေးခွန်းတွေအတွက် ဖြေပုံဖြေနည်း စနစ်ကိုပါ ထည့်ပေး ထားပါတယ်။ အဖြေတွေကိုတော့ အားလုံး မရေးထားပါဘူး။

ပြီးတော့ Do you speak English? စတဲ့ ရိုးရိုးမေးခွန်း မြန်မာလို "လား"နဲ့ ဆုံးတဲ့ မေးခွန်းတွေအတွက် အဖြေကိုပုံသေ ပေးထားတာကြောင့် ဒီမေးခွန်းတွေနဲ့ မေးလာရင် ဒီလို ဖြေရမယ် ဆိုတာ ပြောတဲ့သူတွေ သေသေချာချာ သိထားတော့ ပြောရဲရုံတင် မဟုတ်ဘဲ ပိုမိုလွယ်ကူပြီး ယုံကြည်မှု ပိုရှိလာတာပေါ့။ ကျောင်းသူကျောင်းသား လေ့လာသူ တို့သည် အများစုအားဖြင့် သူများပြောတာကို နားလည်ကြတယ်၊ စကားလုံးတွေ အားလုံး နီးပါးကိုလည်း သိကြတယ်။ ဒါပေမယ့် ဘယ်လို ပြန်ပြောရမှန်း ဘယ်လိုပြန်ဖြေရမှန်း သေသေချာချာ မသိကြဘူး။ သူတို့တွေ အင်္ဂလိပ်စာ မတတ်ကြတာမဟုတ်ဘူးနော်၊ မပြောရဲ ကြတာပါ၊ သူတို့လိုနေတာ နည်းစနစ်ပိုင်းနဲ့ လေ့ကျင့်မှု များများပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် လေ့လာသူတွေ အားလုံးအတွက် "လောကမှာ" မေးခွန်းသည် နှစ်မျိုးတည်းရှိရာ တစ်မျိုးအတွက် အဖြေပုံသေရပြီး ကျန်တဲ့ "လဲ"မေးခွန်း (W/H+3,4) အတွက်အဖြေသည် တစ်ဝက်ပဲရမယ်။အဖြေအတိအကျတော့ဒီမေးခွန်းအတွက်ပေးလို့မရဘူး။ကျန်တဲ့တစ်ဝက်ကို





ကိုယ်တိုင်(သို့မဟုတ်) ဆရာမပြ နည်းမကျဆိုသလို ဆရာက နည်းပေးလမ်းပြနဲ့ ဘယ်လိုမေးရင် ဘယ်လို ဖြေရမယ်စသည်ဖြင့် လမ်းညွှန်ပြရုံသာ ရှိတော့တယ်။

ဥပမာလေးကြည့်ပါဦး.... Why နဲ့မေးရင် Because နဲ့ ဖြေဆိုတဲ့ အကြမ်းဖျင်း သဘောလောက်တော့ ပြောပြ/သင်ပြလို့ရပါတယ်။ ဒါပေမယ့် နောက်ပိုင်းဖြေဆိုလာမယ့် တိကျသေချာတဲ့ အကြောင်းပြချက်ကတော့ ကိုယ့်သဘောအတိုင်းပေးရင် ကိုယ်သဘောပဲ ဖြစ်သွားမယ်။ သူများသဘောအတိုင်း သူတို့ စိတ်တိုင်းကျမဖြစ်နိုင်ဘူး။ အဲ့ဒါကြောင့် အဖြေကို အတိအကျမပေးနိုင်ဘူး။

ထပ်ပြီး ဥပမာလေးပြဦးမယ်။ Why do you attend English Speaking class? ဆိုပါတော့ ဒီမေးခွန်းတစ်ခုအတွက် အဖြေသည် လူတစ်ယောက်မှာတင် အကြောင်း ပြချက်တွေ အမျိုးမျိုး ရှိလာနိုင်တဲ့ အတွက်ကြောင့် အဖြေကို ပုံသေ မပေးနိုင်ခြင်းဖြစ်တယ်။

BURMESE CLASSIC .com

အဲ့ဒါကြောင့် လေ့လာသူတွေရော သင်ကြားပေးသူ ဆရာများဘက်ကပါ ဒီ"လဲ" မေးခွန်းကို အဓိက ဦးစားပေး အနေနဲ့ လေ့လာသင့်ပါတယ်။ သင်ပေးသင့်ပါတယ်။ လေ့ကျင့် သင့်ပါတယ်။ အခု အဲ့ဒီ မေးခွန်းကို အဖြေအနည်းငယ် လေ့လာကြည့်လိုက်ပါ။

why do you attend English Speaking class?

I attend English Speaking class because I want to go abroad.

I attend English Speaking class because I want to be a good English teacher.

I attend English Speaking class because I want to be a tourist guide.

I attend English Speaking class because I work in the company.

I attend English Speaking class because I want to improve my English.

I attend English Speaking class because it's very useful. ဒီလို အဖြေမျိုးတွေ အမျိုးမျိုးထွက်လာနိုင်တဲ့ အတွက်ကြောင့် အဖြေသည် ပုံသေ မဖြစ်နိုင်တော့ပါ။ သင့်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးရင် ပြောရင်ကော ဒီအဖြေတစ်ခုတည်း ကျက်မှတ်ထားပြီး ပြောမှာလား။ အဲ့ဒီအဖြေ လောက်ကတော့ ကြက်တူရွေး-တောင် နှုတ်တိုက်ရွတ်ဆိုနိုင်လောက်ပါတယ်။

လေ့လာသူဘက်ကလည်း မရှက်မကြောက် ပြောရဲဆိုရဲရှိအောင် အရင်သတ္တိမွေးပါ။ မှားသွားမှာ စိုးလို့၊ မှားသွားမှာ ကြောက်လို့၊ မှားသွားရင် ရှက်စရာကြီး၊ သူများတွေ ဝိုင်းရယ်ကြလိမ့်မယ်စသည်ဖြင့် သူတို့စိတ်ထဲမှာ ထင်နေကြတယ်။ တကယ်တန်းတော့ ဒါတွေဟာ အင်္ဂလိပ်စာနှင့် စကားပြောကို တိုးတက်စေဖို့ အကြီးမားဆုံး အဟန့်အတားတွေ ဖြစ်ပါတယ်။ သင့်မှာလည်း အနည်းဆုံး (၁၀)တန်း အဆင့်ရှိနေတာပဲ။ စကားလုံးတွေကလည်း ရသင့်ရထိုက်တာတွေ ရှိထားပြီးပြီးပဲ။ ဘာကြောက်စရာလိုလို့လဲ။ ဘာရှက်စရာရှိလို့လဲ။ သင်တကယ် အင်္ဂလိပ်စကားပြောကို ကျွမ်းကျွမ်းကျင်ကျင်တတ်ချင်ရင် အဲ့ဒီရှက်စိတ် ကြောက်စိတ်ကို ဖျောက်ပါ။

ရှက်စိတ်၊ ကြောက်စိတ်မရှိပါစေနဲ့။ ( ဒီစကားသည်- ပညာရေးအတွက် အဓိက ဆိုလိုခြင်းဖြစ်သည်။ ကျန်သော နေရာမျိုးတွေမှာ ရှက်စိတ် ကြောက်စိတ် ရှိသင့်သည်။ ရှက်စိတ်၊ ကြောက်စိတ် ရှိရမည်။) သင့်ဘက်မှာ ကြိုးစားမှုလေး တစ်ခုရှိရင် မှန်ကန်တဲ့ အကောင်းဆုံး နည်းစနစ်ပိုင်းကို ဆရာ့ဘက်က ပေးမှာမို့ - **ကြိုးစားမှုတစ်ခုနဲ့ နည်းစနစ် မှန်ကန်မှု** - ဒီနှစ်ခုပေါင်းလို့ မအောင်မြင်ဘူးဆိုရင် ကံကြမ္မာကို ရိုးမယ်ဖွဲ့ပြီး ပုံချနေစရာ မလိုပါဘူး။ ဟုတ်တယ် မဟုတ်လား။

လုံ့လ ဝီရိယတစ်ခုတည်းနဲ့ ကြိုးစားတိုင်း လောကကြီးမှာ မအောင်မြင်နိုင်ဘူး ဆိုတာကိုတော့ ဥပမာလေးပြပါရစေဦး.... တို့ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် ...... တောထွက်ပြီး ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့တယ်။ ဒုက္ကရစရိယာ ကျင့်နေစဉ် (၆)နှစ်အတွင်းမှာ လုံ့လဝီရိယအားသည် အလွန်အမင်း အထွတ်အထိပ်သို့ ရောက်အောင် ဝီရိယအား ကောင်းခဲ့ပါသည်။ ဒါပေမယ့် ဘုရားအဖြစ်သို့ အဲ့ဒီ အချိန်မှာမရောက်ခဲ့ပါဘူး။ အကြောင်းကား .... နည်းလမ်းမမှန်၊ နည်းစနစ်မကျ။ ကျင့်စဉ်နည်းလမ်း မဟုတ်ခဲ့တဲ့





အတွက်ကြောင့်ပါ။ တကယ်လို့ သင့်ဘက်က ဝီရိယအား ကောင်းနေပေမယ့် နည်းစနစ်ပိုင်း မမှန်ရင်တော့ ပင်ပန်းရုံသာ ရှိတော့မည်။ ကိုယ်လိုရာ အောင်မြင်မှုကို မရနိုင်ဘူး။ ကိုယ်လိုရာပန်းတိုင်ကို မရောက်နိုင်ဘူးပေါ့။ နည်းစနစ်မှန်ကန် ကောင်းမွန်ပေမယ့် ကြိုးစား အားထုတ်မှုမရှိပြန်ရင်လည်း လိုရာပန်းတိုင်ကို မရနိုင်ပြန်ဘူး။

ဥပမာလေး ထပ်ပြပါရစေဦး ...... ဒီ ဥပမာလေးကတော့ အခြားသူတွေအတွက် မပေးတော့ဘဲ ကိုယ်နဲ့နှိုင်းပြီး ဥပမာပြမယ်။ စာရေးသူသည် ဘုရားသားတော် ရဟန်း တစ်ပါးဖြစ်သည်။ အဲ့ဒါကြောင့် ဘုရားရှင်က နိဗ္ဗာန်ကိုရရှိနိုင်မယ့် နည်းစနစ်ပိုင်းကို (၄၅)ဝါ ကာလပတ်လုံး ကောင်းစွာ ဟောကြားထားတော် မူခဲ့ပေမယ့် အဲ့ဒီအပေါ်မှာ ဝီရိယအား ကျိုးကြဲကြိုးကုတ် အားထုတ်မှုအပိုင်းသည် အလွန်အားနည်းနေတဲ့အတွက် လိုရာကို မရနိုင် သေးဘူး။ ဘယ်ဈာန်တရား၊ ဘယ်မဂ်တရား၊ ဘယ်ဖိုလ်တရားမှလည်း မရနိုင်သေး၊ မဆိုက်ရောက်နိုင်သေးပါ။

အဲ့ဒါကဘာဖြစ်လို့လဲ။ ဘုရားရှင် ဟောကြားတော်မူထားတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း၊ အကျင့်ကောင်း/ နည်းစနစ်ကောင်း "အလယ်အလတ်လမ်းစဉ်" မဇ္ဈိမ ပဋိပဒါ (Middle Way) ရှိနေပါလျက်နဲ့ ကိုယ်ကိုယ်တိုင်က အဲ့ဒီနည်းစနစ်ပေါ်မှာ ကျိုးကြဲ ကြိုးကုတ် အားထုတ်မှုနည်းနေလို့သာ ဘာတရားထူး တရားမြတ်ကိုမှ မရရှိသေးသလို လိုရာပန်းတိုင်ကိုလည်း မရောက်နိုင်သေးဘူး ဖြစ်နေတယ်။

အဲ့ဒါကြောင့် ဒီဥပမာလေးကိုပမာထားပြီး သင့်ဘက်က ကြိုးစားမှုလေးတစ်ခုရှိရင် အဲ့ဒီကြိုးစားမှုနဲ့ ဆရာဘက်က နည်းစနစ်ကောင်းပေးရင် သင့်အတွက် ဝီရိယကြိုးစားမှုနဲ့ နည်းစနစ်အမှန်အကန်ကို ပေါင်းလိုက်ရင် သင့်ဘဝမှာ သင်လိုရာရနိုင်သည်။ မအောင်မြင်ဘူးဆိုတာ စာရေးသူ လက်မခံနိုင်ပါ။ ကျိန်းသေ အောင်မြင်ရမည်။ တိုးတက်ရမည်။ အင်္ဂလိပ်စကား ပြောရဲရမည်။ နောက်ဆုံးမှာ အချိန်တိုအတွင်း စာပြန်သင်ပေးနိုင်ရမည်။ စာရေးသူဘက်က အာမခံနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သင့်အတွက် အချိန်တိုအတွင်းမှာ အင်္ဂလိပ်စာနဲ့ စကားပြောကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းလာစေမည်။ ဘာ့ကြောင့် ဒီလောက်ထိ အာမခံချက်ကို ပေးနေရတာလဲဆိုတော့ စာရေးသူဟာ အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် (၂)တန်းအောင်တယ်၊ မအောင်ဘူးဆိုတာတောင် မမှတ်မိဘူး။ အဲ့ဒီလောက်ထိ တစ်ဖက်ကမ်း ခပ်အောင်တော်တာ၊ အဲ့ဒီတော့ လောကီစာပေ ပညာဘက်မှာ တော်တော်လေး ခရီးရောက်နေပြီ၊ တော်တော်လေး တတ်ကျွမ်းနေပြီဆိုတာ မပြောလည်း ထင်ရှားစွာ သိနိုင်လောက်ပါပြီ။ ကိုယ့်မှာ မရှိတဲ့ပညာကို လူကြားထဲမှာ အများသိအောင် ပြောပြရတာ အားမငယ်တဲ့အပြင် ပိုပြီးတော့ အားရှိလာတယ်လို့တောင် ထင်မိပါတယ်။ အဓိကပြောချင်တာကတော့ သိမ်ငယ်တဲ့စိတ် မရှိဖို့အဲ့ဒီလိုစိတ်တွေ ဝင်မလာဖို့ အရေးကြီးပါတယ်။

အခုဆို စာရေးသူသည် ဆရာဖြစ်လို သံဃာတော်ပေါင်းများစွာ ခလေးသူငယ်ကစလို့ ဘွဲ့ရTutor, Lecturer, ဆရာ/ဆရာမများ၊နိုင်ငံခြားမှာအလုပ်လုပ်ဖို့ပညာသင်ဖို့သွားကြမယ့် လူကြီး/လူငယ် အတန်းစား အားလုံးကို လူအများ နားလည်အောင်၊ လက်ခံအောင် သင်ပြပေးနေနိုင်တာ ဘာ့ကြောင့်လဲဆိုတော့ လုံးလဝီရိယနဲ့ မှန်ကန်တဲ့ နည်းစနစ်ကြောင့်ဆိုတာ သင်လက်ခံလိုက်ပါ။

အဲ့ဒါကြောင့် ကြိုးစားပါ။ မရှက်နဲ့၊ မကြောက်နဲ့၊ အားမငယ်နဲ့။ သင့်ဘက်က ကြိုးစားလို့ မတိုးတက်လာဘူးလို့ထင်ရင်၊ သို့မဟုတ် မအောင်မြင်ဘူးလို့ထင်ရင် ကျိန်သေတာတစ်ခုကတော့ သင်လေ့လာနေတဲ့ နည်းစနစ်ပိုင်း မမှန်လို့ဆိုတာ သေချာတယ်။ အဲ့ဒီအခါ ဆရာ့ထံ (သို့မဟုတ်) စီနီယာ ကျောင်းသားတွေထံမှာ အကြံအဉာဏ်တောင်းပါ။ ဆွေးနွေးပါ။ ပွင့်လင်းစွာ ပြောဆိုကြပါ။ ဆရာနဲ့တွေ့ဖို့၊ စီနီယာတွေနဲ့ဆုံဖို့၊ တွန့်ဆုတ် တွန့်ဆုတ် လုပ်မနေကြပါနဲ့။ အချိန်တိုအတွင်း အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် အံ့မခန်း ပြောင်းလဲ တိုးတက်သွားမယ်။ အင်္ဂလိပ် စကားပြော စာအုပ်တွေ များစွာရှိပေမယ့် ပွဲမဝင်ခင် အပြင်ကလေ့ကျင့်ဆိုသကဲ့သို့ သင်တန်းအတွင်းမှာ အရင်လေ့ကျင့်ဖို့ရည်ရွယ်ပြီးဒီစာအုပ်ကိုအများအကျိုးအတွက်ထုတ်ဝေလိုက်တာပါ။

ဒီလိုစာအုပ်မျိုးလေး တစ်အုပ်လောက်ရှိရင် ဘယ်နေရာမဆို၊ ဘယ်သင်တန်းမဆို အထူးသဖြင့် သင်တန်းအတွင်းမှာ ပြောရဲ၊ ဆိုရဲ၊ မေးရဲ၊ ပြန်ဖြေရဲလာမယ်။ သင်တန်းထဲမှာ ပြောရဲ၊ ဆိုရဲ၊ မေးရဲ၊ ဖြေရဲရင် အပြင်လုပ်ငန်းခွင် (သို့မဟုတ်) လက်တွေ့မှာ အမှန်တကယ်





အသုံးချနိုင်ပါတယ်။ အရင်က လေ့ကျင့်ထားမှု မရှိဘူးဆိုရင် နှုတ်တွေ့ အတွေ့ကြုံလာတဲ့အခါမှာ အယောင်ယောင် အမှားမှား အဆီအငေါ်မတည့် ဟိုရောက် ဒီရောက် ထစ်ထစ် ငေါ့ငေါ့တွေဖြစ်နေမယ်။ ကိုယ်လိုရာကို မရောက်ဘဲ အချိန်တွေကုန်လာမယ်၊ အချိန်တွေကုန်လာလို့ မတိုးတက်ဘူးဆိုရင် အလကားပါ ဘာမှမတတ်ပါဘူး။ နှစ်လ၊ သုံးလအတွင်း အင်္ဂလိပ်စာသင်လည်း အလကားပါဘဲလို့ ထင်နေတဲ့ သူတွေကို သတိလေးတစ်ခု ပေးချင်တယ်။ ဒီသင်တန်းကို လာတက်ကြည့်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နှစ်လ၊သုံးလအတွင်းမှာ အရင်ကလို တိုးတက်မှုမရှိဘူးလို့ထင်ရင် လာပြီး တိုင်ပင် ဆွေးနွေးကြည့်လိုက်ပါ။

ဒါပေမယ့် သင့်ဘက်က အနည်းဆုံး ဆယ်တန်းအဆင့်တော့ရှိရမယ်။ တကယ် ကြိုးစားရင် တကယ်ပြောနိုင်၊ ရေးနိုင်ပါတယ်။ အာမခံပေးပါတယ်။ သင့်ဘက်က အဲ့ဒီအဆင့် မရှိဘူးဆိုရင် အေ၊ ဘီ၊ စီ၊ ဒီ ကစသင်တဲ့ သံဃာတော်တွေ အခြေခံက စသင်တဲ့အတန်းနဲ့ နွေရာသီ ကလေးများအတွက် သီးသန့်သင်တဲ့ အတန်းတွေမှာ တက်လိုက်ပါ။ လုပ်ငန်းခွင် ဝင်မယ့်သူတွေ အတွက်လည်း အဆင်ပြေ ချောမွေ့အောင် Interview မေးခွန်းတွေ ထပ်ပေါင်း ထည့်ကာ စာအုပ်ကို ပိုမို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စီမံရေးသားထားပါတယ်။

စာအုပ်သည် သိပ်မကြီးလွန်းတာကြောင့် ဘယ်နေရာသွားသွား ယူဆောင် သွားနိုင်ပါတယ်။ စာရေးသူရဲ့ ပထမဦးဆုံး English Speaking for Everyone စာအုပ် သည် စာမျက်နှာ (၉၃၅) အထိဆိုတော့ အရမ်းထူနေတယ်။ သယ်ရတာ မလွယ်ကူလှပါဘူး။

ဒါပေမဲ့ ခက်ခက်ခဲခဲ အပင်ပန်းခံကာ နိုင်ငံခြားအထိ မပါ-ပါအောင် ယူသွားကြတော့ ဘယ်လောက် အသုံးဝင်သလဲဆိုတာ ပြောစရာမလိုတော့ပါဘူး။ ကြွားပြောနေတာ မဟုတ် ပါဘူးနော်၊ သိစေချင်လို့ပါ။ ဒီ" The Best Questions " စာအုပ်လေးသည် စာဖတ်သူ၊ လေ့လာသင်ယူသူ၊ ပြန်သင်ပေးသူတို့ အားလုံးအတွက် သူ့အတိုင်းအတာ တစ်ခုအထိတော့ အသုံးဝင်ပြီး အကျိုးရှိလိမ့်မယ်လို့ ယုံကြည်လျှက်........

ဆက်လက်ကြိုးစားနေမယ့် .......

ဦးအဂ္ဂ (တောင်ငူ)

၆၊ ၂၊ ၂၀၀၉။ ( ၃း၃၀၊ ညနေ)။



www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


Introduction 1-6

၁။ VERB TO DO (Action Verb) 7

၂။ Do you+$V_1^0$ လိုက်၊ဟုတ်ကြောင်းကိုမေး။ 10

၃။ Don't you+$V_1^0$ လိုက်၊မဟုတ်ကြောင်းကိုမေး။ 37

၄။ VERB TO HAVE အတွက်မေးခွန်းများ 43

၅။ (perfect) ပြီးမြောက်ကာလ 42

၆။ Verb to Be ရှိသည်/ဖြစ်သည်အကြောင်း။ 54

၇။ Are you + နဲ့ဟုတ်ကြောင်းကိုမေးမြန်းကြမယ်။ 56

၈။ Why အတွက်မေးခွန်းဖြေပုံဖြေနည်း။ 66

၉။ Why အတွက်မေးခွန်းများသီးသန့် 68

၁၀။ Where အတွက်မေးခွန်းဖြေပုံဖြေနည်း။ 71

၁၁။ Where အတွက်မေးခွန်းများသီးသန့် 72

၁၂။ When အတွက်မေးခွန်းဖြေပုံဖြေနည်း။ 76

၁၃။ When အတွက်မေးခွန်းများသီးသန့် 77

၁၄။ How အတွက်မေးခွန်းဖြေပုံဖြေနည်း။ 80

၁၅။ How အတွက်မေးခွန်းများသီးသန့် 82

၁၆။ What အတွက်မေးခွန်းဖြေပုံဖြေနည်း။ 104

၁၇။ What အတွက်မေးခွန်းများသီးသန့် 106

၁၈။ Who အတွက်မေးခွန်းဖြေပုံဖြေနည်း။ 115

၁၉။ Who အတွက်မေးခွန်းများသီးသန့် 118

၂၀။ Which+N အတွက်မေးခွန်းဖြေပုံဖြေနည်း။ 126

၂၁။ Which +N အတွက်မေးခွန်းများသီးသန့် 127

၂၂။ Whose+N အတွက်မေးခွန်းဖြေပုံဖြေနည်း။ 131

၂၃။ Whose +N အတွက်မေးခွန်းများသီးသန့် 132




ဦးအဂ္ဂ (တောင်ငူ) The Best Questions


၂၄။ Modal / Helping / Auxiliary Verb 134

၂၅။ will, would, can, could, shall, should, 135
may, might, must တို့အတွက်မေးခွန်းများ

၂၆။ အဓိန္နပေးတောင်းပန်ဇီကျများ 146

၂၇။ Verb to Be Verb to Do ရော၍ အဓိပ္ပါယ်တူမေးခွန်းများ 149

၂၈။ ကျေးဇူးတင်ပါတယ် စေသည့်မြင့် စကားပြောမှာ 155
အသုံးများသော အသုံးအနှုန်းများ

၂၉။ May I + $V_1^0$ ပါရစေ 162

၃၀။ S + can / could +$V_1^0$ နိုင်/တတ်သည် 162

၃၁။ S+ want to / would like to + $V_1^0$ 163
ချင်သည်/ဆန္ဒရှိသည်၊ လုပ်ချင်/ ပြောချင်သည်၊ (ကိုယ်တိုင်)

၃၂။ S + want (o)to / would like ( o )to + $V1^0$ 163
စေချင်သည်၊ ဖြစ်စေချင်သည် (သူများကို)

၃၃။ S + should / had better + $V_1^0$ သင့်သည်၊ 164

၃၄။ S + make(o) + Adjective အောင်လုပ်သည်၊ 164

၃၅။ S + make(o) + $V_1^0$ စေ/ခိုင်း/စေခိုင်း/အောင်လုပ်သည်၊ 165

၃၆။ Let (o) + $V_1^0$ စေ၊ စို့ ၊ပါရစေ၊

၃၇။ S + dare to / dare + $V_1^0$ 166
ရဲသည်၊ ဝံ့သည်၊ ရဲဝံ့သည်၊ ပြောရက်၊ လုပ်ရက်တယ်။

၃၈။ S + need to + $V_1^0$ လိုအပ်သည် 166

၃၉။ S + can't help + Ving 167
မလုပ်ဘဲ၊ မစားဘဲ၊ မသွားဘဲမနေနိုင်၊

၄၀။ S + be going to + $V_1^0$ လိမ့်မယ်/တော့မယ် 168

၄၁။ S + be able to + $V_1^0$ နိုင်သည်/တတ်နိုင်သည်/နိုင်စွမ်းရှိသည်၊ 168

၄၂။ S + be about to + $V_1^0$ တော့မလို့ 169

၄၃။ S + used to + $V_1^0$ လေ့ရှိခဲ့သည် 169




www.burmeseclassic.com

www.burmeseclassic.com




၄၄။ S + Be used to + Ving / N 170
ကျင့်သားရနေပြီ။ အကျင့်ဖြစ်နေပြီ။ ရိုးနေပြီ။
၄၅။ S + must + $V_1^0$ ရမည် 170
၄၆။ S + Has,Have,Had to + $V_1^0$ ရသည် 171
၄၇။ S+ Seem to + $V_1^0$ / Seem + Adjective. 171
၄၈။ S + taste, sound, get, + Adjective 172
၄၉။ Not because of -----But because of---- 173
ကြောင့်မဟုတ်ပါ —— ကြောင့်ပါ
၅၀။ Not only ---But also---/ Not only --- But --- 174
သာမက ==== လည်းပဲ။ ရုံတင်မက === လည်းပဲ
၅၁။ It's too soon to + $V_1^0$ စောလွန်းတယ်၊ စောသေးတယ်၊ 175
၅၂။ The sooner .......The sooner ....... မြန်မြန်၊ အဆောတလျှင်။ 175
၅၃။ The more ........ The more ...... လေ.....လေ 176
The more ......The less ...... လေလေ....မလေ
၅၄။ S+be+ dying for sth. I'm dying to + $V_1^0$ 178
လုပ်ချင်လွန်းအားကြီးနေပြီ။ တစ်ပိုင်းသေနေပြီ။ ပြင်းပြသောဆန္ဒရှိသည်။
၅၅။ ....so + adjective / adverb + that+1,2 179
လောက်အောင်---ဖြစ်တယ်၊ ခက်တယ်။ လွယ်တယ်။ ပျော်တယ်စသည်---
၅၆။ S+ have a habit of +Ving 180
အကျင့်ပါနေပြီ၊ အကျင့်မရှိဘူး။ ဓါသနာပါတယ်၊ ဓါသနာမပါဘူး။ အလေ့အထရှိတယ်။
၅၇။ S + V + too-adj / adverb to + $V_1 0$ 182
--- လွန်းတယ်။ -- သေးတယ်။ အရမ်း---လွန်းတယ်။
၅၈။ S + be +adj / adverb enough to + $V_1 0$ 182
ကျေနပ်လောက်အောင်၊ လုံလုံလောက်လောက်၊ အလောတော်။
၅၉။ S + V + more than 1,2 183
S + V + more than + N,pron ထက်၊ အောက်၊
၆၀။ S + swear / fail / arrange / intend + to +$V_1 0$ 184







၆၁။ Whether you like it or not 185
အဲ့ဒါကို မင်းကြိုက်ကြိုက် မကြိုက်ကြိုက်
၆၂။ Go to / Go and / Go + $V_1^0$ 186
၆၃။ Come and / Come to / Come + $V_1^0$ 186
၆၄။ Do as you + V 187
၆၅။ It's time to + $V_1 0$ အချိန်ကျပြီ။ အချိန်တန်ပြီ၊ အချိန်ရောက်ပြီ။ 188
၆၆။ It's better to ပိုကောင်းတာပေါ့ဗျာ 188
၆၇။ Be+ shy/desirous/proud to + $V_1 0$ 189
၆၈။ Hardly, rarely, scarcely, seldom 190
ပြောခဲ-လုပ်ခဲ-ဒိုခဲ-ရန်ဖြစ်ခဲပါတယ်-အနိုင်နိုင်။
၆၉။ It's + hard/nice/necessary to + $V_1 0$ 190
၇၀။ ယဉ်ယဉ်ကျေးကျေးဖိတ်ကြားချက်တစ်ရပ်ကိုအသုံးပြုပုံ 191
Would you like + N ----?
၇၁။ Would you like + Ving ----? 192
၇၂။ I'm sure to + $V_1 0$ သေချာတယ်။ 192
၇၃။ I'm not sure how/where/when/whether/what 193
၇၄။ Be +astonished to + $V_1 0$ / that + 1,2 194
၇၅။ To + $V_1 0$ လုပ်ဖို့ လုပ်ရန်။ 195
၇၆။ အမိန့်ပေးပုံ၊ တောင်းပန်ပုံများ။ 196
၇၇။ Please + $V_1 0$ ယဉ်ကျေးဖွယ်ရာမှာပြုလုပ်ရန်တောင်းပန်ခိုင်းသုံး။ 197
၇၈။ Please don't + $V_1 0$ မလုပ်ရန် တောင်းပန်ပုံ 197
၇၉။ BE + N နဲ့ အမိန့်ပေး/တောင်းပန်ပုံ 198
၈၀။ Be + Place အမိန့်ပေး/တောင်းပန်ပုံ 200
၈၁။ BE + Ved /en ( past participle ) 201
အမိန့်ပေး/ တောင်းပန်ပုံ
၈၂။ BE + Adjective အမိန့်ပေး/တောင်းပန်ပုံ 202




www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၇၃။ | ဝါကျ နှစ်ကြောင်း၊ သုံးကြောင်း၊ ရေးပုံ ရေးနည်း၊ ပြောပုံ ပြောနည်းများ။ | 206 |
| ၇၄။ | Subordinating Conjunctions | 209 |
| | (Complex Sentences အတွက်မှီခိုစကားဆက်များ။) | |
| ၇၅။ | Coordinating Conjunctions | 219 |
| | (Compound Sentences အတွက်-ပေါင်းစပ်စကားဆက်များ။) | |
| ၇၆။ | HRASE PREPOSITION ( စကားစုတွဲဝိဘတ် ) | 224 |
| ၇၇။ | PARTICIPAL PREPOSITION | 224 |
| | ( ဖြစ်ဆဲပြ/အနေအထားပြဝိဘတ် ) | |
| ၇၈။ | Only Interview Questions | 229 |
| ၇၉။ | Proverbs -စကားပုံများ။ | 259 |
| ၈၀။ | Five precepts - ငါးပါးသီလအကြောင်း။ | 282 |
| ၈၁။ | THE TEACHING (ဒေသနာ) | 283 |
| ၈၂။ | မေတ္တာသုတ်ရွတ်ပွားပုံလက်ခံဆောင်ပုဒ်များ။ | 284 |
| ၈၃။ | CONCENTRATION ON LOVING KINDNESS | 285 |
| | မေတ္တာ ဘာဝနာ စီးဖျန်း ပွားများပုံ။ | |
| ၈၄။ | တရားရှုပွားအားထုတ်ရန်ကျင့်စဉ်လက်သံပေါက်များ | 287 |
| ၈၅။ | မတ်ဘုရားနှင့် တရား သံဃာ မိဘ ဆရာ အနန္တ ငါးပြာ | 290 |
| | ကိုးကွယ်အားထားရာအစစ်ပါ။ | |
| ၈၆။ | ဒါန သီလ ဘာဝနာ ကျင့်စဉ်သုံးပြာ နေ့တိုင်းမှန်စွာ | 290 |
| | ကျင့်ကြံအားထုတ်ရမည့်တရားပါ။ | |
| ၈၇။ | "THE FOUR NOBLE TRUTHS" | 290 |
| | သစ္စာလေးပါး မြတ်တရား | |
| ၈၈။ | "EXPLANATION OF EACH BLESSING" | 291 |
| | သုံးဆယ့်ရှစ်ပြာ မင်္ဂလာ | |





အင်္ဂလိပ်စာကို လေ့လာမယ်ဆိုရင် အရင်ဆုံး သူတို့လူမျိုးတွေ မပြောမဖြစ် ပြောနေကြတဲ့ Thank you.ကျေးဇူးတင်ပါတယ်၊ Sorry. စိတ်မကောင်းပါဘူး၊ဝမ်းနည်းပါတယ်စသည်ဖြင့် နေ့စဉ်သုံး စကားတွေကို ဘယ်နေရာရောက်ရောက် သုံးနိုင်အောင် ပြောနိုင်အောင် နှုတ်အကျင့်ရအောင် လုပ်ထားပါ။ယဉ်ကျေးမှုအရလူမှုဆက်ဆံရေးနယ်ပယ်မှာအသုံးတည့်လာပါလိမ့်မယ်။

ဆိုကြပါစို့...... သူက ကူညီပေမယ့် အဲ့ဒီလူကို ကိုယ့်ထက်နိမ့်ကျလို့ ဘဝင်မကျလို့ အမြင်ကတ်လို့ ကျေးဇူးမတင်ချင်လို့ Thank you. ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို မပြောဘူး ဆိုရင် မပြောတဲ့သူက ရိုင်းရာကြမယ်။ လူမှုရေးမသိတတ်ရာရောက်မယ်။ စိတ်ထဲကပါပါ မပါပါ ဒီစကားကို ပြောဖို့ ကြိုးစားကြည့်ပါ။ နောက်တစ်ခု ကိုယ်နဲ့သိတဲ့ လူတစ်ယောက် တစ်ခုခုတစ်ခု ဖြစ်ရင် ဒုက္ခရောက်နေရင် ဝမ်းနည်းစရာတွေနဲ့ ကြုံနေရင် သူဖြစ်တဲ့ အဖြစ်အပျက်ပေါ်မှာ ကိုယ့်ရင်ထဲက ပျော်နေရင်း ဝမ်းသာနေရင်တောင် Sorry. စိတ်မကောင်းပါဘူး ဆိုတဲ့စကားကို ပြောနိုင်အောင် ကြိုးစားပေးပါ။ လူမှုဆက်ဆံရေးနယ်ပယ်မှာ လူရာဝင်လာပါလိမ့်မယ်။ လူယဉ်ကျေးလေးတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

Good morning. မင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good morning all of you. အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good morning everyone. အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good moring everybody. အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။
(ည-၁၂-နာရီထိုးပြီးကနေနောက်နေ့နံနက်-၁၂-နာရီမထိုးခင်အထိဒါကိုသုံးနိုင်ပါတယ်။)

Good afternoon. မင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။
Good afternoon all of you. အားလုံးမင်္ဂလာနေ့လည်ခင်းပါခင်ဗျာ။
Good afternoon everyone. အားလုံးမင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။
Good afternoon everybody. အားလုံးမင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။
(နေ့လယ်၁၂နာရီထိုးပြီးကနေညနေ၄၅-နာရီမထိုးခင်လောက်အထိ၊နေရာဒေသလိုက်၍သုံးကြပါ။)

Good evening. မင်္ဂလာညနေခင်းပါခင်ဗျာ။
Good evening all of you. အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



Good evening everyone. အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။
Good evening everybody. အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။
(၄-နာရီကျော်ကျော်လောက်ကနေညာ ၂-နာရီအထိသုံးပါ။)

Good night. မင်္ဂလာညချမ်းပါခင်ဗျာ။

ဒီနှုတ်ဆက်ခြင်းကိုတော့ ခွဲခွာတဲ့အခါ တစ်ခုတည်းမှာသာသုံးပါ။ တစ်ဦးနဲ့တစ်ဦး တွေ့ရင် ဒီစကားကို နှုတ်မဆက်မိစေဖို့ အရေးကြီးသည်။ အချိန်ကန့်သတ်ခြင်းအားဖြင့်ပြောရရင် နေ့ည ရယ်လို့ မဆိုလို နေ့ခင်းမှာလည်း သုံးနိုင်ပါသည်။ ဆိုကြပါစို့ ရုံးဆင်းချိန်ဆိုပါတော့ တကယ်တန်းဆို ညနေပဲရှိသေးတယ်။ ဒီနေ့မှာ အဲ့ဒီလူနဲ့ ကိုယ်နဲ့ထပ်တွေ့စရာမရှိတော့ဘူးလို့ယူဆရင်နေ့ခင်းဖြစ်နေပါစေ Good night.ဆိုတဲ့အသုံးအနှုန်းကိုပြောနိုင်ပါတယ်။ တစ်ချို့ဆို မွေးနေ့ပွဲလေးကို ညချမ်းအချိန်အခါ ည(၇)နာရီ (၈)နာရီလောက်မှ ကျင်းပကြတော့ မိုးချုပ်လို့ ညဘက်ရောက်နေပြီလေ ဗိုလ်တောထဲမှာဆိုတော့လည်း သူ့ကိုအများတကာ အထင်ကြီးစေချင်တော့ မွေးနေ့ရှင်ကိုတွေ့တွေ့ချင်းအင်္ဂလိပ်လို Good night.လို့ပြောလိုက်တော့တာပေါ့။Good night.ဆိုတာ ပြန်တော့မယ်နော် ကောင်းသောညလေးဖြစ်ပါစေလို့ ကောင်းချီးပေး ဆုတောင်းလိုက်တဲ့ သဘောလေးမျှသာပါ။ ကိုယ်ကမွေးနေ့ပွဲလေးကိုပျော်ပျော်ပါးပါးဆင်နွှဲဖို့ရောက်လာတာရောက်ရောက်ချင်းGood night.ဆိုတော့ သိတဲ့လူတွေအတွက် ရယ်စရာကြီးဖြစ်နေတယ်။ ဒါတွေကို မလိုအပ်ပေမယ့် သိထားစေချင်လို့ အခုလို ရေးထည့်ပေးလိုက်ရတာပါ။သတိထားပြောစေချင်ပါတယ်။

How are you this morning? ( afternoon/ evening?)
ဒီမနက်နေကောင်းပါသလား။

ဒီနံနက် ဘယ်လိုနေပါသလဲ၊ နေကောင်းရဲ့လားလို့မေးလိုက်တာပါ။ ဒါပေမယ့် လူတွေတော်တော်များများကတော့ Yes, နဲ့ပြန်ဖြေကြတယ်။ဟုတ်ကဲ့၊နေကောင်းပါတယ်၊ဟုတ်ကဲ့ဆိုတာ Yes နဲ့တူနေတော့မှားတော့တာပေါ့။ W/H မေးခွန်းတွေမှန်ရင်Yes,Noနဲ့ဘယ်တော့မှပြန်မဖြေရဘူးမှတ်ပါ။သတိပြုပါမှားတတ်သည်။

Fine. Thank you. And you?
နေကောင်းပါတယ်။ကျေးဇူးတင်ပါတယ်။ခင်ဗျားကောဘယ်လိုလဲနေကောင်းရဲ့လား။
I'm too. Thank you. ကျွန်တော်လည်းကောင်းပါတယ်။ကျေးဇူးတင်ပါတယ်။





Nice to see you. တွေ့ရတာဝမ်းသာပါတယ်။
Nice to meet you. တွေ့ရတာဝမ်းသာပါတယ်။

Glad to see you. တွေ့ရတာဝမ်းသာပါတယ်။
Glad to meet you. တွေ့ရတာဝမ်းသာပါတယ်။

Happy to see you. တွေ့ရတာဝမ်းသာပါတယ်။
Happy to meet you. တွေ့ရတာဝမ်းသာပါတယ်။
Good to see you. တွေ့ရတာဝမ်းသာပါတယ်။
Good to meet you. တွေ့ရတာဝမ်းသာပါတယ်။

Delighted to see you. တွေ့ရတာဝမ်းသာပါတယ်။
Delighted to meet you. တွေ့ရတာဝမ်းသာပါတယ်။

Pleased to see you. တွေ့ရတာဝမ်းသာပါတယ်။
Pleased to meet you. တွေ့ရတာဝမ်းသာပါတယ်။

အထက်ကသူပြောတဲ့စကားအတိုင်းပြန်ဖြေပေးပါ။နောက်မှာtooကိုထပ်ထည့်ပေးရုံပါပဲ။

Nice to see you too. ကျွန်တော်လည်းပဲခင်ဗျားကိုတွေ့ရတာဝမ်းသာပါတယ်။
Nice to meet you too. ကျွန်တော်လည်းပဲခင်ဗျားကိုတွေ့ရတာဝမ်းသာပါတယ်။
Me too. ကျွန်တော်လည်းပဲတွေ့ရတာဝမ်းသာပါတယ်။

Firstly, I apologize to forgive me if I make mistake because my English is so weak but I'm going to speak as much as I can.
ကျွန်တော့်အင်္ဂလိပ်စာညံ့တဲ့အတွက်ကြောင့်အမှားပါရင်ခွင့်လွှတ်ဖို့ဦးစွာပထမတောင်းပန်ချင်ပါတယ်။ ဒါပေမယ့်အစွမ်းကုန်ကြိုးစားပြီးပြောကြည့်ပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



May I introduce myself?
ကိုယ်တိုင်ပဲမိတ်ဆက်ပါရစေဗျာ။
I'm Aung Kyaw Moe.
ကျွန်တော်အောင်ကျော်မိုးဖြစ်ပါတယ်။

**အစ်မလေ့ကျင့်လို့ရအောင် လွယ်ကူသော အမေး အဖြေအတွက် မေးခွန်းတွေကို အနည်းငယ် မေးကြည့်၊ ဖြေကြည့်ကြရအောင်ပါ။**

How old are you?
မင်းအသက်ဘယ်လောက်ရှိပြီလဲ။
I am 40 years old.(or) I'm fourty.
ကျွန်တော့်အသက်လေးဆယ်ဖြစ်ပါတယ်။

May I know your father's name?
မင်းအဖေရဲ့နာမည်ကိုသိပါရစေ။
My father is U San Tin. He is U San Tin. His name is U San Tin.
ကျွန်တော့်အဖေကဦးစံတင်ဖြစ်ပါတယ်။

What's your mother's name?
မင်းအမေနာမည်ကဘာလဲ။
My mother is Daw Kyi Shwe. Her name is / She is Daw Kyi Shwe.
ကျွန်တော့်အမေကဒေါ်ကြည်ရွှေဖြစ်ပါတယ်။

How many brothers and sisters do you have?
မင်းမှာညီအစ်ကိုမောင်နှမဘယ်နှစ်ယောက်ရှိပါသလဲ။
I have one elder brother, one elder sister and four younger brothers.
ကျွန်တော့်မှာအစ်ကိုတစ်ယောက်အစ်မတစ်ယောက်နဲ့ညီလေးယောက်ရှိပါတယ်။





Are you happy to attend in this class?
မင်းဒီသင်တန်းမှာတက်ရတာပျော်ပါသလား။
Yes, I'm happy to attend in this class.
ဟုတ်ကဲ့၊ကျွန်တော်ဒီသင်တန်းမှာတက်ရတာပျော်ပါတယ်။

Where do you live?
မင်းဘယ်မှာနေပါသလဲ။
I live in South Okkalapa.
ကျွန်တော်တောင်ဥက္ကလာပမှာနေပါတယ်။

Where were you born?
မင်းဘယ်မှာမွေးပါသလဲ။
I was born in Taungoo.
ကျွန်တော်တောင်ငူမှာနေပါတယ်။

Why do you attend English speaking class?
မင်းဘာ့ကြောင့်အင်္ဂလိပ်စကားပြောသင်တန်းတက်တာလဲ။
I attend English speaking class because I want to improve my English speaking power.
ကျွန်တော့်အင်္ဂလိပ်စကားပြောစွမ်းရည်တိုးတက်ချင်လို့သင်တန်းလာတက်တာပါ။

When do you get up in the morning?
မင်းမနက်မှာဘယ်အချိန်အိပ်ရာထပါသလဲ။
I get up in the morning round about 5 o'clock.
၅-နာရီလောက်မှာမနက်တိုင်းအိပ်ရာထပါတယ်။
I get up at five o'clock in the morning.
၅-နာရီမှာမနက်တိုင်းအိပ်ရာထပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



Who is your favourite vocalist?
မင်းရဲ့အကြိုက်ဆုံးအဆိုတော်ကဘယ်သူလဲ။
My favourite vocalist is Lay Phyu.
Lay Phyu is my favourite vocalist.
ကျွန်တော့်ရဲ့အကြိုက်ဆုံးအဆိုတော်ကလေးဖြူဖြစ်ပါတယ်။

How should I attempt to be skillful in English speaking?
အင်္ဂလိပ်စကားပြောကိုကျွမ်းကျင်ဖို့ဘယ်လိုကြိုးစားသင့်ပါသလဲ။
You should attempt to be skillful in English speaking by making a pair-talking with everyone, making a talk-show in front of the class and asking a lot of questions.
လူတိုင်းနဲ့နှစ်ယောက်တစ်တွဲပြောဆိုခြင်း၊အတန်းရှေ့မှာထွက်ပြောခြင်း၊မေးခွန်းတွေများများမေးခြင်းဖြင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်ဖို့မင်းကြိုးစားသင့်ပါတယ်။

ဒီအမေး အဖြေများသည် နမူနာပုံစံ ပေးရုံသာ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းတွေနဲ့ အဖြေတွေကို သဘောကျချင်ကျမယ်။ အဲ့ဒါ အဓိကမဟုတ်ပါဘူး။ အောက်မှာ မေးခွန်းတွေကို သူ့ကြိယာနဲ့သူ ကဏ္ဍအလိုက် ခွဲခြား၍ အင်္ဂလိပ်စာ လေ့လာလိုက်စားသူများ အားလုံး အဆင်ပြေစေဖို့ တင်ပြထားပါတယ်။ **လားမေးခွန်းအတွက် အဖြေပုံသေ၊ လဲမေးခွန်းအတွက် အဖြေတစ်ဝက်ကိုလည်း** အင်္ဂလိပ်စာ လေ့လာလိုက်စားနေကြတဲ့သူတွေ ဘယ်လိုဖြေရမလဲဆိုတာ ကောင်းကောင်း သဘောမပေါက်တော့ ခက်တယ်လို့ ထင်နေကြတယ် သိပ်မခက်လှပါဘူး။ ဆက်လေ့လာ ကြည့်လိုက်ပါဦး။





## VERB TO DO ( Action Verb)

သွားသည်၊လာသည်၊စားသည်၊နေသည်၊ထိုင်သည်စသည်ဖြင့်ပြုမှုလှုပ်ရှားသောကြိယာကို (Verb to Do) Action Verb ဟုခေါ်ပါသည်။ဒီအခန်းကဏ္ဍသည်ကြိယာများအကြောင်းကို သင်ကြားလေ့လာတာ ဖြစ်တဲ့အတွက်ကြောင့် ကြိယာများကို များများရအောင် လေ့လာ ကျက်မှတ်ပါ။

1- Simple Present Tense - ရိုးရိုးပစ္စုပ္ပန်ကာလ။
do - (အများ) does - (အနည်း)

2- Simple Past Tense - ရိုးရိုးအတိတ်ကာလ။
did - (အနည်း/အများသီးသန့်မရှိ)

3- Simple Future Tense - ရိုးရိုးအနာဂတ်ကာလ။

| | | |
|---|---|---|
| will | would | |
| shall | should | |
| can | could | + do (အနည်း/အများသီးသန့်မရှိ) |
| may | might | |
| must | must | |

**အောက်ဖော်ပြပါ ဇယားကွက်နှင့် စကားလေးခွန်းကို အရင်ကျက်မှတ်ပြီးမှ ကျန်တာ တွေကို ဆက်လက်လေ့လာပါ။ ဒီကြိယာနဲ့ပတ်သက်တာ အားလုံး အလွယ်တကူ နားလည်လာ လိမ့်မယ်။ အမြဲတမ်းအတွက် ဒီလေးတွေ ကျက်မှတ်ရတာ ဘယ်လောက်မှ မများဘူးနော်။**

| နှစ်မျိုးလုံး | စာရေးရင် | စကားပြောရင် |
|---|---|---|
| do | do not | don't |
| does | does not | doesn't |
| did | did not | didn't |
| will do | will not do | won't do |



www.burmeseclassic.com

www.burmeseclassic.com



( 1 ) You speak English. မင်းအင်္ဂလိပ်စကားပြောတယ်။
( 2 ) You don't speak English. မင်း အင်္ဂလိပ်စကား မပြောဘူး။
( 3 ) Do you speak English? မင်း အင်္ဂလိပ်စကား ပြောသလား။
( 4 ) Don't you speak English? မင်း အင်္ဂလိပ်စကား မပြောဘူးလား။

ရိုးရိုးမေးခွန်း၊မြန်မာလို(လား)နဲ့ဆုံးတဲ့မေးခွန်း၊Yes,No နဲ့ဖြေလို့ရသော3,4 နှင့် ကြိုက်နှစ်သက်ရာမေး။

ဟုတ်တဲ့အကြောင်းကိုပြောချင်/ရေးချင်ရင်=Yes,+1

မဟုတ်တဲ့အကြောင်းကိုပြောချင်/ရေးချင်ရင်=No,+2

ဒီမေးခွန်း နှစ်ခွန်းထဲက ကြိုက်နှစ်သက်ရာနဲ့မေး အဖြေသည် ပုံသေဖြစ်ပါတယ်။ ဟုတ်တာနဲ့မေးလို့ ဟုတ်ပါတယ်လို့ ပြန်ဖြေစရာမလိုပါ။ မဟုတ်တာနဲ့ မေးလို့ မဟုတ်ပါဘူးလို့ ပြန်ဖြေစရာမလိုပါဘူး။ ကိုယ့်သဘော အတိုင်း ဒီအဖြေနှစ်ခုထဲက တစ်ခုတစ်ခုကို ပြန်ဖြေနိုင်ပါတယ်။ ဒါပေမယ့်W/H မေးခွန်း(ခေါ်)လားမေးခွန်းတွေကတော့ဟုတ်တာနဲ့မေးရင်ဟုတ်တာနဲ့ပြန်ဖြေ မဟုတ်တာနဲ့ မေးရင် မဟုတ်တာနဲ့ ပြန်ဖြေရတာကို သတိထားစေချင်ပါတယ်။ ဒီအတွက် တစ်နေရာမှာ ဥပမာ ပြထားလိမ့်မည်။ အောက်မှာ ရိုးရိုးမေးခွန်းတွေ မေးထားလိမ့်မယ်။ လေ့ကျင့်ကြည့်ပါ။

Q: Do you come here? မင်းဒီကို လာတာလား။
A: Yes, I come here. ဟုတ်ကဲ့, ကျွန်တော် ဒီကို လာတာပါ။
No, I don't come here. ဟင့်အင်း, ကျွန်တော် ဒီကို လာတာမဟုတ်ဘူး။
Yes, I do. ဟုတ်တယ်,ဒီကိုလာတာ။
No, I don't. ဟင့်အင်း,ဒီကိုလာတာမဟုတ်ဘူး။

Q: Do you speak English everyday?
မင်းနေ့စဉ် အင်္ဂလိပ်စကား ပြောပါလား။
A: Yes, I speak English everyday.
ဟုတ်ကဲ့, ကျွန်တော် နေ့စဉ် အင်္ဂလိပ်စကား ပြောပါတယ်။





No, I don't speak English everyday.
ဟင့်အင်း, ကျွန်တော် နေ့စဉ် အင်္ဂလိပ်စကား မပြောပါဘူး။
Yes, I do. ဟုတ်တယ်,ပြောပါတယ်။
No, I don't. ဟင့်အင်း,မပြောပါဘူး။

Q: Do you watch T.V everynight?
မင်း ညစဉ် တီဗီကြည့်ပါသလား။

A: Yes, I watch T.V everynight.
ဟုတ်ကဲ့, ကျွန်တော် ညစဉ် တီဗီကြည့်ပါတယ်။
No, I don't watch T.V everynight.
ဟင့်အင်း, ကျွန်တော် ညစဉ် တီဗီ မကြည့်ပါဘူး။
Yes, I do. ဟုတ်တယ်,ကြည့်ပါတယ်။
No, I don't. ဟင့်အင်း,မကြည့်ပါဘူး။

Q: Don't you believe them?
မင်း သူတို့ကို မယုံဘူးလား။

A: Yes, I believe them.
ဟုတ်ကဲ့, ကျွန်တော် သူတို့ကို ယုံပါတယ်။

No, I don't believe them.
ဟင့်အင်း, ကျွန်တော် သူတို့ကို မယုံဘူး။

Yes, I do. ဟုတ်တယ်,ယုံပါတယ်။
No, I don't. ဟင့်အင်း,မယုံဘူး။



www.burmeseclassic.com

www.burmeseclassic.com



Q: Don't you like it? မင်းအဲ့ဒါကိုမကြိုက်ဘူးလား။

A: Yes, I like it. ဟုတ်ကဲ့, ကျွန်တော် အဲ့ဒါကို ကြိုက်ပါတယ်။
No, I don't like it. ဟင့်အင်း, ကျွန်တော် အဲ့ဒါကို မကြိုက်ဘူး။
Yes, I do. ဟုတ်တယ်,ကြိုက်ပါတယ်။
No, I don't. ဟင့်အင်း,မကြိုက်ဘူး။

**မှတ်ချက်**

အောက်ဖော်ပြပါမေးခွန်းများသည်ရိုးရိုးမေးခွန်း၊လား၊မေးခွန်း၊ Yes,Noနှင့်ဖြေလို့ရသောမေးခွန်းများ ဖြစ်ပါသည်။ဒီမေးခွန်းများရဲ့အဖြေသည်အပေါ်ကပုံစံအတိုင်းပုံသေဖြစ်ပါသည်။ဟုတ်တယ်/မဟုတ်ဘူး နှစ်ခုကို မိမိနှစ်သက်ရာ ရွေးချယ်ဖြေဆိုပါ။

***Do you+$V_1^{o}$ လိုက်၊(ဟုတ်ကြောင်းကိုမေးတယ်၊ဟုတ်သလားလို့မေးတယ်၊)***

Do you speak English everyday?
မင်း နေ့စဉ်အင်္ဂလိပ်စကားပြောသလား။

Do you attend English speaking class?
မင်း အင်္ဂလိပ်စကားပြောသင်တန်းတက်ပါသလား။

Do you attend another class for English speaking?
မင်း တစ်ခြားအင်္ဂလိပ်စကားပြောသင်တန်းတွေ တက်ပါသေးသလား။

Do you watch T.V everynight?
ညစဉ် တီဗွီကြည့်ပါသလား။





Do you want to go abroad?
မင်း နိုင်ငံခြားသွားချင်ပါသလား။

Do you take meditation everyday?
ခင်ဗျား နေ့စဉ်တရားထိုင်ပါသလား။

Do you count beats everynight?
ခင်ဗျား ညစဉ်ပုတီးစိပ်ပါသလား။

Do you have a lover?
မင်းမှာ ချစ်သူရှိပါသလား။

Do you have a sweet-heart?
မင်းမှာ ရည်းစား ရှိပါသလား။

Do you recite paritta and patthana everynight?
ခင်ဗျား ပရိတ်ကြီးနှင့် ပဋ္ဌာန်းကို ညစဉ်ရွတ်ဆိုပါသလား။

Do you dare to speak English everywhere?
နေရာတိုင်းမှာ အင်္ဂလိပ်စကား ပြောရဲပါသလား။

Do you love to speak English everytime?
အချိန်တိုင်းမှာ အင်္ဂလိပ်စကားပြောရတာကို နှစ်သက်ပါသလား။

Do you like to help other people?
တခြားလူတွေကို ကူညီရတာ နှစ်သက်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you admire the promise given your life?
မင်းဘဝမှာ ပေးပြီးသားကတိကို တန်ဖိုးထားပါသလား။

Do you love the people who are making believe?
ခင်ဗျား ဟန်ဆောင်တဲ့သူတွေကို နှစ်သက်သဘောကျပါသလား။

Do you pay respect to your parents everynight before in bed?
အိပ်ရာမဝင်ခင် မိဘတွေကို ညစဉ်ရှိခိုးအိပ်ပါသလား။

Do you content like this if you are satisfied in your life?
မင်းဘဝမှာ ကျေနပ်တယ်ဆိုရင် ဒီလိုပဲ ရောင့်ရဲတင်းတိမ်နေသလား။

Do you like even if I polish an apple upon you?
မင်းအပေါ် ငါက တစ်ချိန်လုံး ဖားနေရင် သဘောကျပါသလား။

Do you love naughty girls?
ချွဲနွဲ့တတ်တဲ့ မိန်းကလေးတွေကို ချစ်ခင်နှစ်သက်ပါသလား။

Do you have a dream your parents' gratitude?
မင်း မိဘတွေရဲ့ကျေးဇူးတရားတွေကို တွေးတောစိတ်ကူး ဖူးပါသလား။

Do you have any idea to pay back your parents' benefit?
မင်းမိဘတွေရဲ့ကျေးဇူးတရားတွေကို ပြန်ဆပ်ဖို့စိတ်ကူးရှိပါသလား။

Do you like to dance?
မင်း ကရတာ၊ ကြိုက်နှစ်သက်ပါသလား။





Do you like to sing the song?
မင်း သီချင်းဆိုရတာကို ကြိုက်နှစ်သက်ပါသလား။

Do you read a lot?
စာဖတ်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you take exercise for your health everyday?
မင်းကျန်းမာရေးအတွက် နေ့စဉ် လေ့ကျင့်ခန်း လုပ်ပါသလား။

Do you have sensitive mind? Are you sensitive?
မင်း စိတ်ဆတ်ပါသလား။ စိတ်တိုလွယ်ပါသလား။

Do you have a cat?
မင်းမှာ ကြောင် ရှိပါသလား။

Do you like to read cartoon?
မင်း ကာတွန်းဖတ်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you like reading novels?
မင်းဝတ္ထုစာအုပ်တွေဖတ်ရတာကိုနှစ်သက်ပါသလား။

Do you play football every evening?
ခင်ဗျား ညနေတိုင်း ဘောလုံးကန်ပါသလား။

Do you like to play TV game?
တီဗီဂိမ်းကစားရတာ နှစ်သက်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you desire to work for your living?

မင်း ဘဝရပ်တည်ဖို့အတွက် အလုပ်လုပ်ဖို့ ဆန္ဒရှိပါသလား။

Do you think English is easy and simple?

မင်း အင်္ဂလိပ်စာ လွယ်ကူ ရှင်းလင်းတယ်လို့ ထင်ပါသလား။

Do you have a passport to visit or work abroad?

မင်း နိုင်ငံခြားမှာ အလုပ်လုပ်ဖို့၊ အလည်သွားဖို့ နိုင်ငံကူးလက်မှတ် ရှိပါသလား။

Do you usually cry whenever you feel sad?

မင်း ဝမ်းနည်းတဲ့အခါတိုင်း ငိုလေ့ရှိပါသလား။

Do you accept Time and Tide waits for no man?

မင်း အချိန်နှင့်ဒီရေသည် လူကို မစောင့်ဆိုတာ လက်ခံပါသလား။

Do you want to become a rich one?

မင်း လူချမ်းသာ တစ်ယောက်ဖြစ်ချင်ပါသလား။

Do you want to be good son or daughter?

မင်း သား/သမီး လိမ္မာလေး ဖြစ်ချင်ပါသလား။

Do you have an idea to pay back your parents' gratitude?

မင်း မိဘကျေးဇူးကို ပြန်ဆပ်ဖို့ စိတ်ကူးရှိပါသလား။

Do you think you'll be rich in future?

မင်း အနာဂတ်မှာ ချမ်းသာမယ်လို့ ထင်ပါသလား။





Does anyone have true love?

လူတိုင်းမှာ အချစ်စစ်ဆိုတာ ရှိပါသလား။

Do you accept if you are attractive?

မင်းက ဆွဲဆောင်မှုရှိတယ်ဆိုရင် လက်ခံပါသလား။

Do you accept if someone points out your fault?

မင်းအမှားကို တစ်ယောက်ယောက်က ထောက်ပြရင် လက်ခံပါသလား။

Do you usually participate in religious affairs?

ဘာသာရေး ကိစ္စတွေမှာ ခင်ဗျားပါဝင်ဆောင်ရွက်လေ့ရှိပါသလား။

Do you usually take part in social affairs?

မင်း လူမှုရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်လေ့ရှိပါသလား။

Do you think you'll be successful whatever you do in your life?

မင်းဘဝမှာ ဘာပဲလုပ်လုပ် အောင်မြင်မယ်လို့ မင်းထင်ပါသလား။

Do youagree you must speak a lot if you wish to increase your English?

မင်းရဲ့အင်္ဂလိပ်စာ တိုးတက်ချင်ရင် အင်္ဂလိပ်စကား များများပြောရမယ်ဆိုတာ လက်ခံပါသလား။

Do you realize yourself that you have interesting style?

မင်းမှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ စတိုင်လေးရှိတယ်ဆိုတာ မင်းကိုယ်တိုင်ကောသိရဲ့လား။

Do you like going shopping at the weekend?

စနေ၊ တနင်္ဂနွေ ဆိုရင် ဈေးဝယ်ထွက်ရတာကို ကြိုက်နှစ်သက်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you like smoking sometimes?
တစ်ခါတစ်ရံ ဆေးလိပ်သောက်ရတာကို နှစ်သက်ပါသလား။

Do you like criticizing about others?
အခြားလူတွေကို ဝေဖန်ရတာ ကြိုက်နှစ်သက်ပါသလား။

Do you have any method to succeed for your life?
မင်းဘဝအတွက် အောင်မြင်ဖို့ နည်းလမ်းတွေရှိပါသလား။

Do you believe past and future life?
မင်း ရှေ့ဘဝ၊ နောက်ဘဝတွေကို ယုံကြည်ပါသလား။

Do you like walking in rainy day without umbrella?
မိုးရွာထဲမှာ ထီးမပါဘဲ လမ်းလျှောက်ထွက်ရတာ ကြိုက်နှစ်သက်ပါသလား။

Do you like looking at the stars in the sky sometimes?
တစ်ခါတရံ ကောင်းကင်ကြီးကို မော့ကြည့်ပြီး ကြယ်လေးတွေကိုကြည့်ရတာ သဘောကျပါသလား။

Do you think that love is essential for human?
လူသားတွေအတွက် အချစ်ဟာ တကယ်အရေးကြီးတယ်လို့ ထင်ပါသလား။

Do you like answering any questions whoever asks you?
ဘယ်သူကမေးမေး မေးခွန်းတိုင်းကို ဖြေကြားချင်ပါသလား။

Do you accept the time goes on regularly?
အချိန်တွေဟာ တရွေ့ရွေ့ကုန်ဆုံးနေတာကို သင်လက်ခံပါသလား။





Do you agree the time flies quickly?
အချိန်တွေ ကုန်လွယ်တယ်ဆိုတာ သင် လက်ခံပါသလား။

Do you pay respect to the elders daily?
မင်း နေ့စဉ် ဂုဏ်ဝါကြီးသူတွေကို ကန်တော့ပါသလား။

Do you use an alarm clock to wake up early-morning?
မင်း နံနက်တိုင်း စောစောအိပ်ရာထဖို့ နိုးစက်ကို အသုံးပြုပါသလား။

Do you like romance movie?
မင်း အချစ်ဇာတ်လမ်းလေးတွေကို ကြိုက်နှစ်သက်ပါသလား။

Do you understand English language easily?
ခင်ဗျား အင်္ဂလိပ်ဘာသာကို လွယ်လွယ်ကူကူ နားလည်ပါသလား။

Do you think that English language is very easy?
အင်္ဂလိပ်ဘာသာဟာ လွယ်ကူတယ်လို့ သင် ထင်ပါသလား။

Do you like fruits?
မင်း သစ်သီးတွေကို ကြိုက်နှစ်သက်ပါသလား။

Do you like pickled-tea slad?
ခင်ဗျား လက်ဖက်သုပ် ကြိုက်နှစ်သက်ပါသလား။

Do you like Shan noodle for breakfast?
နံနက်စာအတွက် ရှမ်းခေါက်ဆွဲကို ကြိုက်နှစ်သက်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you like taking meditation?
မင်း တရားထိုင်ရတာကို ကြိုက်နှစ်ပါသလား။

Do you believe easily if the strangers who you haven't seen say something?
မင်း မမြင်ဖူးတဲ့ သူစိမ်းတွေ တစ်ခုခုပြောလာရင် လွယ်လွယ်နဲ့ယုံကြည်တတ်ပါသလား။

Do you attend the University supported by your parents?
မင်း မိဘတွေရဲ့ အထောက်အပံ့နဲ့ တက္ကသိုလ်တက်တာလား။

Do you have idea to attend computer class?
မင်း ကွန်ပျူတာသင်တန်းတက်ဖို့ စိတ်ကူးရှိပါသလား။

Do you read a book (or) sing a song when you don't feel satisfied?
မင်းစိတ်ညစ်တဲ့အခါ စာဖတ်တာလား။ ဒါမှမဟုတ် သီချင်းဆိုတာလား။

Do you agree that everybody has attraction?
လူတိုင်းမှာ ဆွဲဆောင်မှုရှိတာ မင်းလက်ခံပါသလား။

Do you apply for visa yourself (or) with agence?
မင်းဗီဇာလျှောက်တော့ ကိုယ်တိုင်လား၊ ကိုယ်စားလှယ်နဲ့ လုပ်တာလား။

Do you ever listen to the radio?
ရေဒီယို မကြာခဏ နားထောင်ပါသလား။

Do you believe the ghosts are told really?
တစ္ဆေသရဲရှိတယ်ဆိုတာမင်းယုံပါသလား။





Do you like listening to classical music?
ခင်ဗျားဂန္တဝင်သီချင်းတွေကိုနားထောင်ရတာနှစ်သက်ပါသလား။

Do you feel sad when you are unhappy?
မင်း မပျော်တဲ့အခါ ဝမ်းနည်းတတ်ပါသလား။

Do you snore when you have a nap?
ခင်ဗျားအိပ်တဲ့အခါဟောက်တတ်ပါသလား။

Do you usually ask palmist if you are going to work?
မင်းအလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် ဗေဒင် မေးလေ့ မေးထရှိပါသလား။

Do you accept love is based on attachment?
အချစ်ဟာ သံယောဇဉ်အပေါ်မှာ အခြေခံတယ်ဆိုတာ ဟုတ်ပါသလား။

Do you accept that tolerance can overwhelm everything?
သည်းခံခြင်းဟာ အရာအားလုံးကို အောင်မြင်စေနိုင်တယ်ဆိုတာ မင်းလက်ခံပါသလား။

Do you think confidence makes progress?
ယုံကြည်မှုက အရာရာအောင်မြင်နိုင်တယ်လို့ မင်းထင်သလား။

Do you look down other people?
မင်းဆီမှာ အဆင့်အတန်း ခွဲခြားတတ်တဲ့စိတ် ရှိပါသလား။

Do you think you'll be happy forever because of money?
ငွေကြောင့် မင်းဘဝတစ်လျှောက်လုံး ပျော်ရွှင်မယ်လို့ မင်းထင်သလား။



www.burmeseclassic.com

www.burmeseclassic.com



Do you start to attend the class at the beginging of the day?
သင် တန်းစခြင်းမှာ မင်းတက်တာလား။

Do you often flatter when you deal with others?
တခြားသူများနဲ့ ဆက်ဆံတဲ့အခါ မြှောက်ပင့်ပြောဆိုပါသလား။

Do you  agree with your siblings?
မင်းရဲ့မွေးချင်းတွေနဲ့ စိတ်သဘောထားချင်း တိုက်ဆိုင်ရဲ့လား။

Do you often  argue with your siblings?
မင်း ညီအစ်ကို မောင်နှမတွေနှင့် မကြာခဏ ငြင်းခုံမှုဖြစ်ပါသလား။

Don't you want to become  a singer?
မင်း အဆိုတော်တစ်ယောက် မဖြစ်ချင်ဘူးလား။

Do you dare to walk through in front of boys (or) girls?
မိန်းကလေးတွေ အများကြီးရှေ့ကနေ (သို့မဟုတ်) ယောကျ်ားလေးတွေ အများကြီးရှေ့ကနေ မင်းတစ်ယောက်တည်း ဖြတ်လျှောက်ရဲလား။

Do you love to walk alone in the rain, without umbrella?
မိုးရွာထဲမှာ တစ်ယောက်တည်း ထီးမပါဘဲ လမ်းလျှောက်ရတာကို နှစ်သက်ပါသလား။

Do you  think that everybody is attached by love?
အချစ်ဆိုတဲ့အရာကို လူသားတိုင်း တစ်မက်ကြတယ်လို့ မင်းထင်သလား။

Do you mind admitting after you have done mistake?
အမှားလုပ်ပြီးနောက် ဝန်ခံရမှာကို ဝန်လေးပါသလား။





Do you think yourself as a dolescent?
ခင်ဗျားတို့ ကိုယ့်ကိုကိုယ် အပျို/လူပျိုပေါက်စလေးလို့ ယူဆထားပါသလား။

Do you like if someone says you are ugly?
မင်းကိုလူတစ်ယောက်က ရုပ်ဆိုးတယ်လို့ပြောရင် မင်းနှစ်သက်ပါသလား။

Do you believe that can see one's mind from eyes?
လူတစ်ယောက်၏စိတ်ကို မျက်လုံးနဲ့ကြည့်နိုင်တယ်ဆိုတာ ယုံလား။

Do your family give you kindness?
မင်းရဲ့မိသားစုက မင်းကိုကြင်နာယုယမှုတွေပေးသလား။

Do you feel proud of Myanmar?
မြန်မာလူမျိုးဖြစ်ရတာကိုဝမ်းသာဂုဏ်ယူပါသလား။

Do you have any wishes to marry with foreigner?
မင်း နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြုဖို့ စိတ်ကူးရှိပါသလား။

Do you think that we should pay back the debt of benefit?
ကျေးဇူးရှင်ကို ကျေးဇူးဆပ်သင့်တယ်လို့ မင်းထင်လား။

Do you take refuge in the Buddha?
ခင်ဗျား ဘုရားကို ကိုးကွယ်ပါသလား။

Do you sleep after you have paid respect to the fivefold infinity?
ခင်ဗျား ညတိုင်း အနန္တောအနန္တငါးပါးကို ရှိခိုးပြီးမှ အိပ်တာလား။



www.burmeseclassic.com

www.burmeseclassic.com



Do your neighbours associate with you very well?
ခင်ဗျားရဲ့ အိမ်နီးချင်းတွေက ခင်ဗျားအပေါ် ကောင်းကောင်း ဆက်ဆံပါသလား။

Do you have familiar with neighbours?
ခင်ဗျားရဲ့အိမ်နီးချင်းတွေနဲ့ မိသားစုပုံစံမျိုးရှိပါသလား။

Do you dare to live in the dark alone?
ခင်ဗျားအမှောင်ထဲမှာ တစ်ယောက်တည်း နေရဲပါသလား။

Do you have silly idea to suicide?
ခင်ဗျားကိုယ့်ကိုကိုယ် သေကြောင်း ကြံစည်တဲ့စိတ်မျိုးရှိပါသလား။

Do you wish to help the people in trouble?
ဒုက္ခရောက်နေတဲ့သူကို ကူညီချင်စိတ်ရှိသလား။

Do you desire to get heritage from parents?
မိဘထံမှအမွေရယူလိုစိတ်ရှိပါသလား။

Don't you want to foolish when you are unhappy?
ခင်ဗျားစိတ်ညစ်တဲ့အခါ ရူးချင်စိတ်မပေါက်ဘူးလား။

Do you know the day when the Buddha was born?
ဗုဒ္ဓဘုရားမွေးခဲ့တဲ့နေ့ကို မင်းသိလား။

Do you know the name of future Buddha?
နောင်ပွင့်မည့် ဘုရားရှင်ရဲ့ ဘွဲ့တော်အမည်ကို မင်းသိပါသလား။





Do you have jealousy?
ခင်ဗျားမှာမနာလိုဝန်တိုတဲ့စိတ်ရှိလား။

Do you love and charish your nation?
မင်းရဲ့တိုင်းပြည်ကို ချစ်မြတ်နိုးပါသလား။

Do you have a heart-attack?
ခင်ဗျားမှာ နှလုံးရောဂါရှိပါသလား။

Do you wear a pair of jeen trousers almost your time?
ခင်ဗျား ဂျင်းဘောင်းဘီကို အမြဲတမ်းနီးပါး ဝတ်ပါသလား။

Do you accept it's not true love without jealousy in the world?
သဝန်တိုခြင်းမရှိတဲ့ချစ်ခြင်းဟာ အချစ်စစ်မဟုတ်ဘူးဆိုတာ မင်းလက်ခံသလား။

Do you like taking a long trip?
ခရီးဝေး သွားရတာကို နှစ်သက်ပါသလား။

Do you often have unhappiness in your life?
မင်းဘဝမှာ စိတ်ဆင်းရဲစရာတွေကို မကြာခဏ ကြုံတွေ့မှုရှိပါသလား။

Do you go around with your friends in your birthday?
မင်းရဲ့မွေးနေ့မှာ သူငယ်ချင်းတွေနဲ့အတူ လျှောက်လည်ပါသလား။

Do you like getting up early morning in cold season?
မင်းဆောင်းတွင်းမှာ နံနက်စောစော အိပ်ရာ ထရတာကို နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



Do you doze when you read?

စာဖတ်တဲ့အခါမှာ အိပ်ငိုက်တတ်ပါသလား။

Do you feel sleepy when you take meditation?

တရားထိုင်တဲ့အခါမှာ အိပ်ငိုက်တတ်ပါသလား။

Do you love to plant in the garden?

ဥယျာဉ်ထဲမှာ သစ်ပင်ပန်းပင် စိုက်ရတာ ဝါသနာပါသလား။

Do you like slim body or fat body?

မင်း ဝတာကို ကြိုက်သလား။ ပိန်တာကိုကြိုက်သလား။

Do you accept one's character is depended on neighbour?

လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တသည် ပတ်ဝန်းကျင်အပေါ် တည်မှီတယ်ဆိုတာ မင်းလက်ခံသလား။

Do you take any exercise after you get up in the morning?

မနက်အိပ်ယာထပြီးနောက် လေ့ကျင့်ခန်းတစ်ခုခုကို လုပ်လေ့ရှိပါသလား။

Do you have a walk for a few minutes after meal?

ထမင်းစားပြီးနောက် မိနစ်အနည်းငယ် လမ်းလျှောက်လေ့ရှိပါသလား။

Do you like coffee?

မင်း ကော်ဖီကြိုက်ပါသလား။

Do you like fried-rice?

မင်း ထမင်းကြော်ကြိုက်ပါသလား။





Do you love sticky-rice?

မင်း ကောက်ညှင်းပေါင်း ကြိုက်ပါသလား။

Do you believe the words that others say?

မင်း တခြားသူတွေ ပြောစကားတိုင်းကို ယုံကြည်ပါသလား။

Do you have an idea to attend other English speaking class?

မင်း အခြားအင်္ဂလိပ်စကားပြော သင်တန်းတက်ဖို့ စိတ်ကူးရှိပါသလား။

Do you have time-table to improve your English very well?

မင်း အင်္ဂလိပ်စာ ကောင်းကောင်းတိုးတက်ဖို့အတွက် အချိန်ဇယားရှိပါသလား။

Do you have sympathy upon others whatever you do?

မင်း ဘာပဲလုပ်လုပ် တစ်ခြားသူတွေအပေါ် ကိုယ်ချင်းစာတရားရှိရဲ့လား။

Do you accept we should have balance-mind for everyone neither love nor hatred?

မင်း လူတိုင်းအပေါ် ချစ်ခြင်း မုန်းခြင်းမရှိတဲ့ ညီမျှတဲ့စိတ်ထားမျိုး ရှိသင့်တယ်ဆိုတာ လက်ခံပါသလား။

Do you dare to make a decision something without knowing all the facts?

မင်း အချက်အလက် အားလုံးကို မသိဘဲနဲ့ တစ်စုံတစ်ခုကို ဆုံးဖြတ်ရဲပါသလား။

Do you know why Myanmar people offer fragrant and beautiful flowers, clean and cold water and lights and scent-sticks to the Buddha everyday?

လူတွေ ပန်း၊ ရေချမ်း၊ ဆီမီးများကို မြတ်ဗုဒ္ဓအား ဘာ့ကြောင့် လှူဒါန်းကြသလဲဆိုတာ မင်းသိပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you know why people are jealous, hatred, fight among the ordinary human beings each other everyday?
ဘာ့ကြောင့် ပုထုဇဉ်လူသားတွေကြားထဲမှာ နေ့စဉ်နဲ့အမျှ တစ်ယောက်ကိုတစ်ယောက် မနာလိုဖြစ်ကြ၊ မုန်းတီးကြ၊ ရိုက်ရန်ဖြစ်နေကြသလဲဆိုတာ ခင်ဗျားသိပါသလား။

Do you have any idea to make a talk-show again like that infront of the class happily?
မင်း ဒီလို အတန်းရှေ့မှာ ပျော်ပျော်ရွှင်ရွှင် စကားထပ်ပြောဖို့ စိတ်ကူးလေးများ ရှိပါသလား။

Do you accept that Life is struggle?
ဘဝဟာ ရုန်းကန်ခြင်းဆိုတာကို သင်လက်ခံပါသလား။

Do you keep five precepts everyday?
ခင်ဗျား နေ့စဉ် ငါးပါးသီလ စောင့်ထိန်းပါသလား။

Do you donate flowers, pure-water, scent-stick and light to the buddha to get good deeds daily?
မြတ်စွာဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် နေ့စဉ်ကုသိုလ်ရရှိဖို့ ဆက်ကပ်လှူဒါန်းပါသလား။

Do you have an idea to forgive when someone requests you again and again humblely?
တစ်ဦးဦးက ရိုကျိုးစွာ ထပ်တလဲလဲ တောင်းပန်လာတဲ့အခါ ခွင့်လွှတ်ဖို့ စိတ်ကူးများရှိပါသလား။

Do you analyze yourself what you've done for a day?
မင်း တစ်နေ့တာအတွက် ဘာတွေလုပ်ပြီးပြီလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မှုတွေရှိပါသလား။





Do you think you are clever if you obey your parents whatever they say?
မိဘတွေက ဘာပြောပြော သူတို့စကား နားထောင်ရင် မင်းလိမ္မာတယ်လို့ ထင်ပါသလား။

Do you have an idea to attend the class again if you aren't satisfied eventhough you attempt very much?
ကြိုးစားပေမယ့် မင်းရဲ့အင်္ဂလိပ်စာကို အားမရဘူးဆိုရင် သင်တန်းထပ်တက်ဖို့ စိတ်ကူးရှိပါသလား။

Do you desire to teach English in your life because it's useful?
မင်းဘဝမှာ အင်္ဂလိပ်စာ အသုံးဝင်တဲ့ အတွက်ကြောင့် အဲ့ဒါကိုသင်ပြဖို့ ဆန္ဒရှိပါသလား။

Do you believe you'll succeed if you endeavour as you like?
မင်း စိတ်ကြိုက် ကြိုးစားရရင် အောင်မြင်မယ်လို့ ယုံကြည်ထားပါသလား။

Do you usually send the loving-kindness all directions everynight after paying homage to the Buddha?
ဘုရားရှိခိုးပြီးနောက် အရပ်မျက်နှာ အားလုံးကို ညစဉ် မေတ္တာပို့လေ့ရှိပါသလား။

Do you find dificulty when you translate sentences?
မင်း ဝါကျတွေကို ဘာသာပြန်တဲ့အခါ အခက်အခဲများရှိပါသလား။

Do you have dificulty when you write the letters?
မင်း စာရေးတဲ့အခါ အခက်အခဲ ရှိပါသလား။

Do you enjoy when you read the stories?
ခင်ဗျား ပုံပြင်တွေဖတ်တဲ့အခါ ပျော်ရွှင်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you accept we must think before making decision whatever we do?
ဘာပဲလုပ်လုပ် မဆုံးဖြတ်ခင် အရင်စဉ်းစားရမယ်ဆိုတာ သင်လက်ခံပါသလား။

Do you really know why the learners study English and Computer in these days?
ဒီခေတ်ကြီးထဲမှာ လူတွေတော်တော်များများဟာ ကွန်ပျူတာနဲ့ အင်္ဂလိပ်စာကို ဘာ့ကြောင့် သင်ယူလေ့လာနေကြသလဲဆိုတာခင်ဗျားတကယ်သိပါသလား။

Do you understand that you should speak so much & read a lot to be skillful in English?
အင်္ဂလိပ်စာကျွမ်းကျင်ဖို့ စာများများဖတ် / စကားများများပြောသင့်တယ်ဆိုတာ နားလည်ပါသလား။

Do you try to improve your English after having taken care of the words which teacher said in the class?
အတန်းထဲမှာ ဆရာပြောတဲ့စကားတွေကို သေချာစွာမှတ်သားပြီး မင်းရဲ့အင်္ဂလိပ်စာတိုးတက်ဖို့ ကြိုးစားပါသလား။

Do you feel delighted if you offer somethings to the Buddha?
မြတ်စွာဘုရားကို လှူဒါန်းစရာ တစ်စုံတစ်ခုဆက်ကပ်လိုက်ရင် ခင်ဗျား ဝမ်းသာပီတိဖြစ်ပါသလား။

Do you feel satisfied if you possess whatever you wish?
မင်းဘဝမှာ လိုချင်တာရရင် ကျေနပ်ပီတိဖြစ်ပါသလား။

Do you feel sorry when your friends who you love parted you unexpectedly?
မင်းချစ်ခင်မြတ်နိုးတဲ့ သူငယ်ချင်းတွေက မင်းကို ရုတ်တရက် ခွဲခွာသွားတဲ့အခါ ခံစားရပါသလား။





Do you feel happy if you live near the persons who you adore?
မင်းမြတ်နိုးတွယ်တာတဲ့ လူတွေအနားမှာနေရရင် ပျော်ရွှင်ပါသလား။

Do you get tired & exhausted after when you have recited phonetic exercises?
မင်း ဖိုနက်တစ်ခ် လေ့ကျင့်ခန်းတွေကို ရွတ်ဆိုပြီးရင် ပင်ပန်းနွမ်းနယ်ပါသလား။

Do you know how to cook delicious and tasteful curries?
အရသာရှိတဲ့ ဟင်းကောင်းဟင်းလျာတွေကို ဘယ်လိုချက်ပြုတ်ရသလဲဆိုတာ မင်းသိပါသလား။

Do you have any idea to share your knowledge after you have learnt English speaking & Grammar?
အင်္ဂလိပ်စကားပြောနဲ့ သဒ္ဒါကို လေ့လာပြီးနောက် မင်းရဲ့ဗဟုသုတတွေကို မျှဝေသင်ကြားပေးဖို့ စိတ်ကူးလေးတွေရှိပါသလား။

Do you usually analyse yourself what you have done for a day?
တစ်နေ့တာမှာ ဘာတွေလုပ်ပြီးပြီလည်းဆိုတာ မင်းကိုယ်မင်း ပြန်လည်သုံးသပ်လေ့ရှိပါသလား။

Do you have a plan what you wear to be neat & tidy today?
မင်း ဒီနေ့သပ်သပ်ရပ်ရပ်ဖြစ်ဖို့ ဘာတွေဝတ်ဆင်ရမလဲဆိုတာ မင်းမှာအစီအစဉ်တွေရှိပါသလား။

Do you accept we can build our own ways to possess the life?
ဘဝတစ်ခုကိုပိုင်ဆိုင်ဖို့ကိုယ်ပိုင်နည်းလမ်းတွေနဲ့တည်ဆောက်နိုင်တယ်ဆိုတာခင်ဗျားလက်ခံပါသလား။

Do you have any kinds of way to attain a peaceful life in future by doing meritorious deeds?
ကောင်းတာလုပ်ရင်း အနာဂတ်မှာ ကောင်းတဲ့ဘဝကိုပိုင်ဆိုင်ဖို့ ခင်ဗျားမှာနည်းလမ်းကောင်းလေး ဘာလေးများရှိပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Do you realize how to play a trick of the boys with womanish-artifice?

မိန်းမဥာဏ်နဲ့ ယောကျ်ားတွေကို ဘယ်လိုလှည့်စားရမလဲဆိုတာ ကောင်းကောင်းနားလည်ပါသလား။

Do you usually try best to improve the life with great effort?

မင်းဘဝတိုးတက်ဖို့ ကြိုးမားတဲ့ လုံ့လဝီရိယနဲ့ အစွမ်းကုန်ကြိုးစားလေ့ရှိပါသလား။

Do you accept " never put off untill tomorrow  what you can do today "?

ယနေ့လုပ်နိုင်တဲ့အရာကို မနက်ဖြန်ထိ မရွှေ့ဆိုင်းသင့်ဘူးဆိုတာ သင်လက်ခံပါသလား။



www.burmeseclassic.com

www.burmeseclassic.com



Will you explain what you will do if someone crosses you?

မင်းကို တစ်စုံတစ်ယောက်က အမြင်ကတ်နေရင် ဘာလုပ်မလဲဆိုတာ ရှင်းပြနိုင်မလား။

Can you resist looking at her when you see cute and attractive girl?

ချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရင် မကြည့်ဘဲနေနိုင်ပါသလား။

Can you solve it if you have decided to do somethigs?

မင်းတစ်ခုခုကို လုပ်ဖို့ ဆုံးဖြတ်ပြီးရင် ဖြစ်အောင်ဖြေရှင်းနိုင်ပါ့မလား။

Let me know how to negotiate the best friend who misunderstand you?

မင်းအပေါ် အထင်လွဲနေတဲ့ အချစ်ဆုံး သူငယ်ချင်းကို ဘယ်လို ဥပေက္ခာပြုမလဲဆိုတာ သိပါရစေ။

Can you explain me if you realize what is love?

အချစ်ဆိုတာ ဘာလဲလို့ သိရင် ခင်ဗျား ကျွန်တော့်ကို ရှင်းပြနိုင်မလား။

Can you make everything if you get a lot of money?

မင်းပိုက်ဆံတွေအများကြီးရရင် အရာရာကို လုပ်နိုင်ပါ့မလား။

Will you believe without thinking if someone says the words which you can't trust?

မယုံကြည်နိုင်သော စကားတွေကို ပြောလာရင် မင်းက မစဉ်းစားဘဲ ယုံမှာလား။

May I know why you are so interested in learning English?

မင်းအင်္ဂလိပ်စာ သင်ကြားလေ့လာရတာ ဘာကြောင့် ပိုပြီးစိတ်ဝင်စားသလဲဆိုတာ သိပါရစေ။

Can you tell me what we need to build a peaceful life?

ငြိမ်းချမ်းတဲ့ ဘဝလေးတစ်ခုကို တည်ဆောက်ဖို့ ဘာတွေလိုအပ်သလဲဆိုတာ ပြောပြနိုင်မလား။





Will you try hard if someone gives advice to improve your English?

မင်းရဲ့ အင်္ဂလိပ်စာတိုးတက်ဖို့ အကြံပေးရင် မင်း ကြိုးစားမှာလား။

Can you remember if you don't brush up your lessons everyday?

နေ့စဉ် မင်းရဲ့သင်ခန်းစာတွေကို ပြန်မနွှေးဘူးဆိုရင် ခင်ဗျားမှတ်မိနိုင်ပါ့မလား။

Will you be furious if someone beats around the bush answer that you'd like to know exactly?

မင်းတိတိကျကျ သိချင်သောအဖြေကို တစ်စုံတစ်ယောက် သွယ်ဝိုက်ပြီး ပြောနေရင် မင်းဒေါသထွက်မှာလား။

Can you play the computer game very well when most of the people use it at the present moment everywhere?

လူတော်တော်များများယခုအချိန်နေရာတိုင်းမှာComputer game များကိုအသုံးပြုကစားနေချိန် ခင်ဗျားရော ကောင်းကောင်းကစားနိုင်ပါသလား။

Will you tell if someone wants to know where you are attending English speaking class at the present time?

အခုလောလောဆယ် အင်္ဂလိပ်စကားပြောသင်တန်း ဘယ်မှာတက်နေသလဲဆိုတာ တစ်ယောက်ယောက်က သိချင်ရင် မင်းပြောပြမှာလား။

Will you be disappointed if you can't answer when senior students ask the difficult questions?

စီနီယာကျောင်းသားတွေက ခက်ခဲတဲ့မေးခွန်းတွေ မေးတဲ့အခါ မဖြေနိုင်ရင် မင်းစိတ်ပျက်မှာလား။

May I know how to get the lessons for your life if you were cheated?

ခင်ဗျားအလိမ်ခံရရင် ဘဝအတွက် ဘယ်လိုသင်ခန်းစာမျိုးတွေ ရနိုင်မလဲဆိုတာ သိပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



The word of that learning cannot be stolen is right, so how you share your knowledge for other persons to get good deed, May I know?
ပညာရွှေအိုး လူမခိုးဆိုတဲ့စကားဟာ မှန်ပါတယ်။ အဲ့ဒါကြောင့် ကုသိုလ်ရဖို့ မင်းရဲ့ပညာတွေကို တခြားလူတွေအား ဘယ်လိုမျှဝေပေးမလဲဆိုတာ သိပါရစေ။

I have read that practice makes perfect, but why students don't ask a lot of questions to improve their English, Can you explainme me?
လေ့ကျင့်မှ ပြည့်စုံတယ်ဆိုတာ ဖတ်ဖူးပါတယ်။ ဒါပေမယ့် သူတို့ရဲ့ အင်္ဂလိပ်စာ တိုးတက်ဖို့ ဘာကြောင့် မေးခွန်းတွေ အများကြီး မမေးကြသလဲဆိုတာ ဖို့ကိုရှင်းပြနိုင်မလား။

Will you obey if your respected persons make you order not to do again though you think yourself that's right absolutely?
မင်းကိုယ်တိုင်က အဲ့ဒါလုံးဝမှန်တယ်လို့ ထင်မြင်ယူဆထားပေမယ့် မင်းလေးစားအပ်တဲ့ ပုဂ္ဂိုလ်တွေက ထပ်မလုပ်ဖို့ တားမြစ်အမိန့်ပေးရင် သူတို့စကားကို နာခံမှာလား။

Would you like to speak English fluently when you discuss with senior students because you are eager?
မင်း စိတ်အား ထက်သန်တဲ့ အတွက်ကြောင့် စီနီယာ ကျောင်းသားတွေနဲ့ ဆွေးနွေး တိုင်ပင်တဲ့အခါ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်း ကျင်ကျင် ပြောချင်ပါသလား။

Can you give me a piece of advice to remember because I easily forget the words that I have learnt them by heart after a few day?
ရက်အနည်းငယ် ကြာပြီးနောက် လေ့လာထားတဲ့ စကားလုံးတွေ လွယ်လွယ်ကူကူ မေ့ပျောက်သွားတဲ့ အတွက်ကြောင့် မှတ်မိဖို့ ကျွန်တော်ကို အကြံဉာဏ်ပေးနိုင်ပါမလား။

May I know how you forbear when you quarrel with a friend of yours?
မင်း သူငယ်ချင်းတစ်ယောက်နဲ့ စကားများ ရန်ဖြစ်ရင် ဘယ်လို သီးခံခွင့်လွှတ်မလဲဆိုတာ သိပါရစေ။





May I know how you associate with your neighbour to be loved & respected?
မင်းရဲ့ပတ်ဝန်းကျင်မှာအချစ်ခံရဖို့လေးစားခံရဖို့အတွက်ဘယ်လိုပေါင်းသင်းဆက်ဆံနေထိုင်သလဲဆိုတာ သိပါရစေလားခင်ဗျား

May I know why they don't want to strive for improvement of the English though they are keen to attend the speaking class among the teenagers and then, they would like to speak mother language but try best to be skillfull in English?
လူငယ်တွေကြားထဲမှာအင်္ဂလိပ်စကားပြောသင်တန်းကိုတက်ရတာစိတ်အားထက်သန်ကြတယ်။ပြီးတော့ မိခင်ဘာသာစကားလိုပဲပြောချင်ကြတယ်။ ဒါပေမယ့် ကျွမ်းကျွမ်း ကျင်ကျင်ဖြစ်ဖို့ ဘာကြောင့် မကြိုးစား ချင်ကြသလဲဆိုတာ သိပါရစေခင်ဗျာ။

You can tell me if I'd like to know where you live, can't you?
ခင်ဗျား ဘယ်မှာနေသလဲဆိုတာ ကျွန်တော် သိချင်တယ်ဆိုရင် ပြောပြနိုင်ပါသလား။

Can you know where to be reborn in the next life?
အနာဂါတ်ဘဝ ဘယ်မှာပြန်လည်မွေးဖွားမလဲဆိုတာ မင်းသိနိုင်ပါသလား။

Will you give up if you don't have power of resistance when you get into trouble in your life?
မင်းဘဝမှာ ဒုက္ခရောက်တဲ့အခါ ခံနိုင်ရည် မရှိတော့ဘူးဆိုရင် လက်လျှော့အရှုံးပေးမှာလား။

May I know what sort of medicine you take if you have sunken eyes when you didn't sleep soundly off and on at night?
မကြာခဏအိပ်ရေးပျက်တဲ့အခါမျက်နှာချောင်ကျနေရင်ဘာဆေးတွေသောက်သုံးသလဲဆိုတာသိပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



May I know how to deal with them if someone sniggers upon you?
တစ်စုံတစ်ယောက်က မင်းအပေါ်ဟာနိလုပ်ရယ်ပြလျှင် သူတို့ကို ဘယ်လိုဆက်ဆံမလဲဆိုတာ သိပါရစေ။

Will you fell pleased and delighted if you are so beautiful from top to toe?
မင်းလေးဟာ ခြေဆုံးခေါင်းဆုံး သိပ်လှတယ်ဆိုရင် ပီတိဖြစ်နေမှာလား။

Will you be angry when your parents object what you want?
ခင်ဗျားမိဘတွေက ခင်ဗျားလုပ်ချင်တာကို ကန့်ကွက်ရင် စိတ်ဆိုးမှာလား။

Can you tell me if I have a chance to know why you come to attend in this class to improve your English or to be happy only?
အင်္ဂလိပ်စာတိုးတက်ဖို့(သို့)ပျော်ရွှင်ဖို့အတွက်ဘာကြောင့်လာသလဲဆိုတာသိခွင့်ရှိရင်ပြောပြနိုင်မလား။

Can you recall them at once when you learnt some of the sentences or meanings by heart after one day or two days ?
တစ်ရက် နှစ်ရက် ကြာပြီးနောက် ဝါကျပေါင်းများစွာ–စကားလုံးပေါင်းများစွာကို အလွတ်ကျက်မှတ်ထားတွေကို ချက်ချင်း ပြန်လည်သတိရမှတ်မိနိုင်ပါသလား။

Will you be disappointed when you are unable to manage your sisters and brothers though you explained again and again?
အကြိမ်ကြိမ် ရှင်းပြပေမယ့် မင်းရဲ့ညီအစ်ကို မောင်နှမတွေကို ဦးမဆောင်နိုင်တဲ့အခါ စိတ်ပျက်မှာလား။

Will you concentrate your mistake after you have learnt that is fault?
မင်းလုပ်ရပ်ဟာ အမှားလို့ သိပြီးတဲ့နောက် အဲဒီအမှားကို ဆင်ခြင်မှာလား။

Shall we take a time to be a perfect man in speaking English?
အင်္ဂလိပ်စာမှာ ကျွမ်းကျင်အဆင့်ဖြစ်ဖို့ အချိန်ယူရပါသလား။





Will you decide yourself or depend on others if you choose something in your life definately?
ဘဝမှာ တစ်စုံတစ်ခုကို သေသေချာချာ ရွေးချယ်ရမယ်ဆိုရင် တခြားသူတွေကို အားကိုးမှာလား၊ ကိုယ့်ကိုယ်ကိုယ်တိုင် ဆုံးဖြတ်မှာလား။

Could you tell me because I'd like to know why you can speak English very well even you are not an English?
အင်္ဂလိပ်လူမျိုး မဟုတ်တာတောင် ဘာကြောင့် အင်္ဂလိပ်စကားကို ကောင်းကောင်း မှန်မှန် ပြောနိုင်သလဲဆိုတာ ကျွန်တော်သိချင်တဲ့အတွက်ကြောင့် ခင်ဗျား ပြောပြနိုင်မလား။

I'd like to know what is important to learn English?
အင်္ဂလိပ်စာလေ့လာတဲ့အခါ ဘာကပိုအရေးကြီးသလဲဆိုတာ ကျွန်တော်သိချင်ပါတယ်။

I'd like to know who you love the most in your life?
မင်းဘဝမှာ ဘယ်သူ့ကို အချစ်ဆုံးလဲဆိုတာ သိချင်ပါတယ်။

I'd like to know your professional career?
မင်းရဲ့အသက်မွေးဝမ်းကျောင်းကို သိချင်ပါတယ်။

Should I ask personality questions for today speaker?
ဒီနေ့speaker ကိုပုဂ္ဂိုလ်ရေးမေးခွန်းတွေမေးသင့်ပါသလား။

Would you please tell me how to strive for improvement of English speaking kill?
အင်္ဂလိပ်စကားပြောစွမ်းရည်တိုးတက်ဖို့ဘယ်လိုကြိုးစားရမလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြနိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com



## အမိန့်ပေး တောင်းပန်ဝါကျများ

**Please +v1 လုပ်ဖို့တောင်းပန်ပုံ**
**V1, please လုပ်ဖို့တောင်းပန်ပုံ**
**Please don't +v1 မလုပ်ဖို့တောင်းပန်ပုံ**
**Don't+v1, Please လုပ်ဖို့တောင်းပန်ပုံ**

Please tell me how to try to improve my English.
ကျေးဇူးပြုပြီး ကျွန်တော့်အင်္ဂလိပ်စာ တိုးတက်ဖို့ ဘယ်လို ကြိုးစားရမလဲဆိုတာ ပြောပြပေးပါဦး။

Please give me a guidence how to make pair-talking at first.
အစမှာpair-talking ဘယ်လိုပြောရမလဲဆိုတာကျေးဇူးပြုပြီးလမ်းညွှန်ပေးပါဦး။

Please tell me how to reduce my body-weight.
ခန္ဓာကိုယ်အလေးချိန် ဘယ်လို လျှော့ချရမလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပါဦး။

Please tell me how to take exercise because I'm so fat.
ကျနော် အရမ်း ဝနေတဲ့အတွက်ကြောင့် ဘယ်လိုလေ့ကျင့်ခန်းတွေလုပ်ရမလဲဆိုတာ ပြောပြပေးပါဦး။

Please tell me how to study my lessons to remember them easily.
သင်ခန်းစာတွေကို လွယ်လွယ်ကူကူမှတ်မိဖို့ ဘယ်လိုလေ့လာရမလဲဆိုတာ ကျေးဇူးပြုပြီးပြောပြပါဦး။

Please tell me how to deal with my environment everyday.
ကျွန်တော့်ပတ်ဝန်းကျင်နဲ့ နေ့စဉ် ဘယ်လိုဆက်ဆံရမလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပေးပါဦး။





Please tell me how to avoid doing bad deeds.
အကုသိုလ်တွေ မလုပ်မိအောင် ဘယ်လို ရှောင်ကြဉ်ရမလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပါဦးခင်ဗျာ။

Please tell me how to create my own sentences when I disscuss with my partner.
partner နဲ့ဆွေးနွေးတိုင်ပင်တဲ့အခါဝါကျတွေကိုဘယ်လိုဖန်တီးရမလဲဆိုတာပြောပြပေးပါဦး။

Please tell me how to learn to pronounce every word correctly.
စကားလုံးတိုင်းကို အသံမှန်ထွက်နိုင်ဖို့ ဘယ်လိုလေ့လာရမလဲဆိုတာ ပြောပြပေးပါဦး။

Please tell me which setions I should attend in this class again.
ဒီသင်တန်းမှာ ဘယ်ဆက်ရှင်တွေကို ထပ်တက်သင့်သလဲဆိုတာ ပြောပြပေးပါဦး။

Please give me a guidance how to take meditation because I want to attain Nibbana.
နိဗ္ဗာန်ကို ရချင်လို့ တရားဘယ်လို ထိုင်ရမလဲဆိုတာ ကျေးဇူးပြုပြီး အကြံအဉာဏ်ပေးပါဦး။

Please give me a guidance how to forget my lover who parted me cruelly.
ရက်ရက်စက်စက် ခွဲခွါသွားတဲ့ ချစ်သူကို ဘယ်လိုမေ့ပစ်ရမလဲဆိုတာ အကြံဉာဏ်ပေးပါဦး။

Please give me a guidance where I should attend English speaking class again.
အင်္ဂလိပ်စကားပြောသင်တန်းကို ဘယ်မှာထပ်တက်သင့်သလဲဆိုတာ လမ်းညွှန်ပေးပါဦး။

Please give me advice how ot solve if I have problem in my life.
ဘဝမှာ ပြဿနာရှိရင် ဘယ်လိုဖြေရှင်းရမလဲဆိုတာ အကြံပေးပါဦး။



www.burmeseclassic.com

www.burmeseclassic.com



Please give me suggestion because I want to know why I can't speak English though I try my best.
ကြိုးစားပေမယ့် အင်္ဂလိပ်စကား ဘာ့ကြောင့် မပြောနိုင်သလဲဆိုတာ သိချင်တဲ့အတွက်ကြောင့် အကြံအဉာဏ်ပေးပါဦး။

Please help me what I can do to increase my English speaking power everyday.
နေ့စဉ် အင်္ဂလိပ်စကားပြော စွမ်းရည်တိုးတက်လာဖို့ ဘာလုပ်ရမလဲဆိုတာ ကူညီပေးပါဦး။

Please explain me how to use computer fluently.
ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် ဘယ်လို အသုံးပြုရမလဲဆိုတာ ကျေးဇူးပြုပြီး ရှင်းပြပါဦး။

Please listen to me " My pronunciation is right or wrong, when I recite " That's a snare for the bear, can't you see it over there?"
အဲ့ဒီဝါကျကို ရွတ်ဆိုတဲ့အခါ အသံထွက်မှန်/မမှန်ကို နားထောင်ပေးပါဦး။

Please tell me what kinds of books I should read to be relaxed.
relax-ဖြစ်ဖို့ဘယ်လိုစာအုပ်တွေဖတ်သင့်သလဲဆိုတာကျေးဇူးပြုပြီးပြောပြပေးပါဦး။

Please explain me which country I should go to because I didn't have any experience.
အတွေ့အကြုံ မရှိလို့ ဘယ်နိုင်ငံသွားသင့်သလဲဆိုတာ ရှင်းပြပေးပါဦး။

Please explain me it's enough or not only three months for us to attend English speaking class.
ကျွန်တော်တို့အတွက် အင်္ဂလိပ်စကားပြောသင်တန်းတက်တာ သုံးလလောက်နဲ့ လုံလောက်မှုရှိ/မရှိကို ကျေးဇူးပြုပြီး ရှင်းပြပေးပါဦး။





## Verb to Be Verb to Do ရော၌ အဓိပ္ပာယ်တူမေးခွန်းများ။

| | |
|---|---|
| Are you happy? | မင်းပျော်သလား။ |
| Do you enjoy? | |
| Do you feel happy? | |
| Are you afraid of me? | မင်းငါ့ကို ကြောက်သလား။ |
| Do you fear me? | |
| Do you feel afraid of me? | |
| Are you successful? | မင်းအောင်မြင်သလား။ |
| Do you succeed? | |
| Are you angry with me? | မင်းငါ့ကိုစိတ်ဆိုးသလား။ |
| Are you furious with me? | |
| Do you mind me? | |
| Do you feel angry with me? | |
| Are you hungry? | မင်းဗိုက်ဆာသလား။ |
| Do you starve? | |
| Do you feel hungry? | |
| Are you persuasive to them? | မင်းသွေးဆောင် ဖျားယောင်းနေတာလား။ |
| Do you persuade them? | မင်း ကိုယ့်ဘက်ပါအောင်ပြောနေတာလား။ |
| Are you noisy? | မင်းဆူညံနေတာလား။ |
| Do you make a noise? | |



www.burmeseclassic.com

www.burmeseclassic.com



Are you doubtful about it? မင်းအဲ့ဒီအကြောင်းကိုသံသယဖြစ်သလား။
Do you doubt it?

Are you anxious? မင်းစိုးရိမ်နေတာလား။
Do you worry?

Are you proud? မင်းမာနကြီးသလား။
Do you have conceit? မင်းဘဝင်မြင့်နေတာလား။

Are you hopeful of her? မင်း သူမကိုမျှော်လင့်နေတာလား။
Do you hope her?

Are you desirous to do something? မင်းတစ်စုံတစ်ခုကိုလုပ်ဖို့ဆန္ဒရှိရဲ့လား။
Do you desire to do something?

Are you careful of her? မင်း သူမကိုဂရုစိုက်ရဲ့လား။
Do you take care of her?
Do you attend to her?

Are you helpful to me? မင်း ငါ့ကိုကူညီတာလား။
Do you help me?
Do you give me your hand?

Are you patient with me? မင်း ကိုယ့်ကိုကြင်နာ/သည်းခံမှာလား။
Do you forbear me?
Do you tolerate me?
Do you feel patient with me?





Are you obedient to them? မင်း သူတို့စကား နားထောင်ရဲ့လား။
Do you obey them?

Are you correct? မင်းမှန်သလား။
Do you correct it? မင်းအဲ့ဒါကို အမှားပြင်လိုက်လား။

Are you interested in English? မင်းအင်္ဂလိပ်စာကို စိတ်ဝင်စားသပါလား။
Do you take interest in English?

Are you active? မင်းသွက်လက်ပါသလား။
Do you act? မင်းလှုပ်ရှားလိုက်သလား။

Are they dead? သူတို့ သေပြီလား။
Do they die?

Are you sleeply? မင်းအိပ်ငိုက်နေတာလား။
Do you sleep? မင်းအိပ်ပြီလား။ မင်းနှပ်နေတာလား။
Do you have a nap? မင်း ထမင်းလုံးစီနေတာလား။

Are you dependent on me? မင်း ငါ့ကိုမှီခိုအားကိုးနေတာလား။
Do you depend on me?

Are you hard working? မင်းအလုပ်ကြိုးစားနေတာလား။
Do you work hard?

Are you boastful of me? မင်း ငါ့ကိုကြွားနေတာလား။
Do you boast me?
Do you talk big?

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| Are you like your mother? | မင်းကအမေနဲ့တူတာလား။ |
| Do you look like your mother? | |
| Do you like her? | မင်းသူမကိုကြိုက်တာလား။ |
| | |
| Are you attentive to me? | မင်းငါ့ကို ဂရုစိုက်သလား။ |
| Do you attend to me? | |
| | |
| Are you glad? | မင်း ဝမ်းသာသလား။ |
| Do you feel glad? | |
| | |
| Are you happy? | မင်း ပျော်သလား။ |
| Do you feel happy? | |
| Do you enjoy? | |
| | |
| Are you sad? | မင်း ဝမ်းနည်းနေတာလား။ |
| Are you sorry? | မင်း စိတ်မကောင်းဖြစ်နေသလား။ |
| Do you feel sad? | |
| Do you feel sorry? | |
| | |
| Are you disappointed? | မင်းစိတ်ပျက်နေသလား။ |
| Do you feel disappointed? | |
| | |
| Are you tired? | မင်း ပင်ပန်းနွမ်းနယ်နေပြီလား။ |
| Are you exhausted? | |
| Do you feel/ get tired? | |
| | |
| Are you excited? | မင်း စိတ်လှုပ်ရှားနေတာလား။ |
| Do you feel excited? | |





| | |
|---|---|
| Are you pleased? | မင်းဝမ်းသာပီတိဖြစ်နေတာလား။ |
| Do you feel pleased? | |
| Do you have a pleasure? | |
| | |
| Are you sick? | မင်း နေမကောင်းဘူးလား။ |
| Are you ill? | |
| Do you get sick? | |
| Do you feel unwealth | |
| | |
| Are they smart? | သူတို့ Smart ကျရဲ့လား။ |
| Do they look smart? | |
| | |
| Is it delicious? | အဲ့ဒါအရသာရှိသလား။ |
| Does it get delicious? | |
| | |
| Is it tasteful? | အဲ့ဒါအရသာရှိသလား။ |
| Does it taste? | |
| | |
| Are you crazy? | မင်း အရူးအမူးဖြစ်နေတာလား။ |
| Do you feel crazy? | |
| | |
| Are you thankful to me? | မင်း ငါ့ကိုကျေးဇူးတင်နေတာလား။ |
| Do you thank me? | |
| | |
| Are you sore? | မင်း နာကျင်နေတာလား။ |
| Do you hurt? | |
| Do you pain? | |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| Are you inquisitive? | မင်း စပ်စုတာလား။ |
| Are you curious? | |
| Do you snoop into? | |
| What do you mean? | မင်း ဘာဆိုလိုတာလဲ။ |
| What are you mean/stingy? | ဘာတွေကပ်စေးနည်းနေတာလဲ။ |
| Are you sorry? | မင်းဝမ်းနည်းနေတာလား။ |
| Do you feel sorry? | |
| Are you kind? | မင်းကြင်နာရဲ့လား။ |
| Do you have a kind? | မင်းကြင်နာတရားရှိရဲ့လား။ |
| Are you conceited? | မင်း ဘဝင်မြင့်နေတာလား။ |
| Do you have conceit? | |
| Are you jealous? | မင်း မနာလိုဖြစ်နေတာလား။ |
| Do you feel jealous? | |
| Do you have jealousy? | |
| Are you proud? | မင်း မာနကြီးနေတာလား။ |
| Do you have pride? | |
| Are you greedy? | မင်း လောဘကြီးနေတာလား။ |
| Do you have greed? | |
| Are you faithful? | မင်း သစ္စာရှိရဲ့လား။ |
| Do you have faith/truth? | |





## ကျေးဇူးတင်ပါတယ် စသည်ဖြင့် စကားပြောမှာအသုံးများသော အသုံးအနှုန်းများ

**ယဉ်ကျေးမှုအရ ကျေးဇူးတင်သော စကားများတွင် တစ်ခုခုကို ပြောနိုင်အောင် ကြိုးစားကြပါ။**

| | |
|---|---|
| Thanks. | Thanks a lot. |
| Thank you. | Thank million. |
| It's kind of you. | Thank so much. |
| Many thanks. | I appreciate you. |
| I'm very grateful. | Thank you for help. |
| Thank you very much. | It's very kind of you. |
| It's really kind of you. | Thank you for all you have done. |
| Thank you very much indeed. | Thank you for the compliments. |
| I don't know how to thank you. | I'm very much obliged to you. |
| I can't find words how to thank you. | Thank you for your assistance. |
| Thank you for everything. | It's very nice of you to say so. |
| You're very kind, thanks. | Thank you for advice. |

**ကျေးဇူးတင်စကား ပြောလာရင်လည်း တုံ့ပြန်ကျေးဇူးတွေထဲက တစ်ခုခုကို ပြန်ပြောပေးပါ။**

| | |
|---|---|
| Not at all. | That's all right. |
| It doesn't matter. | You're welcome. |
| That's OK. | You needn't mention it. |
| Don't mention it. | No need to mention. |
| Any time. | That's quite alright. |
| It's a pleasure. | My pleasure. |
| It was nothing. | Welcome. |



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပြုလုပ်/ ပြောဆိုမိသောအခါ တောင်းပန်စကားများကို တစ်ခုခုရွေးချယ်ပြောပါ။

I'm sorry.
Sorry.
Very sorry.
So sorry.
I'm so sorry.
I'm very sorry.
Don't be angry.
I beg your pardon.
I must apologise.
Please forgive me.
I hope you'll excuse me.
Don't take offence.
Don't get offended.
Don't be furious.
My fault, I'm so sorry.
Sorry to trouble you.
I hope you'll forgive me.
So sad.

တို့ပြန်တောင်းပန်မှုကို ပြောလာရင် ဒီထဲက တစ်ခုခုကို ပြန်ပြောပေးပါဦး။

Never mind.
That's alright.
Don't mind me.
That's quite alright.
I quite understand.
It doesn't matter.
Don't worry about that.
Don't let that distress me.
Don't think any more about that.
No need say.

တစ်ယောက်နဲ့တစ်ယောက် ခွဲခွာကြတော့မယ်ဆိုရင် ဒီစကားလေးတွေကို မှတ်မှတ်ရရပြောကြပါ။

Goodbye! Bye Bye!
Cheerio! So long!
See you then.
See you.
See you later.
See you real soon.
See you around.
See you tonight.
We meet again.
See you tomorrow morning.





See you next week.
See you next month.
See you next year.
I hope, we'll meet again.
I'll see you later.
See ya, Bye Bye.
See you in a little while.
See you again somewhere.

စောင့်ဆိုင်းခြင်း ဆိုင်ရာ စကားများ။

Wait a minute, please.
Wait a moment!
Just a minute.
Just a moment.
Please wait for me.
I'll wait at the gate.
Please, just a minute.
Just a moment, please.
Just for a while, please.
A few second, please.
Wait, Wait,Wait!
Just a few.

တစ်စုံတစ်ယောက်၏ ရည်ရွယ်ချက်ကို နားမလည်သောအခါ ဒါတွေကို ပြန်ပြောပေးပါ။

What does he mean?
What do you say?
What do you mean?
What's that?
What do you mean by that?
What are you talking about?

အရေးမကြီး/ အကြောင်းမဟုတ်ပါဘူးလို့ ပြောချင်ရင် ဒါတွေကို သုံးလိုက်ပါ။

It doesn't matter.
It's Ok.
Never mind.
Forget it.
Don't worry about that.
Don't miss it.
Don't think any more.
Don't recall.



www.burmeseclassic.com

www.burmeseclassic.com



**မသိဘူး/ နားမလည်ဘူး/ မပြောတတ်ဘူး လို့ပြောချင်ရင် ဒါတွေထဲက တစ်ခုခုကို သုံးလိုက်ပါ။**

I don't know that.
I wasn't aware of it.
It's beyond me.
I'm afraid I can't tell you.
I don't have slightest idea.
I don't know anything about that.
I feel sorry I don't know.
Your question is above me.
I must confess I don't know.
I've no idea.
Ask me another.
I really don't know.
I've never seen him before.
I can tell you nothing.
I don't know any more than you do.
It's so high.

**အကြောင်းအရာတစ်ရပ်ကို နားမလည်ရင် ဒီစကားတွေကို ပြန်ပြောပေးပါ။**

I can't catch your voice.
I can't understand it.
I can't comprehend it.
I don't know really.
I can't follow it.
I can't make out.
I don't realize it.
I can't see.
I couldn't figure it out.
I can't appreciate it.

**နားလည်ပါတယ်လို့ ပြန်ပြောရင် ဒါတွေကို အသုံးပြုပါ။**

Yes, I see.
Yes, I understand.
I'm not kid.
I wasn't born yesterday.
So I understand.
Yes of course,Why not.
Oh! I see.
Yes, I know.
I'm not baby.
I'm not child.
So I've read.
So vivid.





**သဘောတူခြင်း လက်ခံခြင်းဆိုင်ရာ စကားများပြောချင်ရင် ဒါတွေကိုပြောပေးပါ။**

Yes, I agree.
Alright.
Count me in.
I quite agree with you.
What's your opinion!
I have the same opinion with you.
I'm in your side.
We're in the same sight.
Yes, Okay.
I see eye to eye with you.
I'm with you.
What's your idea!
We're of the same mind.
Very well.
I accept it.
I don't object it.

**သဘောမတူ အားနာသောအခါ ပြောရမည့်စကားများ။**

I'm so sorry to disagree with what you say.
No, no, please.I feel back.
Please count me out.
I don't agree with your plan.
I'm not on speaking terms with you.
No, no, no.
I don't see eye to eye.
I'm all against it.
Of course not.
I'm afraid.

**နောက်ပြောင်ခြင်းဆိုင်ရာ စကားများကိုလည်း ပြောကြည့်လိုက်ပါဦး။**

Are you kidding me?
I take a kid.
It's not joke.
I only did just for fun.
I was only kidding you.
It's gone beyond a joke.
I can't make a joke.
Go on with you.
It's no joking matter.
It's taken too far.
He's pulling your leg.
just a tease.



www.burmeseclassic.com

www.burmeseclassic.com



### မအားလပ်တဲ့အခါ ပြောရမယ့် စကားများ

My hands are full now.
He's full of works/ jobs.
I've got a lot of work to do.
I have only pair of hands.
I'm very busy now.
Can't you see my hands are full?
He's always doing something.
Busy with it.

### ထမင်းစားရင်း ပြောကြသော စကားလေးများကို မမေ့လေနဲ့နော်။

Yes, please.
No, thank you.
Just a little, please.
I enjoyed it very much.
Have some more chicken.
Do, help yourself.
Please make yourself at home.
Help yourself to anything you want.
Have some more.
Quite a small piece, please.
Can I pass you anything?
Did you enjoy your meal?
Of course, I did.
No more thank you.
I won't have it anymore, thank you.
Do you enjoy it?

### အရေးကြီး အလျင်လိုသောအခါ ဒါတွေကို ပြောကြည့်လိုက်ပါဦး။

Hurry up.
I'm in a hurry to leave.
Don't hesitate.
We really ought to start at once.
Be rapid.
Don't be long.
Make haste.
My friend is waiting for us.
I can't stay any longer.
Be in a hurry.
Be quick.
Come on!





### ကိုယ်က လက်ဆောင် ပေးသောအခါ ဒါတွေကို သုံးဖို့ မမေ့နဲ့နော်။

This is my present for you.
This is my gift.
This is my little gift for you.
This is for you.
Here's my poor present.
This is my sovenier for you.
Only present.
This is souvenir for you.

### Yes နှင့်တူသောစကားလုံးများ။

(1) Yes.
(2) Of course.
(3) Yes,of course.
(4) That's right.
(5) Yeah.
(6) Definitely.
(7) I'm afraid so.
(8) I think so.
(9) Probably.
(10) I guess so.
(11) All right.
(12) Sure.
(13) exactly.
(14) abosolutely.

### No နှင့်တူသောစကားလုံးများ။

(1) No.
(2) No,no,no.
(3) Of course not.
(4) No way.
(5) Not really.
(6) I'm afraid not.
(7) Definitely not.
(8) I don't think so.
(9) probably not.
(10) I doubt it.
(11) Of course I won't......
(12) Of course she didn't....
(13) Absolutely not.
(14) Exactly not.



www.burmeseclassic.com

www.burmeseclassic.com



## May I + $V_1^0$ ပါရစေ

## ( ခွင့်ပြုချက်, ခွင့်တောင်း, ဆန္ဒပြုတဲ့အခါမျိုးတွေမှာ သုံးပါသည်။ )

| | |
|---|---|
| speak English? | အင်္ဂလိပ်စကားပြောပါရစေ။ |
| take a seat here? | ကျွန်တော်ဒီမှာ ခဏလောက်ထိုင်ပါရစေ။ |
| request you again? | ခင်ဗျားကို ထပ်တောင်းပန်ပါရစေ။ |
| drink a cup of water? | ရေတစ်ခွက်လောက် သောက်ပါရစေလား။ |
| **May I** ask one question? | မေးခွန်းတစ်ခွန်းလောက် မေးပါရစေ။ |
| love you? | ကိုယ်မင်းကိုချစ်ပါရစေ။ |
| know your name? | ခင်ဗျားနာမည်လေး သိပါရစေ။ |
| rely on you? | ခင်ဗျားကို အားကိုးပါရစေ။ |
| come in? | ဝင်လာပါရစေလားခင်ဗျား။ |

## S + can / could + $V_1^0$ နိုင်/တတ်သည်

**can ထက် could က ပိုပြီးယဉ်ကျေးဖွယ်ရာမှာသုံးပါသည်။**

| | |
|---|---|
| speak English very well? | မင်း အင်္ဂလိပ်စကား ကောင်းကောင်းပြောနိုင်လား။ |
| explain it well? | မင်း အဲဒါကို ကောင်းကောင်းရှင်းပြနိုင်လား။ |
| sing a song? | မင်း သီချင်းဆိုနိုင်သလား။ |
| remember me? | မင်း ငါ့ကို သတိရရဲ့လား။ |
| **Can you** give me your hand? | မင်း ငါ့ကို ကူညီနိုင်မလား။ |
| love me yet? | မင်းငါ့ကို ချစ်နိုင်သေးရဲ့လား။ |
| help them? | မင်းသူတို့ကို ကူညီနိုင်ရဲ့လား။ |
| believe me? | ခင်ဗျားကျွန်တော့်ကို ယုံကြည်နိုင်ရဲ့လား။ |
| forgive me? | မင်းငါ့ကို ခွင့်လွှတ်နိုင်ရဲ့လား။ |





## S+ want to / would like to + $V_1^0$

## ချင်သည်/ဆန္ဒရှိသည်။ လုပ်ချင်/ ပြောချင်သည်။ (ကိုယ်တိုင်)

ကိုယ့်ရဲ့ဆန္ဒများကို ကိုယ်ကိုယ်တိုင်ဖြစ်ချင် ပြောချင်တဲ့အခါမျိုးမှာ ဒါတွေကို သုံးပါ။

| | |
|---|---|
| speak English? | မင်းအင်္ဂလိပ်စကားပြောချင်သလား။ |
| sing the song? | ခင်ဗျားသီချင်းဆိုချင်လို့လား။ |
| go abroad? | ခင်ဗျား နိုင်ငံခြားသွားချင်ပါသလား။ |
| attend the class? | မင်းသင်တန်းတက်ချင်လို့လား။ |
| **Do you want to** be beaten? | မင်း အရိုက်ခံချင်လို့လား။ |
| be blamed again? | ထပ်ပြီး အပြစ်တင်ခံချင်လို့လား။ |
| dance with the girls? | မင်း မိန်းကလေးတွေနဲ့ ကချင်လို့လား။ |
| sleep now? | အခု မင်းအိပ်ချင်လို့လား။ |
| discuss with me? | မင်းကိုယ်နဲ့ ဆွေးနွေးချင်လို့လား။ |
| come along with her? | မင်းသူမနဲ့အတူလိုက်ချင်လို့လား။ |

## S + want (o)to / would like ( o )to + $V_1^0$

## စေချင်သည်။ဖြစ်စေချင်သည် (သူများကို)

ကိုယ့်ရဲ့ဆန္ဒများကို သူတစ်ပါးအား သိစေချင် ပြောပြချင်တဲ့အခါမျိုးမှာ ဒါတွေကိုသုံးပါ။

| | |
|---|---|
| I don't want you to cry. | ကိုယ်ကမင်းကိုမငိုစေချင်ဘူးကွာ။ |
| I don't want you to worry about me. | ငါနဲ့ပတ်သက်ပြီး မင်းကိုသောကမရောက်စေချင်ဘူး။ |
| I don't want her to leave right now. | ကျွန်တော်က သူမကို အခုမသွားစေချင်ဘူး။ |
| I don't want him to be disappointed. | ကျွန်တော်ကသူကိုစိတ်မပျက်စေချင်ဘူးလေ။ |
| Do you want me to speak English? | ကျွန်တော့်ကိုအင်္ဂလိပ်စကားပြောစေချင်သလား။ |
| Do you want me to go there alone? | ငါ့ကို တစ်ယောက်တည်း သွားစေချင်သလား။ |
| Do you want me to live in Yangon? | ကျွန်တော့်ကိုရန်ကုန်မှာနေစေချင်လို့လား။ |



www.burmeseclassic.com

www.burmeseclassic.com



## S + should / had better + $V_1^0$ သင့်သည်။

အကြံပြုလိုတဲ့အခါ၊ လုပ်ရင်ပိုကောင်းတာပေါ့ စသည်ဖြင့် ပြောလိုတဲ့အခါမျိုးမှာသုံးပါ။

**You should** speak English everyday. ခင်ဗျား အင်္ဂလိပ်စကား နေ့စဉ်ပြောသင့်တယ်။
try best to improve your life. မင်းဘဝ တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသင့်တယ်။
take a rest now. မင်းအခုအနားယူသင့်တယ်။
read a lot of book. မင်းတို့ စာများများ ဖတ်သင့်တယ်။
apologize her again. မင်းတို့ သူမကို ထပ်တောင်းပန်သင့်တယ်။
ask so many questions. မင်းမေးခွန်း များများ မေးသင့်တယ်။
**You shouldn't** drink alcohol. မင်းတို့ အရက်မသောက်သင့်ဘူး။
make believe her. မင်း သူမကို ဟန်မဆောင်သင့်ဘူး။
tell lies your parents. မင်းမိဘတွေကိုတော့ မလိမ်ညာသင့်ဘူးကွာ။
decide it at once. မင်းအဲ့ဒါကို ချက်ချင်းမဆုံးဖြတ်သင့်ဘူး။

## S + make(o) + Adjective အောင်လုပ်သည်

**Do you** make me glad? မင်းငါ့ကို ဝမ်းသာအောင်လုပ်နေတာလား။
make me shameful? မင်းငါ့ကို အရှက်ကွဲအောင်လုပ်နေတာလား။
make me jealous? မင်းကငါ့ကို မနာလိုဖြစ်အောင်လုပ်နေတာလား။
make me foolish? မင်းငါ့ကို အရူးလုပ်နေတာလား။
make me late? မင်းငါ့ကို နောက်ကျအောင်လုပ်နေတာလား။
make her petulant? မင်းသူမကို စိတ်ကောက်အောင်လုပ်နေတာလား။
make her angry? မင်းသူမကို စိတ်ဆိုးအောင်လုပ်နေတာလား။
make her afraid? မင်းသူမကို ကြောက်အောင်လုပ်နေတာလား။
make her sad? မင်း သူမကို ဝမ်းနည်းအောင်လုပ်နေတာလား။
make them funny? မင်း သူတို့ကို ရယ်စရာလုပ်နေတာလား။
make them tired? မင်း သူတို့ကို ပင်ပန်းအောင်လုပ်နေတာလား။





## S + make(o) + $V_1^0$

## စေသည်၊ ခိုင်းသည်၊ စေခိုင်းသည်၊ အောင်လုပ်သည်

I make her cry. သူမကို ကျွန်တော် ငိုအောင်စလိုက်တာပါ။
I make them play in the park. သူတို့ကို ပန်းခြံထဲမှာ ကစားခိုင်းထားတယ်။
I make him go there. ကျွန်တော် သူ့ကို အဲ့ဒီ သွားခိုင်းထားတယ်။
I make her look after my son. ကျွန်တော့်သားကို သူမထိန်းနေတယ်။
I didn't make them take a rest. ကျွန်တော် သူတို့ကို မနားခိုင်းခဲ့ပါဘူး။
I didn't make them stop working. သူတို့ကို အလုပ်မရပ်ခိုင်းခဲ့ပါဘူး။
I don't make her enter the room. သူမကို အခန်းထဲမဝင်ခိုင်းပါဘူး။
I don't make him buy it. ကျွန်တော် သူ့ကိုအဲဒါ မဝယ်ခိုင်းလိုက်ပါဘူး။

## Let (o) + $V_1^0$ စေ၊ စို့ ၊ပါရစေ။

## ( စွင့်ပြုချက်, ခွင့်တောင်း တဲ့အခါမျိုးမှာ သုံးပါသည်။)

**Let's** speak English happily. အင်္ဂလိပ်စကားကို ပျော်ပျော်ရွှင်ရွှင်ပြောကြစို့။
study English eagerly. အင်္ဂလိပ်စာကို စိတ်အားထက်သန်စွာ လေ့လာကြစို့။
go to dance. သွားကကြစို့။
stop now. အခု တော်ကြစို့။
take a rest. အနားယူကြစို့။
sing the song. သီချင်းဆိုကြစို့။
go shopping now. အခု ငါတို့ ဈေးဝယ်ထွက်ကြစို့။
dance together,baby. အတူတူကကြစို့ ကလေးရေ။
have a dinner. ညစာစားကြစို့ဟေ့။
go to school. ငါတို့ကျောင်းသွားကြစို့ဟေ့။



www.burmeseclassic.com

www.burmeseclassic.com



## S + dare to / dare + $V_1^0$

## ရဲသည်၊ ဝံ့သည်၊ ရဲဝံ့သည်၊ ပြောရက်၊ လုပ်ရက်တယ်။

| | |
|---|---|
| **I dare to** speak English. | ကျွန်တော်အင်္ဂလိပ်စကားပြောရဲပါတယ်။ |
| I dare to do it. | ကျွန်တော်အဲ့ဒါကို လုပ်ရဲပါတယ်။ |
| I dare to ask her. | သူမကို ကျွန်တော်မေးရဲပါတယ်။ |

| | |
|---|---|
| **I don't dare to** go there. | ကျွန်တော် အဲ့ဒီကို မသွားရဲဘူးဗျာ။ |
| I don't dare to dance. | ကျွန်တော် မကရဲဘူးလေ။ |
| I don't dare to sleep alone. | ကျွန်တော် တစ်ယောက်တည်း မအိပ်ရဲဘူး။ |

## S + need to + $V_1^0$ — လိုအပ်သည်
## S + need + N, Pro, Ving
## No need to + $V_1^0$ — မလိုအပ်ပါ။

| | |
|---|---|
| **Do you need to** go there again? | မင်း အဲ့ဒီကိုထပ်သွားဖို့လိုသလား။ |
| wait for them? | မင်း သူတို့ကို စောင့်ဖို့လိုသလား။ |
| encourage her? | သူမကို ခင်ဗျားအားပေးဖို့လိုသလား။ |
| ask him? | ခင်ဗျား သူ့ကို မေးဖို့လိုသလား။ |
| take care of yourself? | မင်းကိုယ်မင်း ဂရုစိုက်ဖို့လိုသလား။ |
| discuss with me? | မင်း ငါနဲ့ ဆွေးနွေးတိုင်ပင်ဖို့ လိုသလား။ |
| think it again? | မင်း အဲ့ဒါကို ထပ်စဉ်းစားဖို့လိုသလား။ |

| | |
|---|---|
| **Don't you need to** speak English? | မင်းအင်္ဂလိပ်စကားပြောဖို့ မလိုအပ်ဘူးလား။ |
| explain it? | အဲ့ဒါကို မင်းရှင်းပြဖို့ မလိုအပ်ဘူးလား။ |
| pretend? | ခင်ဗျား ဟန်ဆောင်ဖို့ မလိုအပ်ဘူးလား။ |





## S + can't resist / can't help / can't stand / can't bear + Ving

## မလုပ်ဘဲ၊ မစားဘဲ၊ မသွားဘဲ မနေနိုင်။

**S + can / could resist +Ving** မလုပ်ဘဲ၊ မစားဘဲ၊ မသွားဘဲ နေနိုင်သည်။

I can't resist thinking about you everyday.
မင်းအကြောင်းကို နေ့စဉ်မတွေးဘဲ/ မစဉ်းစားဘဲ မနေနိုင်လို့ပါ။
I can't resist speaking English everywhere.
ကျွန်တော် နေရာတိုင်းမှာ အင်္ဂလိပ်စကား မပြောဘဲ မနေနိုင်ဘူးဗျာ။
I can't resist watching T.V everynight.
ကျွန်တော် ညစဉ် T.V မကြည့်ဘဲ မနေနိုင်ဘူးခင်ဗျာ။
I can't resist reading a lot of books.
ကျွန်တော်စာမဖတ်ဘဲ မနေနိုင်လို့ပါ။
I can't resist getting up early morning everyday.
နေ့စဉ် မနက်စောစော အိပ်ရာမထဘဲ မနေနိုင်ဘူးလေ။
I can't resist having a meal three times per day.
ကျွန်တော် တစ်နေ့သုံးကြိမ်ထမင်းမစားဘဲ မနေနိုင်ဘူးဗျာ။
They can't help gossiping about others.
သူတို့က သူများအကြောင်းကို အတင်းအဖျင်းမပြောဘဲ မနေနိုင်ဘူး။
He can't help drinking a cup of water the whole day.
သူက တစ်နေကုန် ရေမသောက်ဘဲ မနေနိုင်ဘူးတဲ့။
They can't bear quarrelling with each other.
သူတို့ တစ်ယောက်နဲ့ တစ်ယောက် စကားမများဘဲ မနေနိုင်ကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



## S + be going to + $V_1^0$ လိမ့်မယ်/တော့မယ်
## S + be going to + time-phrase

လုပ်တော့မည့် ဖြစ်တော့မည့်ဆဲဆဲ သေချာကြောင်းကိုပြ။

will ထက် going to က လူဆိုရင် ဖြစ်ရှယ်ရက်/ သေချာမှု၊ အရာဝတ္ထုဆိုရင် သေချာမှု ကောန်မှုဖြစ်မှုကိုဖော်ပြသည်။

| | |
|---|---|
| **I'm going to** be back. | ကိုယ် ပြန်တော့မယ်ကွာ။ |
| study my lessons. | ကိုယ် စာကျက်တော့မယ်။ |
| see her. | ကိုယ် သူမကို တွေ့မယ်။ |
| be there. | ကိုယ် အဲ့ဒီမှာ ရှိမယ်ကွ။ |
| : uy a car. | ကျွန်တော် ကားတစ်စီးဝယ်မယ်။ |
| drink a cup of tea. | ကျွန်တော် လ္ဘက်ရည်သောက်မယ်။ |
| go abroad. | ကျွန်တော် နိုင်ငံခြားသွားတော့မယ်။ |

## S + be able to + $V_1^0$
## နိုင်သည်/တတ်နိုင်သည်/နိုင်စွမ်းရှိသည်။

**( be နေရာမှာ am, is, are, was, were, will be လာနိုင်သည် )**
**(can /could အစားသုံးနိုင်သည်၊ can /could ထက် ပိုသေချာတယ် )**

| | |
|---|---|
| **I'm able to** speak English. | ကျွန်တော် အင်္ဂလိပ်စကားပြောနိုင်တယ်။ |
| I'm able to teach all subjects. | ကျွန်တော် ဘာသာရပ်အားလုံးကို သင်နိုင်ပါတယ်။ |
| I'm able to work here. | ကျွန်တော် ဒီမှာအလုပ်လုပ်နိုင်ပါတယ်။ |
| I'm able to carry it. | ကျွန်တော် အဲ့ဒါကိုသယ်နိုင်ပါတယ်။ |
| **I'm not able** to discuss with it. | အဲ့ဒါနဲ့ ပတ်သက်လို့ မဆွေးနွေးနိုင်ပါဘူး။ |
| I'm not able to tell lies. | ကျွန်တော်လိမ်မပြောနိုင်ဘူး။ |
| I'm not able to leave her. | သူမကို ကျွန်တော်မထားခဲ့နိုင်ဘူးဗျာ။ |





## S + be about to + $V_1^0$ တော့မလို့

(လုပ်တော့မည့်၊ ဖြစ်တော့မည့်ဆဲဆဲ၊ တကယ်တော့မဖြစ်သေးပါ။ ဖြစ်လုနီးပါး၊ အထိတ်တလန့်လောက်တော့ဖြစ်သွားတယ်။)

| | |
|---|---|
| **I'm about to** go back home. | ကျွန်တော် အိမ်ပြန်တော့မလို့။ |
| teach English. | ကျွန်တော် အင်္ဂလိပ်စာသင်တော့မလို့။ |
| be seen. | ကျွန်တော့်ကို တွေ့တော့မလို့။ |
| be scolded. | ကျွန်တော့်ကို ဆူတော့မလို့။ |
| be hit by car. | ကျွန်တော် ကားတိုက်ခံရတော့မလို့။ |
| be beaten. | ကျွန်တော် အရိုက်ခံရတော့မလို့။ |
| be blamed. | ကျွန်တော် အပြစ်တင်ခံရတော့မလို့။ |

## S + used to + $V_1^0$ လေ့ရှိခဲ့သည်
## (အတိတ်အတွက်သီးသန့်ဖြစ်သည် )

| | |
|---|---|
| **They used to** go there off and on. | သူတို့ မကြာခဏ အဲ့ဒီကို သွားလေ့ရှိခဲ့တယ်။ |
| They used to smoke. | သူတို့ ဆေးလိပ်သောက်လေ့ရှိခဲ့ကြတယ်။ |
| They used to quarrel with each other | သူတို့တယောက်နဲ့တယောက်ရန်ဖြစ်လေ့ရှိခဲ့တယ်။ |
| They used to drink alcohol. | သူတို့ အရက်သောက်လေ့ရှိခဲ့ကြတယ်လေ။ |
| **She used to** bully me. | သူမက ကျွန်တော့်ကို အနိုင်ကျင့်လေ့ရှိခဲ့တယ်။ |
| She didn't use to like opera,but now she does. | အော်ပရာကြိုက်လေ့မရှိခဲ့ဘူး။ |
| **He used to** eat out. | သူအပြင်မှာ စားလေ့ရှိခဲ့တယ်။ |
| He used to play a trick on her. | သူက သူမအပေါ် ညာဖြီးလေ့ရှိခဲ့တယ်။ |
| He used to discuss with me. | သူ ကျွန်တော်နဲ့ တိုင်ပင်လေ့ရှိတယ်။ |



www.burmeseclassic.com

www.burmeseclassic.com



## S + Be used to + Ving / N

ကျင့်သားရနေပြီ။ အကျင့်ဖြစ်နေပြီ။ ရိုးနေပြီ။
အံတိုနေပြီ။ မဆန်းတော့ပါဘူး။ လုပ်နေကျပါ။

**I'm used to** speaking English. ကျွန်တော်အင်္ဂလိပ်စကားပြောရတာ အကျင့်ဖြစ်နေပြီ။
I'm used to teaching English. ကျွန်တော်အင်္ဂလိပ်စာသင်ပေးရတာ အကျင့်ဖြစ်နေပြီ။
I'm used to wearing glasses. ကျွန်တော်မျက်မှန်တပ်ရတာ အကျင့်ရနေပါပြီ။
I'm used to going there alone. ကျွန်တော်အဲဒီကိုတယောက်တည်းသွားရတာ အသားကျနေပါပြီ။
**We're used to** eating out. ကျွန်တော်တို့ဆိုင်မှာ စားတာအကျင့်ဖြစ်နေပြီ။
We're used to driving in Yangon now. အခုရန်ကုန်မှာ ကားမောင်းတာအကျင့်ရနေပြီ။
We're used to studying with her. သူမနဲ့ သင်ကြားလေ့လာရတာ အသားကျနေပြီလေ။

## S + must + $V_1^0$ ရမည်

အမိန့်၊ တာဝန်၊ စည်းကမ်း။
ပြုလုပ်ရန်လိုအပ်၊ သေချာမှုကိုဖော်ပြသည်။

**You must** speak English. မင်း၊ အင်္ဂလိပ်စကားပြောရမယ်။
go there. မင်း အဲ့ဒီကို သွားရမယ်။
clean your boots. မင်းရဲ့ ဘွတ်ဖိနပ်များကို သန့်ရှင်းရမယ်။
come home before midnight. မင်းအိမ်ကို သန်းခေါင် မတိုင်မီ ရောက်ရမယ်။
do your homework. မင်း အိမ်စာ လုပ်ရမယ်။
try hard. မင်း ကြိုးစားရမယ်။





## S + Has, Have, Had to + $V_1^0$ ရသည်

ဆန္ဒမပါလည်းလုပ်၊ဆန္ဒပါလည်းလုပ်၊ပြောစရာ၊လုပ်စရာ၊မေးစရာရှိသေးတယ်။

**You have to** take medicine. မင်းဆေးသောက်ရမယ်။
You have to pay for the tickets in advance. လက်မှတ်အတွက်ကြိုတင်ပေးရမယ်။
You have to drink. မင်းအရက်သောက်ရမယ်။
You have to check it. မင်းအဲ့ဒါကိုစစ်ဆေးရမယ်။
You have to work from nine to five. ခင်ဗျား( 9 to 5 )အထိအလုပ်လုပ်ရမယ်။
**You'll have to** find a job. မင်း အလုပ်မရှာမဖြစ် ရှာရတော့မယ်။
You have to stop smoking. မင်း ဆေးလိပ်ဖြတ်ရမယ်။
I have to say something. ငါ ပြောစရာရှိသေးတယ်။

## S+ Seem to + $V_1^0$ / Seem + Adjective.

ပုံရသည်၊ဟန်ရှိသည်၊ သဏ္ဍာန်ရှိသည်။ ထင်ရသည်။ လူတစ်ယောက်၊ အရာဝတ္ထု တစ်ခုကို ကိုယ့်အတွေးအထင်ဖြင့် မသေချာ၊ မရေရာတဲ့ အနေနဲ့ ပြောချင်ရင် ဒါကိုသုံးပါ။

**You seem to** know it. မင်း အဲ့ဒါကိုသိထားပုံရတယ်နော်။
doubt me. မင်း ငါ့ကိုသံသယဖြစ်နေသလိုဘဲ။
sleep now. မင်း အခုအိပ်ထားပုံရတယ်။
believe her. မင်း သူမကိုယုံကြည်နေပုံရတယ်။

**You don't seem to** hear me. ငါပြောတာ မင်းကြားပုံမရဘူး။
understand it. မင်းနားလည်ပုံမရဘူး။
study your lessons. မင်းစာကျက်ထားပုံမပေါ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## S + look, feel, smell, taste, sound, get, seem, become, grow + Adjective

**verb to be** ရဲ့ကိုယ်စား ဒါတွေကို သုံးပါသည်။ အဓိပ္ပါယ်သီးသန့် မထွက်ပါ။ နာမဝိသေသနတွေ အလိုက် ဘာသာပြန်ဆိုရပါသည်။ ဒါတွေဟာ စကားပြော၊ စာရေးမှာ အသုံးများတယ်။

| | |
|---|---|
| **I feel** soory. ( I'm sorry ) | ကျွန်တော် စိတ်မကောင်းဘူး။ |
| happy. | ကျွန်တော် ပျော်လိုက်တာ။ |
| glad. | ကျွန်တော် ဝမ်းသာတယ်ဗျာ။ |
| angry. | ကျွန်တော် စိတ်တိုသွားတယ်။ |
| shy. | ကျွန်တော် ရှက်သွားမိတယ်။ |
| **You look** graceful. | ကျက်သရေရှိလိုက်တာကွာ။ |
| nice. | မင်း ကြည့်ကောင်းတယ်နော်။ |
| active. | မင်း သွက်တယ်နော်။ |
| **She becomes** beautiful. | သူမ လှလာတယ်နော်။ |
| well. | သူမ နေကောင်းလာပါပြီ။ |
| pretty. | သူမက ချစ်စရာလေး။ |
| **It tastes** good. | အရသာကောင်းလိုက်တာ။ |
| sweet. | ချိုလိုက်တာ။ |
| sour. | ချဉ်တယ်ကွာ။ |
| bitter. | ခါးတယ်ဟေ့။ |
| saulty. | ဆားငန်လိုက်တာ။ |
| hot. | စပ်/ပူ လိုက်တာ။ |
| **It gets** wet. | အဲ့ဒါ ရေစိုသွားတယ်။ |
| worse. | ပိုဆိုးလာတယ်။ |
| **It makes** me happy. | ကျွန်တော် ပျော်တယ်ဗျာ။ |
| me busy. | ကျွန်တော် အလုပ်ရှုပ်နေတယ်ဗျာ။ |





## Not because of -----But because of-----

**ကြောင့်မဟုတ်ပါ ကြောင့်ပါ**

**of နောက်တွင် noun/ pronoun / ving များလိုက်နိုင်ပါသည်။**

အဲ့ဒါ မင်းကြောင့်မဟုတ်ပါဘူး။ ငါ့ကြောင့်ပါ။
(It's)not because of you, but because of me.

သူတို့ကြောင့် မဟုတ်ဘူး။ မင်းကြောင့်လို့ ငါထင်တယ်ကွ။
I think (it's)not because of them, but because of you.

မင်းကြောင့် ငါတို့အောင်မြင်နေကြတာပါ။ အဲ့ဒါကြောင့် မင်းကိုကျေးဇူးသိပ်တင်တယ်။
We're successful because of you, so thank you very much.

သူမ အားပေးမှုတွေကြောင့် ကျွန်တော် အရမ်းစိတ်ချမ်းသာတယ်ဗျာ။
I feel pleased and delighted because of her encouragement.

သူတို့ရဲ့ နမော်နမဲ့နိုင်မှုကြောင့် သူတို့စာမေးပွဲကျခဲ့ကြတာလေ။
They failed in exam because of their carelessness.

## Not because ------But because -------

**ကြောင့်မဟုတ်ပါ ကြောင့်ပါ**

Not because နောက်တွင် 1,2 ခေါ် sentence လိုက်နိုင်ပါသည်။

I think not because she didn't want to attend the class but because she was so busy.
သူမ သင်တန်း မတက်ချင်လို့တော့ မဟုတ်ပါဘူး။ အလုပ်များနေတယ်လို့ ကျွန်တော်ထင်ပါတယ်။

She got married not because she loved me but because I am so rich.
သူမ ကျွန်တော့်ကို ချစ်လို့မဟုတ်ဘူး၊ ချမ်းသာလို့လေ။

Not because I can't speak English but because I don't want to.
ကျွန်တော် အင်္ဂလိပ်စကား မပြောနိုင်လို့တော့မဟုတ်ပါ။ မပြောချင်သေးလို့ပါ။

I came here not because I should tell but because I want you to know it.
ငါ မင်းကိုပြောသင့်လို့တော့မဟုတ် သိစေချင်တဲ့အတွက်ကြောင့် ငါလာခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



Not because I don't like that shirt but because it is so expensive/costly.

ကျွန်တော် shirt အင်္ကျီကို မကြိုက်လို့တော့မဟုတ်ပါ အဲ့ဒါက ဈေးကြီးလွန်းအားကြီးလို့ပါ။

Not because I love you but because of my parents.

ကိုယ်မင်းကို ချစ်လို့တော့မဟုတ်ဘူးနော် ငါ့မိဘတွေကြောင့်ပါ။

## Not only ----But also----/ Not only ----- But -----
## သာမက ==== လည်းပဲ။ ရုံတင်မက === လည်းပဲ

He not only acts but also writes his own plays.

သူက သရုပ်ဆောင်ရုံတင်မက ကိုယ်ပိုင်ပြဇာတ်တွေကိုလည်း ရေးသားတယ်။

I expect you not only now but also next.

မင်းကို ဒီဘဝတင်မက နောင်ဘဝမှာလည်း ကိုယ်မျှော်လင့်ထားသေးတယ်။

They not only look after their parents but also respect.

သူတို့က မိဘတွေကို စောင့်ရှောက်ရုံတင်မက လေးလည်းလေးစားကြတယ်။

I not only teach English but also write it.

ကျွန်တော်အင်္ဂလိပ်စာ သင်ရုံတင်မဟုတ် စာကိုလည်း ရေးပါသေးတယ်။

She not only loved me but also adored and tolerated.

သူမက ကျွန်တော်ကို ချစ်ရုံတင်မက မြတ်လည်းမြတ်နိုး သည်းလည်းသည်းခံပါတယ်။

They not only attend the class regularly but also try best as much as they do.

သူတို့က ပုံမှန်သင်တန်းတက်ရုံမက အတတ်နိုင်ဆုံးလည်း ကြိုးစားကြသေးတယ်။

She is ont only very beautiful but also good-natured.

သူမက လှရုံသာမဟုတ် သဘောကလည်း ကောင်းသေးတယ်။

It's not only rainy but also windy.

မိုးရွာရုံသာမက လေကလည်း ထန်သေးတယ်။

We go there not only winter but also summer.

ကျွန်တော်တို့ ဲ့ဒီကို ဆောင်းတွင်းသာမက နွေရာသီလည်း သွားကြတယ်လေ။





## It's too soon to + $V_1^0$ စောလွန်းတယ်၊ စောသေးတယ်၊ စောစော။

| | |
|---|---|
| It's too soon to take medicine. | ဆေးသောက်ဖို့ စောပါသေးတယ်။ |
| tell them. | သူတို့ကိုပြောဖို့ စောပါသေးတယ်။ |
| ask her. | သူမကိုမေးဖို့ စောပါသေးတယ်။ |
| get married. | အိမ်ထောင်ပြုဖို့ စောပါသေးတယ်။ |
| go out. | အပြင်ထွက်ဖို့ စောပါသေးတယ်။ |
| go back. | ပြန်ဖို့ စောပါသေးတယ်။ |
| start. | စဖို့ စောပါသေးတယ်။ |
| give an answer. | အဖြေပေးဖို့ စောပါသေးတယ်။ |
| get up. | အိပ်ရာထဖို့ စောပါသေးတယ်။ |
| believe her. | သူမကိုယုံကြည်ဖို့ စောပါသေးတယ်။ |
| decide. | ဆုံးဖြတ်ချက်ချဖို့ စောပါသေးတယ်။ |
| respond him. | သူ့ကိုတုန့်ပြန်ဖို့ စောပါသေးတယ်။ |
| cook curry. | ဟင်းချက်ဖို့ စောပါသေးတယ်။ |
| sleep. | အိပ်ဖို့ စောပါသေးတယ်။ |
| take a rest. | အနားယူဖို့ စောပါသေးတယ်။ |

## The sooner ........ The sooner ..........
## စောစော၊ မြန်မြန်၊ အစောတလျှင်။ စောလေ--စောလေ။ မြန်လေ--မြန်လေ။

The sooner you begin the sooner you'll finish.

စောစော စတော့၊ စောစော ပြီးတာပေါ့။

The sooner you work the sooner you'll take a rest.

မြန်မြန်လုပ်တော့ မြန်မြန် အနားယူရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



The sooner you go there the sooner you'll arrive:

အဲ့ဒီကို စောစော သွားတော့၊ စောစော ရောက်တာပေါ့။

The sooner you attend the class the sooner you can speak English.

သင်တန်းမြန်မြန် တက်တော့၊ အင်္ဂလိပ်စကား မြန်မြန် ပြောနိုင်တာပေါ့။

The sooner they know about that the sooner they can decide it .

သူတို့ အဲ့ဒီအကြောင်းကိုစောစော သိတော့၊ စောစော ဆုံးဖြတ်နိုင်တာပေါ့။

The sooner I ask her the sooner I know about that.

ကျွန်တော် သူမကိုစောစော မေးတော့၊ အဲ့ဒီအကြောင်းကိုစောစော သိတာပေါ့။

| | | |
|---|---|---|
| **The more ........** | **The more ......လေ** | **.......လေ** |
| **The more .......** | **The less ......လေလေ** | **.....မလေ** |
| **The less .......** | **The less ......မလေ** | **...... မလေ** |
| **The less ......** | **The more ....မလေ** | **.......လေ** |

The more I see her, the more I like her.

ကျွန်တော်သူမကို တွေ့ရလေ သဘောကျလေပဲဗျာ။

The more I live together with her, the less I like her.

ကျွန်တော်သူမနဲ့ အတူနေရလေ သဘော့မကျလေပဲဗျာ။

The more she thought about it, the more depressed she became.

အဲ့ဒီအကြောင်းစဉ်းစားလေလေ၊ သူမစိတ်ညစ်လာလေပဲ။

The more luxurious the hotel, the more expensive it usually is.

ခမ်းနားတဲ့ ဟိုတယ်ကြီးတွေမှာ တည်းလေလေ၊ စရိတ်စခ ပိုကြီးလေလေပေါ့။

The less said about the whole affair, the happier I'll be.

ကိစ္စနည်းလေ ပျော်စရာပိုကောင်းလေ။

The more confidence you build up in yourself,
the greater are your chances of success.

ကိုယ့်ကိုကိုယ် ယုံကြည်မှုပိုရှိလေ အောင်မြင်မှုအတွက် အခွင့်အရေးပိုများလေပေါ့။





The more you try hard, the more you succeed.

ပိုကြိုးစားလေ၊ ပိုအောင်မြင်လေပေါ့။

The harder you work, the more you earn.

ကြိုးစားလေ၊ ပိုက်ဆံရလေ။ ကြိုးစားလေလေ၊ ငွေပိုရလေလေပေါ့။

The more you need, the more you want.

The more you get, the more you wish.

ရလေ လိုလေ။ ရလေ လိုလေ၊ အိုသချွေး။

The more you love, the more you feel.

ပိုချစ်လေ၊ ပိုခံစားရလေပဲ။

The more you rich, the more you worry.

ချမ်းသာလေလေ၊ သောကများလေလေ။

The more I see her, the less I like her.

ကျွန်တော်သူမကို တွေ့ရလေ၊ သဘောမကျလေလေပဲဗျာ။

The less I practise, the less confident I become.

လေ့ကျင့်မှုနည်းလေလေ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုလျော့လေလေ။

The less I see of her, the better pleased I'll be!

သူမကို အတွေ့နည်းလေလေ၊ ကျွန်တော့အတွက် ပိုကောင်းလေပဲပေါ့။

The more you learn, the more you get konwledge.

လေ့လာလေ၊ ဗဟုသုတ များလေပဲ။

The more it's good, the more it's costly.

ပိုကောင်းလေ၊ ပိုဈေးကြီးလေပေါ့။ ပိုကောင်းလေ၊ ပိုပေးရလေ။

The more I'm away from her, the more I long.

ဝေးလေ၊ ပိုတမ်းတလေပဲ။

The more you explain, the more it's confused.

ရှင်းပြလေ၊ ပိုရှုပ်လေ။

The more you attach, the more you suffer.

သံယောဇဉ်များလေ၊ ပိုဒုက္ခရောက်လေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## S + be + dying for sth. I'm dying to + $V_1^0$

**လုပ်ချင်လွန်းအားကြီးနေပြီ။ တစ်ပိုင်းသေနေပြီ၊ ပြင်းပြသောဆန္ဒရှိသည်၊**

**---လွန်လွန်းလို့သေတော့မယ်။ ပြောပြချင်လွန်းလို့ ---**

I'm dying to say.I wait for you.

ပြောချင်လွန်းလို့ နင့်ကို ငါစောင့်နေတာ။

I'm dying for a drink.

ကျွန်တော် အရေတစ်ခုခု သောက်ချင်တာ တစ်ပိုင်းကိုသေနေတာပဲ။

I'm dying to see her one time a day.

ကျွန်တော် သူမကို တစ်နေ့တစ်ခါ မမြင်ရရင် မနေနိုင်အောင်ဖြစ်နေပြီဗျာ။

I'm dying to talk about that matter.

ကျွန်တော် အဲ့ဒီအကြောင်းကို ပြောပြချင်လွန်းလို့။

I'm dying for a glass of water.

ကျွန်တော် ရေသောက်ချင်လို့ သေတော့မယ်။ ရေ အရမ်းဆာတာပဲဗျာ။

I'm dying to know what happened.

ဘာဖြစ်လဲလို့ သိချင်လိုက်တာ အရမ်းပဲ။

I'm dying to make a talk-show.

ကျွန်တော် talk-show သိပ်ပြောချင်တာပဲဗျာ။

I'm dying to speak English.

ကျွန်တော် အင်္ဂလိပ်စကားပြောချင်တာ တစ်ပိုင်းကိုသေနေတာပဲ။

I called you because I'm dying to go out.

အပြင်ထွက်ချင်လွန်းလို့ မင်းဆီ ဖုန်းဆက်လိုက်တာ။

Can you give me a guidance that I'm dying to take meditation.

ငါ တရားထိုင်ချင်လွန်းလို့ မင်းငါ့ကို သင်ပြပေးနိုင်မလား။

I'm dying to miss you.

ကိုယ်မင်းကို လွမ်းလွန်းလို့ သေတော့မယ်။

I'm dying to see you that I remember .

သတိရလွန်းလို့ တွေ့ချင်လိုက်တာ မောင်ရယ်/ကိုရယ်။





## ....so + adjective / adverb + that+1,2

**လောက်အောင်---ဖြစ်တယ်၊ ခက်တယ်၊ လှယ်တယ်၊ ပျော်တယ် စသည်--**

It's so difficult I can't understend.

နားမလည်နိုင်လောက်အောင် သိပ်ခက်တယ်ဗျာ။

It's so dark (that) we can't see anythings.

ကျွန်တော်တို့ ဘာမှ မမြင်နိုင်လောက်အောင် အရမ်းမှောင်နေတယ်။

She is so surprised (that) she can't breathe.

အသက်ရှူမှားလောက်အောင် သူမအံ့သြသွားခဲ့တယ်။

She is so beautiful (that) I can't resist looking at her again.

သူမကို ထပ်မကြည့်ဘဲ မနေနိုင်လောက်အောင် သူမက လှတယ်ဗျာ။

I love you so much (that) I can't part.

မင်းကို မခွဲနိုင်လောက်အောင် ချစ်မိနေပြီ။

I'm so tired I couldn't walk any further.

လမ်းဆက်မလျှောက်နိုင်လောက်အောင် ကျွန်တော် အရမ်းပင်ပန်းနေပြီဗျာ။

They're so sad (that) they can't feel.

သူတို့မခံစားနိုင်လောက်အောင် ဝမ်းနည်းနေကြတယ်ဗျာ။

She becomes so beautiful (that) I can't believe my eyes.

ကိုယ့်မျက်လုံးကိုယ် မယုံနိုင်လောက်အောင် သူမက အရမ်းလှလာတယ်။

They're so poor they can't buy anythings.

သူတို့ ဘာမှ မဝယ်နိုင်လောက်အောင် ဆင်းရဲနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



**S+ have a habit of +Ving**
**S+ have no habit of +Ving**
**S+ make a habit of + Ving**
**S+ break the habit of + Ving**
**S+ get out of the habit of +Ving**
**S+ be in the habit of +Ving**
**S+ be not in the habit of +Ving**
**S+ have no habit / hobby to + $V_1$0**

**အကျင့်ပါနေပြီ၊ အကျင့်မရှိဘူး။ ဝါသနာပါတယ်၊ ဝါသနာမပါဘူး။အလေ့အထရှိတယ်။**
**အလေ့အကျင့်ဖြစ်နေပြီ၊ ဝသီပါနေပြီ၊ အကျင့်လုပ်သည်၊ အကျင့်ဖျောက်သည်။**
**ဒီပုံစံတွေမှာ has,have,had,will have အားလုံးပါဝင်သည်။**

Do you have a habit of going shopping?
မင်း ဈေးဝယ်ထွက်ရတာ ဝါသနာ ပါသလား။
Do you have a habit of drinking alcohol?
မင်း အရက်သောက်တာ အကျင့်ရှိသလား။
Don't you have a habit of taking meditation?
မင်း တရားထိုင်တာ အကျင့်မရှိဘူးလား။
Don't you have a habit of playing foodball?
မင်း ဘောလုံးကန်တာ ဝါသနာ မပါဘူးလား။
I have no habit of telling lies.
ငါ လိမ်ပြောတာ ဝါသနာ မပါဘူး။
I have no habit of talking back the elders.
ငါ လူကြီးတွေကို ပြန်ပြောတာ အကျင့်မရှိဘူး။
They have no habit of going for a walk in the morning.
သူတို့ မနက်မှာ လမ်းလျှောက်ထွက်တဲ့ အကျင့်မရှိကြဘူး။





She has a habit of interrupting.
သူမ ဝင်ရှုပ်တာ အကျင့်ဖြစ်နေပြီ။
I wish I could get out of the habit of biting my nails.
လက်သည်းကိုက်တဲ့အကျင့်ကို ကျွန်တော် ဖျောက်ချင်တယ်။
You must get your children into the habit of cleaning their teeth.
သင့်ကလေးများကို သွားတိုက်တဲ့အကျင့် လုပ်ပေးရမယ်။
I'm not in the habit of staying up late.
ကျွန်တော် ညဉ့်နက်သံခေါင်ယံထိ နေတဲ့အကျင့် မရှိဘူး။
I've got into the habit of turning on the TV as soon as I get home.
အိမ်ရောက်ရောက်ချင်း တီဗီဖွင့်ကြည့်တာ အကျင့်ဖြစ်နေပြီ။
He's tried to give up smoking but just can't break the habit.
သူ ဆေးလိပ်သောက်တာဖြတ်ဖို့ ကြိုးစားတယ်၊ ဒါပေမယ့် အဲ့ဒီအကျင့်ကို မဖျောက်နိုင်သေးဘူး။
I make a habit of never lending money to strangers.
ကျွန်တော် သူစိမ်းတွေကို ဘယ်တော့မှ ငွေချေးတဲ့ အလေ့အကျင့်မရှိဘူး။
Are you in the habit of speaking English everywhere?
မင်း နေရာတိုင်းမှာ အင်္ဂလိပ်စကားပြောတဲ့ အကျင့်ရှိလား။
Are you in the habit of gossiping about others?
မင်း သူတစ်ပါးအကြောင်း အတင်းအဖျင်း ပြောရတာ အကျင့်ဖြစ်နေပြီလား။
Aren't you in the habit of making a pair-talking in the class?
မင်း အတန်းထဲမှာ နှစ်ယောက်တစ်တွဲပြောရတာ အကျင့်မဖြစ်သေးဘူးလား။
Are you in the habit of making a talk-show to improve your English?
မင်း အင်္ဂလိပ်စာတိုးတက်ဖို့ talk-show ပြောရတာ အကျင့်ဖြစ်နေပြီလား။

ဒီကြိယာများကို Ving များလုပ်၍ ပြောဆိုလေ့ကျင့်ကြည့်ပါ။ လေ့ကျင့်မှ ပြည့်စုံမယ်။
scandalize, oversleep, womanize, criticize, go out, argue, gamble, take revenge, bribe, play cards, play hooky, steal, eat too much, grumble, smoke, insinuate, wangle, polish an apple, flatter, abuse, pretend, kid.



www.burmeseclassic.com

www.burmeseclassic.com



**S + V + too-adj / adverb to + $V_1$0**

**--- လွန်းတယ်။ -- သေးတယ်။ အရမ်း---လွန်းတယ်။**

Don't think. You're too young to get married.

မင်း လက်ထပ်ဖို့ငယ်လွန်းသေးတယ်။ မစဉ်းစားနဲ့ဦး။

You're too young to join the army.

မင်း စစ်ထဲဝင်ဖို့ အရမ်းငယ်သေးတယ်။

They speak English too fast to be understood. .

နားလည်ဖို့ ခက်လောက်အောင် သူတို့ အင်္ဂလိပ်စကားကို မြန်မြန် ပြောကြတယ်။

She is too crazy about him to be forgot.

သူ့ကို မမေ့နိုင်လောက်အောင်ဘဲ သူမက အရူးအမူးဖြစ်နေတာ။

I was too busy to attend the class yesterday.

မနေ့က သင်တန်းမတက်နိုင်လောက်အောင် ငါ အလုပ်တွေများနေခဲ့တယ်။

You're too guilty not to be forgiven.

မင်းကို ခွင့်မလွှတ်နိုင်လောက်အောင် အပြစ်တွေများနေတယ်။

**S + be + adj / adverb enough to + $V_1$0**

**ကျေနပ်လောက်အောင်၊ လုံလုံလောက်လောက်၊ အလောတော်။**

She is experienced enough to solve the problem.

သူမမှာ ပြဿနာကို ဖြေရှင်းဖို့ အတွေ့အကြုံ လုံလုံလောက်လောက်ရှိပါတယ်။

Students are clever enough to understand it.

ကျောင်းသားတွေ အဲ့ဒါကို နားလည်လောက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးမျိုး ရှိပါတယ်။

You're old enough to join the army.

မင်း စစ်တပ်ထဲ ဝင်ရောက်ဖို့ အရွယ်ရောက်ပြီ။

He swam well enough to pass the test.

လူရွေးပွဲ ချိတ်နိုင်အောင် သူ အတော်ကူးပြနိုင်တယ်။

She's old enough to make her own decisions.

သူ့ဟာသူ ဆုံးဖြတ်နိုင်တဲ့အရွယ်ရောက်ပြီ။





**S + V +more than 1,2**

**S+V+more than+ N,pron**

**ထက်၊ အောက်၊ ( more နေရာတွင် အခြားသော comparative adjective များ၊ နှိုင်းယှဉ်ရာတွင် လာနိုင်သည် )**

You're younger than your age.

မင်းက အသက်ထက်တောင် ငယ်နေသေးတယ်။

You're clever than I think.

မင်းက ငါထင်ထားတာထက်တောင် ပိုတော်နေသေးတယ်။

She loves me more than you do.

သူမက မင်းထက် ငါ့ကို ပိုချစ်တယ်။

You should know better than to behave like that.

မင်းအဲ့ဒီလိုလုပ်တာထက် ပိုသိဖို့ကောင်းတယ်။

I'm older than her.

ကျွန်တော် သူမထက် အသက်ကြီးတယ်။

Nobody understands the situation better than you.

အခြေအနေကို မင်းထက် ဘယ်သူမှ နားမလည်ကြဘူး။

It's easier than I think.

ငါ ထင်တာထက် အဲ့ဒါက ပိုလွယ်နေတယ်။

I sing better than he does.

ကျွန်တော်က သူ့ထက် အဆိုသာတယ်။

They can speak English more fluently than me.

သူတို့ ကျွန်တော်ထက် အင်္ဂလိပ်စကားပြောတာ ပိုသွက်တယ်။

It's more expensive than I expected.

အဲ့ဒါက ငါမျှော်လင့်ထားတာထက် ပိုဈေးကြီးတယ်။

I'm older than you know.

ကျွန်တော်က ခင်ဗျားသိထားတာထက် ပိုအသက်ကြီးတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



| | | | | | |
|---|---|---|---|---|---|
| | try | refuse | prepare | prefer | |
| | learn | propose | decide | begin | |
| | remember | regret | determine | start | |
| | forget | endeavour | undertake | choose | |
| | promise | attempt | manage | continue | |
| S + | swear | fail | arrange | intend | + to + $V_10$ |
| | consent | care | seem | desire | |
| | agree | hope | like | wish | |
| | neglect | hesitate | love | want | |
| | hate | dislike | expect | fear | |
| | offer | pretend | go | need | |

**I try to** solve that issue. အဲဒီပြဿနာကိုဖြေရှင်းဖို့ကျွန်တော်ကြိုးစားကြည့်တယ်။
propose her. သူမကို ချစ်ရေးဆိုဖို့ ကြိုးစားမိတယ်။
go there. အဲဒီကို သွားဖို့ကြိုးစားနေတယ်။

**I'm trying to** approach that case. အဲဒီ case ကို ချဉ်းကပ်ဖို့ကြိုးစားနေတယ်။
fall asleep. ကိုယ်အိပ်ပျော်အောင်ကြိုးစားနေတယ်လေ။
get married her. သူမကို လက်ထပ်ဖို့ကြိုးစားခဲ့ပါတယ်။

**I'll try to** request them. သူတို့ကို တောင်းပန်ဖို့ကြိုးစားပါမယ်။
go abroad. ကျွန်တော်နိုင်ငံခြားသွားဖို့ကြိုးစားဦးမယ်။
forgive her. သူမကို ခွင့်လွှတ်ဖို့ကြိုးစားကြည့်ဦးမယ်။





| | | | | | |
|---|---|---|---|---|---|
| | tell | teach | request | wish | |
| | order | instruch | forbid | intend | |
| | invite | warn | remind | expect | |
| S + | oblige | urge | ask | force | (o)to + $V_10$ |
| | compel | advise | command | help | |
| | allow | tempt | persuade | like | |
| | permit | encourage | want | love | |
| | hate | cause | mean | dare | |

**I invite them to** have dinner. ကျွန်တော် သူတို့ကိုညစာစားဖို့ဖိတ်ကြားထားတယ်။
come along with me. ကျွန်တော် သူတို့ကိုကျွန်တော်နဲ့အတူလိုက်ဖို့ဖိတ်ကြားထားပါတယ်။
speak English. ကျွန်တော် သူတို့ကိုအင်္ဂလိပ်စကားပြောဖို့ဖိတ်ကြားထားပါတယ်။

**I invite him to** speak at the meeting. ကျွန်တော် သူ့ကိုအစည်းအဝေး၌စကားပြောဖို့ဖိတ်ကြားထားတယ်။
attend my wedding. ကျွန်တော်သူ့ကိုကျွန်တော်၏မင်္ဂလာဆောင်ကိုတက်ရောက်ဖို့ဖိတ်ကြားထားတယ်။
come to my birthday party. ကျွန်တော် သူ့ကိုကျွန်တော်၏မွေးနေ့ပွဲသို့လာဖို့ဖိတ်ကြားထားတယ်။

## Whether you like it or not
## အဲ့ဒါကို မင်းကြိုက်ကြိုက် မကြိုက်ကြိုက်

| | | |
|---|---|---|
| **Whether you** | like **it or not.** | အဲ့ဒါကို မင်းကြိုက်ကြိုက် မကြိုက်ကြိုက် |
| | eat | အဲ့ဒါကို မင်းစားစား မစားစား |
| | buy | အဲ့ဒါကို မင်းဝယ်ဝယ် မဝယ်ဝယ် |
| | give | အဲ့ဒါကို မင်းပေးပေး မပေးပေး |
| | take | အဲ့ဒါကို မင်းယူသွားသွား မသွားသွား |
| | bring | အဲ့ဒါကို မင်းယူလာလာ မလာလာ |
| | read | အဲ့ဒါကို မင်းဖတ်ဖတ် မဖတ်ဖတ် |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| *Believe it or not.* | ယုံချင်ယုံ မယုံချင်နေ။ |
| *Say it or not.* | ပြောပြော မပြောပြော။ |
| *Take it or not.* | ယူယူ မယူယူ။ |
| *Have it or not.* | စားစား မစားစား။ |
| *Buy it or not.* | ဝယ်ဝယ် မဝယ်ဝယ်။ |
| *Like it or not.* | ကြိုက်ကြိုက် မကြိုက်ကြိုက်။ |
| *Do it or not.* | လုပ်လုပ် မလုပ်လုပ်။ |
| *Sell it or not.* | ရောင်းရောင်း မရောင်းရောင်း။ |
| *Open it or not.* | ဖွင့်ဖွင့် မဖွင့်ဖွင့်။ |

## Go to + $V_1^0$ / Go and / Go + $V_1^0$

| | |
|---|---|
| **Go to** sleep. | သွားအိပ်ချေ။ |
| dance. | သွားကလေ။ |
| ask. | သွားမေးလေ။ |
| sit. | သွားထိုင်နေ။ |
| inquire. | သွားစုံစမ်းလေ။ |
| take it. | အဲ့ဒါကိုသွားယူချေ။ |

## Come and + $V_1^0$ / Come to / Come + $V_1^0$

| | |
|---|---|
| **Come and** see me. | ကိုယ့်ကိုလာကြည့်ပါဦး။ |
| take medicine. | ဆေးလာသောက်ဦး။ |
| study your lessons. | မင်းလေ့ကျင့်ခန်းတွေလာလုပ်ဦး။ |
| pound chilli. | ငရုပ်သီးလာထောင်းဦး။ |
| take a rest. | အနားလာယူလေ။ |
| take a seat. | လာထိုင်။ |





| | |
|---|---|
| kneel down. | ဒူးလာထောက်စမ်း။ |
| sing the song. | သီချင်းလာဆိုလေကွာ။ |
| join us. | တို့နဲ့ လာပူးပေါင်း။ |
| kiss me. | ကိုယ့်ကို လာနမ်းပါဦး။ |

## Do as you + V

| | |
|---|---|
| **Do as you** know. | မင်း သိသလိုလုပ်လိုက်ပါ။ |
| think. | မင်း ထင်သလိုသာလုပ်လိုက်။ |
| like. | မင်း ကြိုက်သလိုလုပ်လိုက်။ |
| understand. | မင်း နားလည်သလိုလုပ်ပါ။ |
| read it. | အဲ့ဒါကို ဖတ်တတ်သလိုဖတ်။ |
| can read it. | မင်း ဖတ်နိုင်သလိုဖတ်။ |
| love me. | မင်း ကိုယ့်ကိုချစ်ချင်သလိုသာချစ်လိုက်တော့။ |

| | | |
|---|---|---|
| Say | **as you like.** | မင်းကြိုက်သလိုသာပြောတော့ကွာ။ |
| Do | | မင်းသဘောပေါ့။ |
| Think | | စိတ်ကြိုက်စဉ်းစားပါ။ |
| Have it | | စိတ်ကြိုက်စား(ကိုယ့်အိမ်လိုသဘောထား) |
| Inquire it | | စိတ်တိုင်းကျစုံစမ်းပါ။ |
| Ask | | မင်းကြိုက်သလိုမေး(စိတ်ကြိုက်မေး ) |
| Read | | စိတ်ကြိုက်ဖတ်။ |
| Write it | | ဆန္ဒရှိတဲ့အတိုင်းရေး။ |
| Sing. | | စိတ်ကြိုက်ဆို။ |
| Stay here. | | ဒီမှာစိတ်ကြိုက်သာနေ။ |
| Sleep | | စိတ်ကြိုက်သာအိပ်။ |
| Decide it | | ကြိုက်သလိုဆုံးဖြတ်။ |



www.burmeseclassic.com

www.burmeseclassic.com



## It's time to + $V_1 0$ အချိန်ကျပြီ၊အချိန်တန်ပြီ၊အချိန်ရောက်ပြီ။

**It's time to go** there. အဲ့ဒီကိုသွားဖို့အချိန်တန်ပြီ။
stop now. တော်ဖို့အချိန်တန်ပြီ။
take a rest. အနားယူဖို့အချိန်တန်ပြီ။
start. စဖို့အချိန်တန်ပြီ။
get married. အိမ်ထောင်ပြုဖို့အချိန်တန်ပြီ။

I think it's time to go back home. အိမ်ပြန်ဖို့ အချိန်တန်ပြီလို့ ကျွန်တော်ထင်တယ်။
I hope it's time to forgive me. ငါ့ကို ခွင့်လွှတ်ဖို့ အချိန်တန်ပြီလို့ ကျွန်တော်ထင်တယ်။
I consider it's time to request her. သူမကို တောင်းပန်ဖို့ အချိန်တန်ပြီလို့ ကျွန်တော်ထင်တယ်။
I believe it's time to be successful in business.
စီးပွားရေးမှာ အောင်မြင်ချိန်တန်ပြီလို့ ကျွန်တော်ယုံကြည်တယ်။

## It's better to ဖို့ကောင်းတာပေါ့ဗျာ

**It's better to** know about that. အဲ့ဒီအကြောင်းသိတော့ပိုကောင်းတာပေါ့။
go back. ပြန်တာပိုကောင်းပါတယ်။
speak English almost time. တစ်ချိန်လုံးအင်္ဂလိပ်စကားပြောတာပိုကောင်းတယ်။
understand me. ငါ့ကိုနားလည်ရင်ကောင်းတာပေါ့။
give it up early. အဲ့ဒါကိုစောစီးစွာစွန့်လွှတ်တာကောင်းပါတယ်။
attend the class. သင်တန်းတက်တော့ပိုကောင်းတာပေါ့။
**It's better not to** drink alcohol. အရက်မသောက်တော့ပိုကောင်းတာပေါ့။
**It's better not to** speak Myanmar in the class. မြန်မာလို မပြောတာပိုကောင်း။
**It's better not to** deal with them. သူတို့နဲ့ မပေါင်းတာ ပိုကောင်းတာပေါ့။





| | | | | |
|---|---|---|---|---|
| | **happy** | **pleased** | **content** | |
| | **glad** | **delighted** | **relieved** | |
| | **sorry** | **ready** | **lucky** | |
| | **sad** | **afraid** | **fortunate** | |
| | **eager** | **anxious** | **disappionted** | |
| **Be +** | **shy** | **desirous** | **proud** | **to + $V_1 0$** |
| | **patient** | **impatient** | **ashamed** | |
| | **prepared** | **willing** | **motivated** | |
| | **determined** | **careful** | **hesitant** | |
| | **relucant** | **likely** | **certain** | |

**I'm happy to** sepeak English. ကျွန်တော်အင်္ဂလိပ်စကားပြောရတာပျော်တယ်ဗျာ။
come here. ဒီလာရတာပျော်တယ်ဗျာ။
go there. အဲ့ဒီကိုသွားရတာပျော်လိုက်တာ။
see you. မင်းကိုတွေ့ရတာပျော်တယ်ဗျာ။
play the football. ဘောလုံးကန်ရတာပျော်တယ်ဗျာ။
understand it. အဲ့ဒါကိုနားလည်လို့ ပျော်သွားတယ်။
cook the curry. ဟင်းချက်ရတာပျော်တယ်။
win them. သူတို့ကိုအနိုင်ရလို့ပျော်တယ်။
**Are you ready to** sepeak English? မင်းအင်္ဂလိပ်စကားပြောဖို့ အဆင်သင့်ဖြစ်ပြီလား။
**Are you glad to** meet me?. မင်း ငါ့ကို တွေ့ရတာ ဝမ်းသာသလား။
**Aren't you shy to** dance on the stage. မင်း စင်မြင့်ပေါ်မှာ ကရမှာ မရှက်ဘူးလား။
**I'm sorry to** trouble you. မင်းကို ဒုက္ခပေးရတာ စိတ်မကောင်းပါဘူး။
**I'm sorry to** wait for you. မင်းကို စောင့်နိုင်းထားရတာ စိတ်မကောင်းပါဘူး။
**I'm sorry to** ask you. မင်းကို မေးရတာ စိတ်မကောင်းပါဘူး။
**I'm sorry to** say like that. အဲ့ဒီလို ပြောရတာ စိတ်မကောင်းပါဘူး။
**I'm sorry not to** help you. မင်းကို မကူညီလိုက်ရတာ စိတ်မကောင်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## Hardly, rarely, scarcely, seldom

ပြောခဲ–လုပ်ခဲ–ငိုခဲ–ရန်ဖြစ်ခဲပါတယ်–ဖြစ်တောင့်ဖြစ်ခဲ–ကြုံတောင့်ကြုံခဲ–ရှားရှားပါးပါး–အနိုင်နိုင်။

✦ ✦ ✦ ✦

| | |
|---|---|
| They hardly say like that. | သူတို့အဲ့လိုပြောခဲပါတယ်။ |
| I hardly go there. | ကျွန်တော် အဲ့ဒီကိုသွားခဲပါတယ်။ |
| My father hardly drinks alcohol. | အဖေ အရက်သောက်ခဲပါတယ်။ |
| They hardly speak English each other. | သူတို့ အင်္ဂလိပ်စကားပြောခဲတယ်။ |
| She hardly tells lies. | သူမ လိမ်ပြောခဲပါတယ်။ |
| We hardly meet them. | သူတို့ကိုတွေ့ခဲတယ်ဗျ။ |
| She hardly comes here alone. | သူမ ဒီကို တစ်ယောက်တည်းလာခဲပါတယ်။ |
| She hardly returns home. | သူမ အိမ်ပြန်ခဲပါတယ်။ |
| I hardly go shopping. | ကျွန်တော် ဈေးဝယ်ထွက်ခဲပါတယ်။ |
| She's hardly absent from the class. | သူမ သင်တန်းပျက်ခဲပါတယ်။ |
| She hardly cries. | သူမငိုခဲပါတယ်။ |
| She hardly makes a talk-show. | သူမ talk-show ပြောခဲပါတယ်။ |

| | | | | |
|---|---|---|---|---|
| | **easy** | **good** | **essential** | |
| **It's +** | **hard** | **nice** | **necessary** | **to + $V_1 0$** |
| | **difficult** | **fair** | **important** | **for + N/ Pro** |
| | **possible** | **convenient** | **comfortable** | |

| | |
|---|---|
| **It's difficult for** me. | အဲ့ဒါ ငါ့အတွက်ခက်ခဲတယ်။ |
| us. | အဲ့ဒါ ငါတို့အတွက်ခက်ခဲတယ်။ |
| you. | အဲ့ဒါ မင်းအတွက်ခက်ခဲတယ်။ |
| you. | အဲ့ဒါ မင်းတို့အတွက်ခက်ခဲတယ်။ |
| him. | အဲ့ဒါ သူ့အတွက်ခက်ခဲတယ်။ |





| | |
|---|---|
| her. | အဲ့ဒါ သူမအတွက်ခက်ခဲတယ်။ |
| them. | အဲ့ဒါ သူတို့အတွက်ခက်ခဲတယ်။ |
| my lover. | အဲ့ဒါ ငါ့ချစ်သူအတွက်ခက်ခဲတယ်။ |

**It's easy for me to** make a talk-show. ငါ့အတွက် talk-show ပြောဖို့လွယ်ပါတယ်။

**to** win her love. ငါ့အတွက် သူမအချစ်ကို ပိုင်ဆိုင်ဖို့ လွယ်ပါတယ်။

**to** take meditation. ငါ့အတွက်တရားထိုင်ဖို့ လွယ်ပါတယ်။

**တစ်ဖက်သားဧည့်သည်ကို ယဉ်ယဉ်ကျေးကျေး ဖိတ်ကြားချက်တစ်ရပ်ကိုအသုံးပြုပုံ။**

## Would you like + N ----?

| | |
|---|---|
| **Would you like** some coffee? | ကော်ဖီလေး သုံးဆောင်ပါဦးလားခင်ဗျာ။ |
| some apple? | ပန်းသီး စားပါဦးလားခင်ဗျာ။ |
| some more wine? | ဝိုင်ထပ်ယူပါဦးခင်ဗျာ။ |
| some sweet? | သကြားလုံး စားပါဦးခင်ဗျာ။ |
| some desert? | အချိုပွဲလေး သုံးဆောင်ပါဦးခင်ဗျာ။ |
| some ice-cream? | ရေခဲမုန့်လေး စားပါဦးခင်ဗျာ။ |
| a sandwich? | သကြားလုံး စားပါဦးလား။ |
| a chocolate? | chocolate သုံးဆောင်ပါဦးခင်ဗျာ။ |
| a cup of tea? | လက်ဖက်ရည် သုံးဆောင်ပါဦးခင်ဗျာ။ |
| a drink? | အအေးသုံးဆောင် ပါဦးလားခင်ဗျာ။ |
| another glass of wine? | နောက်ထပ်ဝိုင် ယူပါဦးခင်ဗျာ။ |
| a cup of coffee? | ကော်ဖီ သုံးဆောင်ချင်ပါသလား။ |
| **Would you please** explain me about that? | အဲ့ဒီအကြောင်းရှင်းပြပေးနိုင်မလား။ |
| **Would you please** come here? | ဒီလာပါဦးလား။ |
| **Would you please** help me? | ကူညီနိုင်မလား။ |



www.burmeseclassic.com

www.burmeseclassic.com



**Would you please** kiss me? မွေးမွေးပေးပါဦးလား။
**( Please ) would you** love me? ကိုယ့်ကိုချစ်နိုင်မလား။
**( Please ) would you** close the door? တံခါးပိတ်ပေးပါလားခင်ဗျာ။
**Would you** open the door for me,please? တံခါးဖွင့်ပေးပါလားခင်ဗျာ။

## Would you mind + Ving ----?
### ယဉ်ယဉ်ကျေးကျေး မေတ္တာရပ်ခံတဲ့အခါ ပြောသောစကား။

**Would you mind** waiting a moment, please?
ကျေးဇူးပြုပြီးခဏလောက်စောင့်ပါခင်ဗျာ။
**Would you mind** paying me in cash, please?
ကျေးဇူးပြုပြီး ငွေသားလေး ပေးနိုင်မလားခင်ဗျာ။
**Would you mind** going out for a while, please?
ကျေးဇူးပြုပြီး အပြင်ထွက်ပေးနိုင်မလားခင်ဗျာ။
**Would you mind** singing the song ,please?
ကျေးဇူးပြုပြီးသီချင်းဆိုပြပါလားခင်ဗျာ။

**I'm sure to + $V_1$0** သေချာတယ်။
**I'm certain** သေချာပြောပါတယ်။
**I'm sure that + 1,2**
**I'm certain that + 1,2**
**Sure / certain of about**

**I'm sure to** come there. ကျွန်တော်အဲ့ဒီကိုလာမှာ သေချာပါတယ်။
speak English. ကျွန်တော်အင်္ဂလိပ်စကားပြောမှာပါ။
try best. ကျွန်တော်ကြိုးစားမှာပါ။
go back home. ကျွန်တော်အိမ်ကိုကျိန်းသေပြန်မှာပါ။





## I'm not sure how/where/when/whether/what

I'm not sure where she lives. We don't know for sure.
I'm sure you'll do well in your exam. I feel sure she will come.
I'm sure that the food will be nice. We're certain that you are guilty.

Are you quite sure that he understood your words?
Are you absolutely certain you didn't leave your keys at home?
You can't be sure what will happen because nothing is difinite.

I'm certain of that.အဲ့ဒါသေချာတယ်။ There is no doubt.သံသယမရှိပါဘူး။
I'm certain about that.အဲ့ဒီအကြောင်းသေချာတယ်။

**Are you sure to** go abroad? မင်းနိုင်ငံခြားသွားမှာသေချာလား။
attend the class? မင်းသင်တန်းတက်မှာလား။
come back? မင်းပြန်လာမှာသေချာလား။
stay here? မင်း ဒီမှာတည်းခိုမှာသေချာလား။
get married me? ရှင် ကျွန်မကိုလက်ထပ်မှာလား။
apologize them? မင်း သူတို့ကိုတောင်းပန်မှာလား။
forgive her? မင်း သူမကိုခွင့်လွှတ်မှာလား။
betray your boss?မင်း ဆရာကိုသစ္စာဖောက်မှာလား။
help her? သူမကိုကူညီမှာသေချာလို့လား။
**Aren't you sure to** come here? မင်းဒီကို လာဖို့ မသေချာဘူးလား။
**Aren't you sure to** attend the class today? ဒီနေ့သင်တန်းတက်ဖို့မသေချာဘူးလား။
**Aren't you sure to** take a trip? မင်း ခရီးထွက်ဖို့ မသေချာဘူးလား။
**Aren't you sure to** get married? မင်း လက်ထပ်ဖို့ မသေချာဘူးလား။
**Aren't you sure to** buy it? မင်းအဲ့ဒါကို ဝယ်ဖို့ မသေချာဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



Be + **amazed to** / **surprised to** / **astonished to** / **stunned to** / **shocked to** + $V_1 0$ / that + 1,2

| | | |
|---|---|---|
| Be + | **amazed to** | အံ့သြတယ်။ |
| | **surprised to** | အံ့သြတယ်။ |
| | **astonished to** | + $V_1 0$ / that + 1,2 |
| | **stunned to** | အံ့သြတယ်။ |
| | **shocked to** | အထိတ်တလန့်ဖြစ်ရတယ်။ |

**We're surprised to** see her picture in the newspaper.

**We're surprised to** hear that news.

**We're surprised to** learn about it.

**I'm really surprised** that he remembered my birthday.

**I'm amazed** that the bank keeps leanding him money.

**I'm amazed** to see./to learn./to know /to love her./to come cross him.

**I'm astonished to** see./ hear./ find./ not to forget it./ not to think it.

**Kyaw Kyaw was astonished to** see Aung Aung and Phyu Phyu kissing.

**As far as I** see, ကိုယ်မြင်ရသလောက်တော့၊ / hear, ကိုယ်ကြားမိသလောက်တော့၊
have an experience, ကိုယ်အတွေ့အကြုံရှိသလောက်တော့၊
learn English, အင်္ဂလိပ်စာကို လေ့လာထားသလောက်၊
study it, အဲ့ဒါကိုလေ့လာမိသလောက်၊ / understand it,အဲ့ဒါကိုနားလည်သလောက်
know it , ကိုယ်သိသလောက်၊ / ask him , သူ့ကိုမေးသလောက်တော့။

Going to tell you as far as I know it. ငါသိသလောက်တော့ပြောပြမယ်။

You also know as far as I know. ကိုယ်သိသလောက် မင်းလည်းသိတာပဲ။

You must love me as far as I love you. ငါချစ်သလောက်မင်းလဲချစ်တာပဲ။

I can answer my best as far as they asked. သူတို့မေးသလောက်တော့ ဖြေနိုင်ပါတယ်။

I will explain it as far as I realize. ငါ နားလည်သလောက်တော့ ရှင်းပြမယ်။

Child play for me as far as they speak English.သူတို့ပြောသလောက်တော့ ငါကျေနပ်တယ်





To + $V_1 0$ လုပ်ဖို့၊ လုပ်ရန်။(ဒါတွေPhrase များဖြစ်သည်)

Not to + $V_1 0$ မလုပ်ဖို့၊ မလုပ်ရန်။

**To** understand me,
speak English,
go there,
ask the question,
sleep soundly,
stay quietly,
come back,
respect them,
take a bath,
forget it,
try best,
take care of her,
sympathize them,
invite them,

**Not To** cry,
tell lies,
pretend,
drink,
hate me,
make a noise,
bully,
ill-treat,
smoke,
return home,
insult other,
abuse like that,
doubt them,
play cards,

I want to tell you to take a test again.

…စ်ပြီးအနားယူဖို့ ငါမင်းကို ပြောချင်တယ်ကွာ။

Can you give me a promise not to contact with her.

…မနဲ့ အဆက်အသွယ်မလုပ်ဖို့ မင်း ငါ့ကို ကတိပေးနိုင်မလား။

It's very important not to decide at once whatever you do.

…တာပဲလုပ်လုပ် ချက်ချင်း မဆုံးဖြတ်ဖို့ အရေးကြီးတယ်။

I don't ask for you to love me, but I want you to know about my heart.

…ကို ချစ်ဖို့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ချစ်တဲ့အကြောင်းကိုတော့ သိစေချင်တယ်လေ။

Please be carefull not to speak Myanmar in the class.

…တန်းထဲမှာ မြန်မာ စကားမပြောဖို့ သတိထားကြပါ။



www.burmeseclassic.com

www.burmeseclassic.com



## အမိန့်ပေးပုံ၊ တောင်းပန်ပုံများ-

ဒီပုံစံများတွင် You အနည်းအများကို အမြဲတန်း မြုပ်ထားသည်ကို သဘောပေါက်ပါ။
တစ်ခါတရန်မှာ အရပ်သုံး စကားများမှာ အချို့သော အမိန့်ပေးပုံစံများသည်
အမိန့်ပေးရာမရောက်ဘဲရှိတတ်သည်။

Kiss me. - မွှေးမွှေးပေးပါ။
love your parents. - မိဘတွေကိုချစ်ကြပါ။
Believe me. - ယုံပါကွာ/ကွယ်။
Stay away from him. - သူနဲ့ခပ်တန်းတန်းနေကွာ။
Keep your mind calm. - စိတ်ငြိမ်ငြိမ်ထားစမ်းပါ။
Pay more attention . - နားဆင်ကြည့်ပါ။
Speak it out. - ဖွင့်ပြောပါ။
Speak loudly. - ကျယ်ကျယ်ပြောပါ။
Make yourself at home. - ကိုယ့်အိမ်လို သဘောထားပါ။

**Don't** lick your fingers. - လက်ကိုမလျက်ပါနဲ့။
cry loudly. - အော်မငိုပါနဲ့။
tell lies me. - ငါ့ကိုမလိမ်နဲ့။
believe it. - အဲ့ဒါကိုမယုံနဲ့။
make a joke. - မနောက်ပါနဲ့ဗျာ။
fortget it. - အဲ့ဒါကို မမေ့နဲ့နော်။
mention it . - အဲ့ဒါကို ပြောမနေစမ်းပါနဲ့။
mind me. - စိတ်မဆိုးပါနဲ့။
mock at me. - ငါ့ကိုမလှောင်ပါနဲ့ကွာ။
ask me about that. - အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ကိုမမေးနဲ့။
do it again. - အဲ့ဒါကို ထပ်မလုပ်ပါနဲ့။





## Please + $V_10$ ယဉ်ကျေးဖွယ်ရာမှာ ပြုလုပ်ရန် တောင်းပန်ပုံ။

**Please** come here. - ကျေးဇူးပြုပြီး ဒီလိုလာပါဦးကွယ်။
come in. - ကျေးဇူးပြု၍ ဝင်လာပါ။
hug me. - ကျေးဇူးပြု၍ ဖက်ထားပေးပါ။
make an effort. - ကျေးဇူးပြု၍ ကြိုးစားပါ။
keep in mind. - ကျေးဇူးပြု၍ မမေ့ပါနဲ့နော်။
tell them apart. - ကျေးဇူးပြု၍သူတို့ကို ခွဲခြားပြောပေးပါနော်။
take charge of this plan. - ဒီအစီအစဉ်ကို တာဝန်ယူပေးပါ။
hold still. - ကျေးဇူးပြု၍ ငြိမ်ငြိမ်လေး နေကြပါခင်ဗျာ။
see her off. - ကျေးဇူးပြု၍ သူမကိုလိုက်ပို့ပေးလိုက်ပါဦး။
hold on a minute. - ကျေးဇူးပြု၍ ခဏလောက် ဖုန်းကိုင်ထားပေးပါဦး။
keep in touch with me. - ကျေးဇူးပြု၍ ကျွန်တော်နှင့် ဆက်သွယ်ပါ။

## Please don't + $V_10$ ယဉ်ကျေးစွာ မလုပ်ရန် တောင်းပန်ပုံ။

**Please don't** go there. - ကျေးဇူးပြုပြီးအဲ့ဒီကိုမသွားပါနဲ့။
come here. - ကျေးဇူးပြုပြီးဒီလိုမလာကြပါနဲ့။
do like that. - ကျေးဇူးပြုပြီးအဲ့ဒီလိုမလုပ်ကြပါနဲ့။
tell lies me. - ကျေးဇူးပြုပြီးကျွန်တော့်ကိုမညာပါနဲ့။
believe them. - ကျေးဇူးပြုပြီးသူတို့ကိုမယုံပါနဲ့။
make a noise. - ကျေးဇူးပြုပြီးမဆူကြပါနဲ့။
make a joke. - ကျေးဇူးပြုပြီးမနောက်ကြပါနဲ့ဗျာ။
pretend. - ကျေးဇူးပြုပြီးဟန်မဆောင်ကြပါနဲ့။
cry. - ကျေးဇူးပြုပြီးမငိုပါနဲ့ကွာ/ဟာ။



www.burmeseclassic.com

www.burmeseclassic.com



## BE + N နဲ့ အမိန့်ပေး/တောင်းပန်ပုံ

| | |
|---|---|
| **Be** an officer. | အရာရှိဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| an engineer. | အင်ဂျင်နီယာဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| a doctor. | ဆရာဝန်ဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| a judge. | တရားသူကြီးဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| a tour guide. | ဧည့်လမ်းညွှန်ဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| a good teacher. | ဆရာကောင်းဖြစ်အောင်လုပ်/ကြိုးစားပါ။ |
| **Be** a seaman. | သင်္ဘောသားဖြစ်အောင်လုပ်ပါ။ |
| a headmaster. | ကျောင်းအုပ်ကြီးဖြစ်အောင်ကြိုးစားကွာ။ |
| **Be** clever students. | လိမ္မာတဲ့ကျောင်းသားတွေဖြစ်အောင်လုပ်ကြပါ။ |
| good leaders. | ခေါင်းဆောင်ကောင်းတွေဖြစ်အောင်လုပ်ကြပါ။ |

| | |
|---|---|
| **Don't be a** waiter. | စားပွဲထိုးတော့မလုပ်ပါနဲ့ကွာ။ |
| clerk. | စာရေးတော့မလုပ်ပါနဲ့။ |
| carpenter. | လက်သမားတော့မလုပ်ပါနဲ့။ |
| mason. | ပန်းရံတော့မလုပ်ပါနဲ့။ |
| salesgirl. | အရောင်းစာရေးမတော့မလုပ်ပါနဲ့။ |

| | |
|---|---|
| **Please be** an actor. | ကျေးဇူးပြု၍ သရုပ်ဆောင်ဖြစ်အောင်ကြိုးစားပါ။ |
| a sailor. | ကျေးဇူးပြု၍ သင်္ဘောသားတစ်ယောက်ဖြစ်အောင်ကြိုးစားပါ။ |
| a hoteler. | ကျေးဇူးပြု၍ ဟိုတယ်ပိုင်ရှင်ဖြစ်အောင်ကြိုးစားပါ။ |
| a banker. | ကျေးဇူးပြု၍ ဘဏ်သူဌေးဖြစ်အောင်ကြိုးစားပါ။ |
| a chief justice. | ကျေးဇူးပြုပြီး တရားသူကြီးဖြစ်အောင်ကြိုးစားပါ။ |
| a businessman. | ကျေးဇူးပြုပြီး စီးပွားရေးလုပ်ငန်းရှင်ဖြစ်အောင်ကြိုးစားပါ။ |
| a doctor. | ကျေးဇူးပြုပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင်ကြိုးစားပါ။ |
| a professor. | ကျေးဇူးပြုပြီး ပါမောက္ခဖြစ်အောင်ကြိုးစားပါ။ |





| | |
|---|---|
| a boss. | ကျေးဇူးပြုပြီး boss တစ်ယောက်ဖြစ်အောင်ကြိုးစားပါ။ |
| a rector. | ကျေးဇူးပြုပြီး ပါမောက္ခချုပ်ဖြစ်အောင်ကြိုးစားပါ။ |

| | |
|---|---|
| **Please don't be** boat man. | ကျေးဇူးပြုပြီး လှေထိုးသမားမလုပ်ပါနဲ့။ |
| gambler. | ကျေးဇူးပြုပြီး လောင်းကစားသမားမလုပ်ပါနဲ့။ |
| hair-dresser. | ကျေးဇူးပြုပြီး ဆံပင်ညှပ်သမားမလုပ်ပါနဲ့။ |
| factotum. | ကျေးဇူးပြုပြီး အစေခံမလုပ်ပါနဲ့။ |

| | |
|---|---|
| **Please don't be** broker. | ကျေးဇူးပြုပြီး ပွဲစားမလုပ်ပါနဲ့။ |
| bus-conductor. | ကျေးဇူးပြုပြီး စပယ်ယာမလုပ်ပါနဲ့။ |
| cobbler. | ကျေးဇူးပြုပြီး ဖိနပ်ချုပ်သမားမလုပ်ပါနဲ့။ |
| alcoholic. | ကျေးဇူးပြုပြီး အရက်သမားမဖြစ်ပါစေနဲ့။ |

| | |
|---|---|
| **Please be** in. | ကျေးဇူးပြုပြီး ဝင်လာပါခင်ဗျာ။ |
| aside. | ကျေးဇူးပြု၍ ဘေးဖယ်ပေးပါခင်ဗျာ။ |
| out. | ကျေးဇူးပြုပြီး အပြင်ထွက်ပေးပါနော်။ |
| front. | ကျေးဇူးပြုပြီး ရှေ့တိုးကြပါ။ |
| back. | ကျေးဇူးပြုပြီး နောက်မှာနေကြပါ။ |
| into. | ကျေးဇူးပြုပြီး အထဲအထိဝင်ကြပါ။ |
| by sea. | ကျေးဇူးပြုပြီး သင်္ဘောနဲ့သွားပါ။ |
| by air. | ကျေးဇူးပြုပြီး လေယာဉ်နဲ့ခရီးသွားပါ။ |
| near to me. | ကျေးဇူးပြုပြီး ကိုယ့်နားတိုးပါဦး။ |
| **Please be** on the sand. | ကျေးဇူးပြုပြီး သဲသောင်ပြင်ပေါ်မှာနေပါ။ |
| beside the window. | ကျေးဇူးပြု၍ ပြတင်းပေါက်ဘေးမှာနေပါ။ |
| outside for a while. | ကျေးဇူးပြု၍ အပြင်မှာခဏနေပါဦး |



www.burmeseclassic.com

www.burmeseclassic.com



**Please don't be** inside at once. ကျေးဇူးပြုပြီး ချက်ချင်းဝင်မလာပါနဲ့ဦး။

away. ကျေးဇူးပြုပြီး အဝေးထွက်မသွားပါနဲ့ဦး။

out of doors. ကျေးဇူးပြုပြီး အပြင်မှာမနေကြပါနဲ့။

behind the door. ကျေးဇူးပြု၍ အပြင်မှာမနေကြပါနဲ့။

outside. ကျေးဇူးပြုပြီး အပြင်မထွက်ပါနဲ့။

off. ကျေးဇူးပြုပြီး ထွက်မသွားပါနဲ့။

with me. ကျေးဇူးပြုပြီး ငါနဲ့ မနေပါနဲ့။

near me. ကျေးဇူးပြုပြီး ငါ့နားမကပ်ပါနဲ့။

under the bridge. ကျေးဇူးပြုပြီး တံတားအောက်မှာမနေပါနဲ့။

## Be + Place အမိန့်ပေး/ တောင်းပန်မှု

| | | | | | |
|---|---|---|---|---|---|
| **Be** | here. | ဒီမှာနေ။ | **Be** | outside. | အပြင်မှာနေ။ |
| | at home. | အိမ်မှာနေ။ | | inside. | အထဲမှာနေ။ |
| | out. | အပြင်ထွက်။ | | up. | ထစမ်း။ |
| | in. | ဝင်လာခဲ့ပါ/ဝင်ခဲ့။ | | near her. | သူမနားမှာနေ။ |
| | away. | ထွက်သွားစမ်းပါ။ | | down. | အောက်ကိုသွား။ |
| | off. | ဝေးဝေးနေ။ | | | |
| | near me. | ကိုယ့်နားမှာနေပါ။ | | with them. | သူတို့နဲ့နေပါ။ |
| | with me. | ကိုယ်နဲ့အတူနေပါ။ | | for you. | မင်းအတွက်ပဲဖြစ်ရမယ်။ |
| | in front. | ရှေ့မှာနေလေ။ | | for me. | ကိုယ့်အတွက်ပဲဖြစ်စေရမယ်။ |
| | back. | နောက်မှာနေ။ | | near mam. | အမေ့နားမှာနေ။ |
| | into. | အထဲကိုဝင်လေ။ | | near dady. | အဖေ့နားမှာနေ။ |
| | except me. | ငါကလွဲရင်ရှိပစေ။ | | upstaris. | အပေါ်ထပ်သွား။ |
| | after me. | ငါအရင်လုပ်လိုက်မယ်။ | | downstaris. | အောက်ထပ်ဆင်း |





**Don't** be in. ဝင်မလာနဲ့။

out. ထွက်မသွားနဲ့။

near me. ငါ့နားမှာမနေနဲ့။

in the class. အတန်းထဲမှာနေနဲ့။

under the tree. သစ်ပင်အောက်မှာမနေနဲ့။

with him. သူနဲ့မနေနဲ့။

infront of me. ငါ့ရှေ့မှာမနေနဲ့။

here. မင်းဒီမှာမနေနဲ့။

outside. မင်းအပြင်မထွက်နဲ့။

inside. အထဲမှာမနေနဲ့။

## BE + Ved /en ( past participle )
## အမိန့်ပေး/ တောင်းပန်မှု

**Be** pleased. ဝမ်းသာစမ်းပါ။

satisfied. ကျေနပ်ပါ။

seated. ထိုင်ပါ။

delighted. ပီတိဖြစ်လိုက်စမ်းပါ။

disarmed. အမျက်တော်ပြေပါကွယ်။

mollified. စိတ်ပြေပါတော့ကွယ်။

**Don't be** disappionted. စိတ်မပျက်ပါနဲ့။

deflated. သိမ်ငယ်မနေပါနဲ့။

annoyed. စိတ်အနှောက်အယှက်ဖြစ်မနေပါနဲ့။

excited. စိတ်လှုပ်ရှားမနေနဲ့။

surprised. အံ့ဩမနေပါနဲ့။

puzzled. စိတ်ရှုပ်မနေစမ်းပါနဲ့။

conciliated. မကျေအေးနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



**Please be** satisfied. ကျေးဇူးပြုပြီး ကျေနပ်ပေးကြပါ။
interested. ကျေးဇူးပြုပြီး စိတ်ဝင်စားကြပါ။
pleased. ကျေးဇူးပြုပြီး ဝမ်းသာကြပါ။

**Please don't be** disappointed. ကျေးဇူးပြုပြီး စိတ်ပျက်မနေကြစမ်းပါနဲ့။
surprised. ကျေးဇူးပြုပြီး အံ့ဩမနေကြပါနဲ့။
frightened. ကျေးဇူးပြုပြီး ကြောက်လန့်မနေကြပါနဲ့။
depressed. ကျေးဇူးပြုပြီး စိတ်ဓါတ်ကျမနေကြပါနဲ့။
humiliated. ကျေးဇူးပြုပြီး ဂုဏ်သရေ မပျက်စေနဲ့နော်။
shamed. ကျေးဇူးပြုပြီး အရှက်မကွဲစေနဲ့။
scolded. ကျေးဇူးပြုပြီး အဆူမခံရစေနဲ့နော်။

## BE + Adjective အမိန့်ပေး/တောင်းပန်ပုံ။

**Be** happy. – ပျော်ပျော်နေပါ။ ပျော်ပျော်နေစမ်းပါ။
kind to me. – ကိုယ့်ကိုကြင်နာပါ။
active. – သွက်သွက်လေးကွာ။
lucky. – မင်းကံကောင်းမှာပါ။
quick. – မြန်မြန်လေးကွာ။
brave. – သတ္တိရှိစမ်းပါ။
sure. – သေချာပါစေ။
silent. – ငြိမ်ငြိမ်နေစမ်း။
pious. – ဘုရားတရား ကြည်ညိုပါ။
glad. – ဝမ်းသာစမ်းပါ။
honest. – ရိုးရိုးသားသားနေပါ။
patient. – စိတ်ရှည်/သည်းခံပါ။
polite. – ယဉ်ကျေးစမ်းပါ။
clever. – လိမ္မာစမ်းပါ။





**Don't be** lazy. – မပျင်းပါနဲ့။
cruel. – မရက်စက်ပါနဲ့။
late. – နောက်မကျစေနဲ့။
dirty. – မညစ်ပတ်နဲ့ကွာ။
greedy. – လောဘမကြီးစမ်းပါနဲ့။
afraid of me. – ငါ့ကိုမကြောက်ပါနဲ့။
stingy. – ကပ်စေးမနှဲပါနဲ့။
sad. – ဝမ်းမနည်းပါနဲ့။
angry with me. – ငါ့ကိုစိတ်မဆိုးပါနဲ့။
shy. – မရှက်ပါနဲ့။
jealous of her. – သူမကိုမနာလိုမဖြစ်ပါနဲ့။
foolish. – မမိုက်မဲပါနဲ့။
silly. – မကြောင်စမ်းပါနဲ့။
petulant. – စိတ်မကောက်ပါနဲ့။

**Please be** quiet. – ငြိမ်ငြိမ်နေပါ။
slow. – ဖြေးဖြေးလေး။
smart. – သားသားနားနားနေစမ်းပါ။
neat and tidy. – သေသေ သပ်သပ်နေစမ်းပါ။
deligent. – ဝီရိယစိုက်ပါ။
good-tempered. – စိတ်ကောင်းထားပါ။
broad-minded. – သဘောထားကြီးကြပါ။
sharp. - ပါးပါးနပ်နပ်နေကြပါ။
attentive to baby. - ကလေးကိုဂရုစိုက်ပါ။
obedient to parents. – မိဘစကားကိုနားထောင်ကြပါ။
frank. – ပွင့်လင်းကြပါ။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| **Please don't be** | noisy. | – ကျေးဇူးပြု၍ မဆူကြပါနဲ့။ |
| | selfish. | – ကျေးဇူးပြု၍ တစ်ကိုယ်ကောင်းမဆန်ပါနဲ့။ |
| | curious. | – ကျေးဇူးပြု၍ မစပ်စုစမ်းပါနဲ့။ |
| | obstinate. | - ကျေးဇူးပြု၍ ခေါင်းမမာစမ်းပါနဲ့။ |
| | crafty. | - ကျေးဇူးပြု၍ မကောက်ကျစ်ပါနဲ့။ |
| | short-minded. | – ကျေးဇူးပြု၍ စိတ်မတိုစမ်းပါနဲ့။ |
| | aggressive. | – ကျေးဇူးပြု၍ ရန်မလိုစမ်းပါနဲ့ခင်ဗျာ။ |
| | arrogant. | – ကျေးဇူးပြု၍ မမောက်မာကြပါနဲ့။ |
| | over-anxious. | – ကျေးဇူးပြု၍ စိတ်စောမနေကြပါနဲ့။ |
| | ill-bred. | – ကျေးဇူးပြု၍ အောက်တန်းမကျကြပါနဲ့။ |
| | downcast. | – ကျေးဇူးပြု၍ စိတ်အားငယ်မနေကြပါနဲ့။ |
| | fanciful. | – ကျေးဇူးပြု၍ စိတ်ကူးယဉ်မနေကြပါနဲ့။ |

အောက်ပါ စကားလေးခွန်းကို အမျိုးမျိုး စကားဆက်တွေနဲ့ ပေါင်းစပ်ကာ ဝါကျတစ်ကြောင်း၊ နှစ်ကြောင်း၊ သုံးကြောင်း၊ လေးကြောင်း စသည်ဖြင့် ဆက်ပုံဆက်နည်းတွေကို အသုံးပြုသွားလိမ့်မယ်။ စကားပြောအတွက်သာမက အရေးအတွက်လည်း ကောင်းကောင်းကြီး နားလည်သွားမယ်။ နံပါတ် ၁ ၊ ၂ ၊ ၃ ၊ ၄ ၊ ကို မှတ်သားနိုင်သမျှ မှတ်သားထားပါ။ စကားပြောတတ်၊ ရေးတတ်လာရင် ဝါကျတစ်ကြောင်းတည်း မပြောချင်တော့ဘူး ဝါကျ နှစ်ကြောင်း၊ သုံးကြောင်း ပြောဖို့ ရေးဖို့ ကြိုးစားလာလိမ့်မယ်။ အဲဒီအခါကျရင် အမှန်တကယ် အထောက်အကူပေးပါလိမ့်မယ်။

do, does, did, (will do) - Verb to do - အတွက်။

( 1 ) You speak English. — မင်း အင်္ဂလိပ်စကားပြောတယ်။
( 2 ) You don't speak English. — မင်း အင်္ဂလိပ်စကား မပြောဘူး။
( 3 ) Do you speak English? — မင်း အင်္ဂလိပ်စကား ပြောသလား။
( 4 ) Don't you speak English? — မင်း အင်္ဂလိပ်စကား မပြောဘူးလား။





have, has, had, ( will have)+ Past Participle. Verb to have - အတွက်။

( 1 ) You have spoken English. — မင်း အင်္ဂလိပ်စကားပြောဖူးတယ်။
( 2 ) You haven't spoken English. — မင်း အင်္ဂလိပ်စကား မပြောဖူးဘူး။
( 3 ) Have you spoken English? — မင်း အင်္ဂလိပ်စကားပြောဖူးလား။
( 4 ) Haven't you spoken English? — မင်း အင်္ဂလိပ်စကား မပြောဖူးဘူးလား။

am, is, are, was, were, (will be) Verb to be - အတွက်။

( 1 ) You are happy. — မင်း ပျော်တယ်။
( 2 ) You aren't happy. — မင်း မပျော်ဘူး။
( 3 ) Are you happy? — မင်း ပျော်သလား။
( 4 ) Aren't you happy? — မင်း မပျော်ဘူးလား။

will-would / can-could / shall-should / may- might / must + $V_1^0$ helping Verb - အတွက်။

( 1 ) You can speak English. — မင်း အင်္ဂလိပ်စကားပြောနိုင်တယ်။
( 2 ) You can't speak English. — မင်း အင်္ဂလိပ်စကားမပြောနိုင်ဘူး။
( 3 ) Can you speak English? — မင်း အင်္ဂလိပ်စကားပြောနိုင်သလား။
( 4 ) Can't you speak English? — မင်း အင်္ဂလိပ်စကားမပြောနိုင်ဘူးလား။

အင်္ဂလိပ်စာတွင် ကြိယာသည် အထက်ပါအတိုင်း ပုံစံလေးမျိုးရှိသည် အဲ့ဒါကြောင့် ရအောင်လုပ်ပါ။ ကြိယာကိုလည်း တစ်လုံးကို ( ၄ )လုံး( ၅ )ရအောင်ကျက်မှတ်ပါ။ အောက်ပါပုံစံများကို ရှုပါ။

| | | | | |
|---|---|---|---|---|
| speak | speaking | spoke | spoken | |
| tell | telling | told | told | |
| take | taking | took | taken | |
| come | coming | came | come | |
| eat | eating | ate | eaten | |
| speak | speaks | speaking | spoke | spoken |



www.burmeseclassic.com

www.burmeseclassic.com



## ဝါကျ နှစ်ကြောင်း၊ သုံးကြောင်း၊ ရေးပုံ ရေးနည်း။ ပြောပုံ ပြောနည်းများ။

1 နဲ့2 ရဲ့ရှေ့မှာW/H, after, as soon as စသည်ဖြင့်စကားဆက်များထည့်ထားတာတွေနဲ့

1- N+who, whom, that +1,2
2- N+who, that + V
3- N+ which, that + 1,2
4- N+ which, that V
5- N+ who, that+ be + past participle
6- N+which, that+ be + past participle
7- N + who, (whom) that+ has have had will have+ been+ past participle (V3)
8- N + which, that+ has have had will have+been+ past participle
9- N + who, that+ has have had will have+ past participle
10 - N + which, that + has have had will have+ past participle တို့ကို (၁)စကားကြီးခြောက်ခွန်း။(၂) W/H+3,4 ပုံစံ။(၃)အမိန့်ပေးဝါကျ။(၄)တောင်းပန်ဝါကျ။ ဒီပုံစံတွေထဲကတစ်ခုခုနဲ့ထပ်ပေါင်းရင်Complex Sentence ဖြစ်ကာစကားဆုံးသွားပြီ။ ဒါဆိုရင် အဓိပ္ပါယ်ပြည့်စုံတာ အဆင့်မြင့်မြင့် ပြောတတ်၊ ရေးတတ် လာပါလိမ့်မယ်။

ဝါကျတစ်ကြောင်းအတွက်သည် အပေါ်က စကား( ၄ )ခွန်းကို ရရင် အဆင်ပြေနိုင်ပေမယ့် ဝါကျ နှစ်ကြောင်းဆက်၊ သုံးကြောင်းဆက်တွေကို ပြောချင် ရေးချင်ရင် အောက်ဖော်ပြပါ စကားဆက်တွေကို မရရင် အဆင်မပြေနိုင်ဘူး။ (ဉာဏ်ကောင်းလို့ ဝါကျတွေကို အလွတ်ကျက်မှတ်တဲ့ စနစ်ကိုကျင့်သုံးတာကိုတော့မဆိုလိုပါဘူး)။ဝါကျတွေကောဘယ်လောက်ထိအလွတ်ကျက်မှတ်နိုင်မှာလဲ။ ကိုယ်ပိုင်အတွေးတွေကိုကိုယ်ပိုင်ဝါကျနဲ့တည်ဆောက်ပြီးနေရာတိုင်းမှာအချိန်အခါတိုင်းမှာအံဝင်ခွင်ကျ ပြောနိုင် ရေးနိုင်ဖို့က ပိုအရေးကြီးတဲ့အတွက်ကြောင့် အောက်ပါတို့ကို အရင်လေ့လာထားပေးပါ။





(1) Why အစရှိတဲ့စကားဆက်များရဲ့နောက်မှာ1,2 လိုက်ရင်စကားမဆုံးသေးclause ဟု မှတ်ပါ။

(2) W/H +3,4 ပုံစံသည်လဲမေးခွန်း။W/H မေးခွန်း၊Yes, No နဲ့ဖြေလို့မရသောမေးခွန်း ပုံစံများ ဖြစ်ပါသည်။

ဥပမာ ပြမယ်။

W/H + 3 ပုံစံအတွက်။(ဒါတွေဟာစကားဆုံးနေပြီ။)

| | |
|---|---|
| Why do you come here? | မင်း ဘာ့ကြောင့်လာတာလဲ။ |
| Where do you live? | မင်း ဘယ်မှာနေသလဲ။ |
| When do you sleep at night? | မင်းညမှာဘယ်အချိန်အိပ်ပါသလဲ။ |
| How do you go there? | မင်း အဲ့ဒီကို ဘယ်လိုသွားပါသလဲ။ |
| What do you mean? | မင်း ဘာဆိုလိုတာလဲ။ |
| Who do you rely on? | မင်း ဘယ်သူ့ကို အားကိုးနေတာလဲ။ |

W/H + 4 ပုံစံအတွက်။(ဒါတွေဟာစကားဆုံးနေပြီ။)

| | |
|---|---|
| Why don't you love me? | မင်းငါ့ကို ဘာ့ကြောင့် မချစ်တာလဲ။ |
| Where don't you want to go? | မင်း ဘယ်ကို မသွားချင်တာလဲ။ |
| When don't you work? | မင်း ဘယ်အချိန်မှာ အလုပ်မလုပ်ဘူးလဲ။ |
| How don't you come here? | မင်း ဒီကို ဘာဖြစ်လို့ မလာတာလဲ။ |
| What don't you understand? | မင်း ဘာကို နားမလည်တာလဲ။ |
| Who don't you believe? | မင်း ဘယ်သူ့ကို မယုံကြည်တာလဲ။ |



www.burmeseclassic.com

www.burmeseclassic.com



W/H , after, as soon as စသည်+ 1, 2 ပုံစံအတွက်။ဒီပုံစံတွေတာစကားမဆုံးသေးပါ။

Why you come here,
Why you don't come here,

Because they attend English speaking class,
Because they don't attend English speaking class,

If she dances on the stage,
If she doesn't dance on the stage,

**W/H + 1, 2, 3, 4 ပုံစံတို့ကိုပုံဖော်လေ့လာကြည့်ခြင်း။**

| | |
|---|---|
| 1- Why you come here, | မင်း ဘာ့ကြောင့် ဒီကို လာသလဲဆိုတာ၊ |
| 2- Why you don't come here, | မင်း ဘာ့ကြောင့် ဒီကို မလာသလဲဆိုတာ၊ |
| 3- Why do you come here? | မင်း ဘာ့ကြောင့် ဒီကို လာတာလဲ။ |
| 4- Why don't you come here? | မင်းဘာ့ကြောင့်ဒီကိုမလာတာလဲ။ |

**W/H မေးခွန်းမှန်ရင်ဒီပုံစံ(၄)ခုပဲရတယ်။**

အဲ့ဒီထဲမှာ ၁၊ ၂ တို့သည် စကားမဆုံးသေးပါ။ ၃၊ ၄ တို့သည် စကားဆုံးသွားပြီ။ ဒါတွေကို ရထားမယ်ဆိုရင် အင်္ဂလိပ်စကားပြော၊ စာရေးမှာ အဆင်ပြေသွားမယ်။ မသိရင်တော့ နည်းနည်းခက်ခဲနိုင်ပါတယ်။ အင်္ဂလိပ်စာနဲ့ပတ်သက်လို့အခက်အခဲမတွေ့ချင်မကြုံချင်ရင်ဒါတွေကိုရအောင်လုပ်ထားပေးပါ။

## Main Clause နှင့် Subordinate Clause ခွဲပုံ

1 နဲ့ 2 ရဲ့ ရှေ့မှာW/H, after, as soon as စသည်ဖြင့် စကားဆက်များ ထည့်ထားတာတွေနှင့် N+who, whom, that +1,2 စသည့် (၁၀)မျိုးကိုတွေ့ရင် အမြဲတမ်း မှီခိုပုဒ်စု Subordinate Clause လို့မှတ်။ ထပ်ပေါင်းလာတဲ့ simple sentence (သို့) compound sentence ကိုအမြဲတမ်း main clause လို့မှတ်ပါ။





## Subordinating Comjunctions ( Complex Sentence အတွက် clause- မှီခိုစကားဆက်များဖြစ်ပါသည်။

| | |
|---|---|
| Why | ဘာ့ကြောင့်၊ဘာ့ကြောင့်လဲ။ |
| Where | ဘယ်မှာ၊ ဘယ်မှာလဲ၊ ဘယ်က၊ ဘယ်ကို။ |
| When | ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်တုန်းက၊ ဘယ်တုန်းကလဲ။ |
| How | ဘယ်လို၊ ဘယ်ပုံ၊ ဘယ်နည်း၊ ဘယ်လိုလဲ။ |
| What | ဘာက၊ ဘာတွေက၊ ဘာကို၊ ဘာတွေကို၊ ဘာလဲ။ |
| Who | ဘယ်သူသည်၊ဘယ်သူတို့သည်၊ဘယ်သူကို၊ဘယ်သူတို့ကို၊ဘယ်သူလဲ။ |
| Why ever | ဘာကြောင့်၊ ဘာကြောင့်များ၊ ဘာဖြစ်လို့များ၊ (အံ့အားတသင့်သုံးသော) |
| Wherever | ဘယ်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမဆို၊ ဘယ်နေရာဖြစ်ဖြစ်၊ နေရာတိုင်းမှာ။ |
| Whenever | ဘယ်အချိန်ဖြစ်ဖြစ်၊ဘယ်အချိန်မဆို၊ဘယ်တော့ပဲဖြစ်ဖြစ်၊ဘယ်အခါမဆို။ |
| However | ဘယ်လိုပဲဖြစ်ဖြစ်၊ စေကာမူ၊ သော်ငြားလည်း၊ ပေမယ့်၊ ဘယ်လို၊ မည်သို့ပင်ဖြစ်ဖြစ်၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ်။ |
| Whatever | ဘာပဲဖြစ်ဖြစ်၊ ဘယ်ဟာမဆို၊ ဘာမဆို၊ ဘာ။ |
| Whoever | ဘယ်သူပဲဖြစ်ဖြစ်၊ မည်သူမဆို၊ ဘယ်လိုလူပဲဖြစ်ဖြစ်။ |

| | |
|---|---|
| After | ပြီးနောက်၊ နောက်၊ အဲ့ဒီနောက်၊ ပြီးတော့။ |
| Before | မတိုင်မီ၊ အရင်က၊ မ ...... ခင်။ |
| Because | ကြောင့်၊ အတွက်ကြောင့်၊ သောကြောင့်၊ အဘယ့်ကြောင့်ဆိုသော်။ |
| As | အတိုင်း၊ ကဲ့သို့၊ အရိုက်၊ စဉ်တွင်၊ အားလျော်စွာ၊ သလိုပဲ၊ သောကြောင့်၊ သကဲ့သို့၊ အနေဖြင့်၊ တန်၊ လို၊ လိုပဲ၊ တုန်းက၊ သလောက်၊ လိုလို၊ လိုပင်၊ နေစဉ်၊သောအခါ၊သော်၊သည့်အတွက်၊လင့်စကား၊ပေမယ့်လည်း။ |
| If | လျှင်....၊ရင်....၊ခဲ့လျှင်၊ခဲ့သော်၊သောအခါ၊ရှိမရှိ၊ဟုတ်၊မဟုတ်။ |
| As soon as | လျှင်..လျှင်ခြင်း၊သည့်နှင့်တစ်ပြိုက်တည်း။ |
| That | လို့ဆိုတာ၊လို့လို့ဆိုတာကို၊သောကြောင့်၊အတွက်ကြောင့်၊ |
| While | စဉ်တွင်၊ပေမယ့်၊မူကား၊ဒါပေမယ့်၊သော်လည်း၊လင့်ကစား၊ |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| Though | သော်လည်းပဲ၊သော်ငြားလည်းပဲ၊စေကာမူ၊ပေမည့်၊သို့သော်လည်း။ |
| Although | သော်လည်းပဲ၊သော်ငြားလည်းပဲ၊စေကာမူ၊ပေမည့်၊သို့သော်လည်း။ |
| Unless | မ.....လျှင်၊မ...ရင်၊ပြုပါမှ၊ဖြစ်ပါမှ၊ရှိပါမှ၊မဖြစ်ခဲ့လျှင်၊မပြုခဲ့သော်။ |
| Since | ကတည်းက၊ သည့်အတွက်၊ တဲ့အတွက်၊ သောကြောင့်။ |
| Even | တောင်၊ တောင်မှ၊ |
| Even if | ရင်တောင်မှ၊ လျှင်တောင်မှ၊ သော်လည်း၊ ရသည့်တိုင်၊ လင့်ကစား။ |
| Even though | သော်လည်း၊ သော်လည်းပဲ၊ ရသည့်တိုင်၊ လင့်ကစား။ |
| After that | ပြီးနောက်၊ အဲ့ဒီပြီးနောက်။ |
| As if | သကဲ့သို့၊ သလို၊ ဘိသကဲ့သို့၊ ကဲ့သို့။ |
| As though | သကဲ့သို့၊ သလို၊ ဘိသကဲ့သို့၊ ကဲ့သို့။ |
| Now that | လို့ဆိုတာ၊သောကြောင့်၊ဆိုတော့၊မို့လို့၊ပြီမို့၊ထိုအကြောင်းကြောင့်၊ပြီဖြစ်၍။ |
| Till | တိုင်အောင်၊ မတိုင်အောင်၊ အထိ၊ ထိ၊ မ...မချင်း။ |
| Until | တိုင်၊ တိုင်အောင်၊ မ.. တိုင်အောင်၊ ထိ၊ အထိ၊ မ.. တိုင်မီ၊ မ...မချင်း။ |

**အထက်ပါ စကားဆက်များကို ဝါကျ နှစ်ကြောင်း၊ သုံးကြောင်း ဆက်ထားပုံ။ဒါတွေဟာComplex sentence ရှုပ်ထွေးဆက်စပ်နက်နဲ၍အမြင့်ဆုံးသော ဝါကျများဖြစ်သည်။**

May I know **why** you attend English speaking class?

မင်းဘာ့ကြောင့် အင်္ဂလိပ်စကားပြောသင်တန်း တက်သလဲဆိုတာ သိပါရစေ။

You need to tell me **where** you work .

မင်းဘယ်မှာ အလုပ်လုပ်နေသလဲဆိုတာ ငါ့ကို ပြောဖို့လိုတာပေါ့။

I want to know **when** you'll come here tomorrow.

မင်းမနက်ဖြန်ဘယ်အချိန်လာမလဲဆိုတာငါသိချင်တယ်။

Have you thought **how** you'll request her?

မင်းသူမကိုဘယ်လိုတောင်းပန်မလဲဆိုတာစဉ်းစားပြီးပြီလား။





I don't understand **what** you mean.

မင်းဘာဆိုလိုသလဲဆိုတာငါနားမလည်ဘူး။

I'd like to ask you **who** you love.

မင်းဘယ်သူ့ကို ချစ်နေသလဲဆိုတာ ငါမင်းကို မေးချင်တယ်။

**Why ever** didn't you tell us if you knew about that before?

မင်းအဲ့ဒီအကြောင်းကို အရင်က သိရင် ငါတို့ကို ဘာကြောင့်များ မပြောခဲ့တာလဲ။

I will be thinking of you **wherever** you are.

မင်းဘယ်မှာပဲရှိရှိ မင်းအကြောင်းကို ကိုယ်တွေးနေမှာပါ။

I make a talk-show **whenever** I get the chance.

အခွင့်အရေးရတဲ့အခါတိုင်းကျွန်တော်talk-show ပြောပါတယ်။

**However** hard I try, I still can't do it.

ကျွန်တော် ဘယ်လောက်ပဲကြိုးစားကြိုးစား ခုထိ မအောင်မြင်သေးဘူး။

You can eat **whatever** you like.

မင်း ကြိုက်တာ စားနိုင်ပါတယ်။

I don't want to meet **whoever** comes here.

ငါ့ကို ဘယ်သူပဲလာလာ ငါမတွေ့ချင်ဘူး။

I can speak English **after** I have attended in this class.

ငါ ဒီသင်တန်းတက်ပြီးမှ အင်္ဂလိပ်စကား ပြောနိုင်လာတာ။

Please come to me **before** you go back home.

မင်းအိမ်မပြန်ခင်ငါ့ဆီလာလည်ဦးလေကွာ။

They are satisfied **because** I implored them.

ကျွန်တော် သူတို့ကို တောင်းပန်လိုက်တဲ့အတွက်ကြောင့် သူတို့ ကျေနပ်သွားကြတယ်။

Do **as** you know.

မင်းသိသလိုလုပ်ကွာ။

I feel glad **if** you're happy.

မင်း ပျော်နေရင် ငါဝမ်းသာပါတယ်။

I can't controll my mind **as soon as** I take meditation.



www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်ထိုင်ချင်းငါ့စိတ်ကိုမထိန်းချုပ်နိုင်ဘူး။
I'm sorry **that** you don't believe my words.
မင်း ငါ့စကားတွေကို မယုံလို့ ငါစိတ်မကောင်းဘူးကွာ။
Who came here **while** I was away.
ငါခရီးသွားနေစဉ် ဘယ်သူတွေ လာသွားခဲ့ကြပါသလဲ။
She doesn't forgive me **though** I requested her again.
ကျွန်တော် သူမကို ထပ်တောင်းပန်ပေမယ့် သူမက ခွင့်မလွှတ်ဘူး။
I didn't love her **although** I got married.
ကျွန်တော် လက်ထပ်ခဲ့ပေမယ့် သူမကို မချစ်ခဲ့ဘူး။
You'll get into trouble one day **unless** you save money.
မင်း ငွေမစုထားရင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်။
I have been at home **since** I returned from Singapore.
ကျွန်တော် စင်္ကာပူက ပြန်လာပြီးကတည်းက အိမ်မှာပဲရှိနေတယ်။
Don't you dare to speak it out **even** you love her?
မင်း သူမကို ချစ်နေတာတောင် ဖွင့်မပြောရဲဘူးလား။
You shouldn't leave me **even if** you hate.
မင်း မုန်းတယ်ဆိုရင်တောင်မှ ငါ့ကို ခွဲမသွားသင့်ဘူး။
I like the job **even though** it's badly paid.
လစာ မကောင်းပေမယ့် ကျွန်တော် အဲ့ဒီအလုပ်ကို နှစ်သက်ပါတယ်။
They went back **after that** they have asked me.
သူတို့ ကျွန်တော့်ကို မေးပြီးနောက် ပြန်သွားခဲ့ကြတယ်။
He acted **as if** he were mad.
သူသည် ရူးသကဲ့သို့ /ရူးသလိုလို ပြုမူ /လုပ်သွားတယ်။
He spoke **as though** he knew all about our plans.
ကျွန်တော်တို့၏အကြံများကိုအားလုံးသိနေသကဲ့သို့သူပြောဆိုသွားတယ်။
I can leave **now that** you are here.
မင်းရောက်ပြီဆိုတော့ငါသွားနိုင်ပြီပေါ့။





Go on **till** you reach the station.
မင်းဘူတာရုံတိုင်အောင်ဆက်သွားပါ။
I won't know **until** I get a letter from him.
သူ့ထံက စာမရမချင်း ငါ သိနိုင်မှာ မဟုတ်ဘူး။

I think that you can tell me because I'd like to know why you attend English speaking class.
I'm satisfied because the students who I teach English are very clever and excellent.
Are you going to be angry if I ask who love you because you're so beautiful?
I don't dare to ask though I want to know where she lives.
Thank you very much that you wait for me until I arrive.

အောက်ပါပုံစံများသည် **စကားမဆုံးသေးသော–မှီခိုရသည့်clause** များဖြစ်ပါသည်။ ဒီစကားဆက်တွေရဲ့ အကြောင်းကို ကောင်းကောင်း နားလည်ရင် စကားပြော၊ စာရေးမှာ လွယ်ကူစွာ ပြောဆို ရေးသားလာနိုင်လိမ့်မည်။ အောက်ပါတို့ကို ဘာသာပြန်သောအခါ ကြိယာအလိုက် အခြေအနေကြည့်ပြီး ဘာသာပြန်ဆိုရပါတယ်။ ဒီဘာသာပြန်ပုံများသည် နားလည်ရုံသာ ပြန်ဆိုထားပါသည်။

| | |
|---|---|
| Why you ask, | မင်းဘာ့ကြောင့် မေးသလဲဆိုတာ၊ |
| Where you ask, | မင်းဘယ်မှာ မေးသလဲဆိုတာ၊ |
| When you ask, | မင်းဘယ်တုန်းက မေးသလဲဆိုတာ၊ |
| How you ask, | မင်းဘယ်လိုဖြစ်လို့ မေးသလဲဆိုတာ၊ |
| What you ask, | မင်းဘာဖြစ်လို့ မေးသလဲဆိုတာ၊ |
| Who you ask, | မင်းဘယ်သူ့ကို မေးသလဲဆိုတာ၊ |
| Why ever you ask, | မင်းဘာ့ကြောင့်ပဲ မေးမေး၊ |
| Wherever you ask, | မင်းဘယ်မှာပဲ / ဘယ်နေရာမှာပဲ မေးမေး |
| Whenever you ask, | မင်းဘယ်အချိန်ပဲမေးမေး |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| However you ask, | မင်းဘယ်လိုဖြစ်လို့ပဲမေးမေး၊ |
| Whatever you ask, | မင်းဘာဖြစ်လို့ပဲ မေးမေး၊ |
| Whoever you ask, | မင်းဘယ်သူ့ကို မေးမေး၊ |
| After you ask, | မင်း မေးပြီးနောက်၊ |
| Before you ask, | မင်း မမေးခင်၊ မမေးခင်က၊ |
| Because you ask, | မင်း မေးတဲ့အတွက်ကြောင့်၊ |
| As you ask, | မင်းမေးတဲ့အတိုင်း၊ မင်းမေးတုန်းက၊ မင်းမေးသလို၊ |
| If you ask, | မင်း မေးရင်ရင်၊ |
| If only you ask, | မင်း မေးတယ်ဆိုရင်၊ |
| As soon as you ask, | မင်း မေးမေးချင်း၊ |
| That you ask, | မင်း မေးတယ်လို့ဆိုတာ၊ |
| While you ask, | မင်း မေးလိုက်စဉ်၊ မေးနေစဉ်၊ |
| Though you ask, | မင်း မေးသော်လည်းပဲ၊ မေးပေမယ့်၊ |
| Although you ask, | မင်း မေးသော်ငြားလည်းပဲ၊ မင်း မေးပေမယ့်၊ |
| Unless you ask, | မင်း မမေးဘူးဆိုရင်၊ မင်း မမေးရင်၊ |
| Since you ask, | မင်း မေးစဉ်ကတည်းက၊ |
| Even you ask, | မင်း မေးတာတောင်မှ၊ |
| Even if you ask, | မင်း မေးတယ်ဆိုရင်တောင်မှ၊ |
| Even though you ask, | မင်း မေးသော်လည်းပဲ၊ မေးပေမယ့်၊ |
| After that you ask, | မင်း မေးပြီးတဲ့နောက်မှ၊ |
| As if you ask, | မင်း မေးသကဲ့သို့၊ မေးနေသလိုလို၊ |
| As though you ask, | မင်း မေးနေသကဲ့သို့၊ မင်းမေးနေသလိုလို၊ |
| Now that you ask, | မင်း မေးတယ်လို့ဆိုတာတော့၊ |
| Till you ask, | မင်းမေးသည့်တိုင်အောင်၊မမေးမချင်း၊ |
| Until you ask, | မင်း မမေး မချင်း၊ မင်း မေးသည့်တိုင်အောင်။ |
| than you ask, | မင်း မေးတာထက်၊ |
| As quickly as you ask, | မင်းမြန်မြန်မေးသလောက်၊ |





**အောက်ဖော်ပြပါ စကားဆက်များကို ဆက်လက်လေ့လာကြည့်ပါ။ အဆင်ပြေလာပါလိမ့်မည်။**

| | |
|---|---|
| Whysoever | ဘာကြောင့်ပဲဖြစ်ဖြစ်။ |
| Wheresoever | ဘယ်မှာပဲဖြစ်ဖြစ်။ ဘယ်နေရာမဆို။ နေရာတိုင်းမှာ။ |
| Whereas | မှာတော့၊ တကယ်တော့၊ စင်စစ်အားဖြင့် (နှိုင်းယှဉ်တဲ့အခါမှာသုံး။) |
| Wherein | သည့်နေရာ၌၊ စပ်လျဉ်း၍။ |
| Whereupon | သည့်နှင့်၊ ပြီးနောက်။ |
| Wherefore | ဘာဘာညာညာ အကြောင်းပြချက်၊ ဆင်ခြေဆင်လက်များ။ |
| Whereby | ထိုသို့အားဖြင့်၊ အဲ့လို့တော့။ |
| Whereabouts | ဘယ်နား။ ဘယ်နေရာမှာ။ |
| Whensoever | ဘယ်အချိန်မဆို၊ ဘယ်တော့ပဲဖြစ်ဖြစ်၊ ဘယ်အခါမဆိုဖြစ်ဖြစ်။ |
| Howsoever | ဘယ်လိုပဲဖြစ်ဖြစ်၊ စေကာမူ၊ သော်ငြားလည်း၊ ပေမယ့်၊ ဘယ်လို၊ မည်သို့ပင်ဖြစ်ဖြစ်။ |
| What? | ဘာပြောတယ်၊ ဘာ၊ ဘယ်လို။ |
| What for? | ဘာအတွက်၊ ဘာအကြောင်းကြောင့်လဲ၊ ဘာလုပ်ဖို့လဲ။ |
| What if? | ဘာဖြစ်မလဲ၊ ဘယ်လိုဖြစ်မလဲ၊ ——ရင်တော့။ |
| What of it? | အဲ့ဒါဘာဖြစ်လဲ၊ အဲ့ဒီတော့ဘာဖြစ်လဲ။ |
| So what? | အဲ့ဒါဘာဖြစ်လဲ၊ အဲ့ဒီတော့ဘာဖြစ်လဲ။ |
| What's what | ဘယ်ဟာက ဘာဆိုတာ။ |
| What not | စသည်၊ စတဲ့။ |
| Whatsoever | မည်သို့မျှ၊ ဘယ်လိုမှ/မျှ။ |
| Whosoever | ဘယ်သူပဲဖြစ်ဖြစ်၊ မည်သူမဆို။ |
| Just after | ပြီးရုံလေးတင်၊ပြီးနောက်လေးတင်၊ပြီးနောက်။ |
| Just before | မတိုင်မီ၊ အရင်က၊ အခုလေးတင်ပဲ။ |
| Just because | ကြောင့်၊ အတွက်ကြောင့်၊ သောကြောင့်၊ အဘယ့်ကြောင့်ဆိုသော်။ |
| As against (sth) | နှင့်ပြောင်းပြန်နှင့်ဆန့်ကျင်လျက်။ |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| As and when | သည့်အခါ၊သလို။ |
| As for sb/sth | အနေနှင့်၊သဘောအရ။ |
| As from | မှစ၍။ |
| As if | မှစ၍။ |
| As it is | လက်ရှိအခြေအနေအတိုင်း၊ အရ။ |
| As you were | နေမြဲ။ |
| As to sth | နှင့်စပ်လျဉ်း၍။ |
| As regards sth | နှင့်စပ်လျဉ်း၍။ |
| As long as | သရွေ့ကာလပတ်လုံး။ |
| So long as | သရွေ့ကာလပတ်လုံး။ |
| If and when | အကယ်၍များ။ |
| If anything | ပြောမယ်ဆိုရင်တော့။ |
| If only | အကယ်၍သာ၊ တကယ်လို့သာ၊ |
| Only if | မှသာလျှင်။ |
| If not | ဒါမှမဟုတ်ရင်၊မဟုတ်ရင်တောင်မှ။ |
| If so | ဒါဆိုရင်၊ ဒီလိုဆိုရင်။ |
| If not so | ဒါမှ မဟုတ်ရင်။ |
| If I were you | ငါသာဆိုရင်၊ ငါသာမင်းဆိုရင်၊ မင်းနေရာမှာ ငါဆိုရင်။ |
| If.....not | မဟုတ်ဘူးဆိုရင်၊ မလာဘူးဆိုရင်။ မဖြစ်ဘူးဆိုရင်။ |
| Even when | အချိန်မှာတောင်မှ၊ |
| Even before | မ --- တောင်မှ၊ မ --- တောင်၊ |
| Even after | ပြီး ---- တောင်၊ ပြီး ---- တောင်မှ၊ |
| Even as | တစ်ပြိုင်တည်းပဲ၊ တစ်ချိန်တည်းပဲ။ |
| Even then | တာတောင်၊အခုတောင်၊ |
| Even now | တာတောင်၊ အခုတောင်။ |
| Even so | သော်လည်းပဲ၊ သော်ငြားလည်းပဲ၊ ပေမည့်လည်း။ |
| In case | ဖြစ်နိုင်ခြေရှိသည့်အတွက်၊...မှာစိုးလို့။ |





| | |
|---|---|
| In that case | ဒီလိုဆိုရင်။ |
| ...than... | ထက်၊အောက်။(နာမ်၊နာမ်စား၊ဝါကျရှေ့တွင်နှိုင်းယှဉ်ခြင်း၊အရေတွက်၊ အကွာအဝေးနှိုင်းယှဉ်ရာတွင်more / less နောက်တွင်ထားသုံး။) |
| Whether | လျှင်၊ ရင်၊ ...ရမလား၊ ကောင်းမလား၊ မလား...ဘူးလား၊ လေမလား၊ မလား၊ လား...လား၊ မလား...မလား၊ ရဲ့လား၊ ...ဖြစ်စေ... ဖြစ်စေ၊ |
| Unless | မ......လျှင်။ |
| Except | မှတပါး။ |
| So that | စေရန်။ |
| In order that+1,2. | စေရန်၊ အလို့ငှာ။ |
| In order to +V1 | စေရန်၊ အလို့ငှာ။ |
| Lest | ..... စိုးလို့...စိုးရိမ်၍၊ မ....စေရန်... မည်စိုး၍။ |
| On condition that +1,2 | လျှင်၊ ဆိုရင်။ |
| Assuming that +1,2 | လျှင်၊ ဆိုရင်။ |
| Provided that +1,2 | လျှင်၊ ဆိုရင်။ |
| Providing that +1,2 | လျှင်၊ ဆိုရင်။ |
| Suppose that +1,2 | လျှင်၊ ဆိုရင်။ |
| Supposing that +1,2 | လျှင်၊ ဆိုရင်။ |
| Because of | ကြောင့်၊ အတွက်ကြောင့်။ |
| Due to | ကြောင့်၊ အတွက်ကြောင့်။ |
| Owning to | ကြောင့်၊ အတွက်ကြောင့်။ |
| On account of | ကြောင့်၊ အတွက်ကြောင့်။ |
| In account of | ကြောင့်၊ အတွက်ကြောင့်။ |
| By+Ving/ pronoun/ noun | ကြောင့်၊ အတွက်ကြောင့်။ |
| Ving that+ S+V. | ကြောင့်၊အတွက်ကြောင့်။ |
| Ving+ N, pronoun | ကြောင့်၊ အတွက်ကြောင့်။ |
| By the time (when) | အချိန်မှာ၊ဘယ်အချိန်၊ဘယ်အခါ၊အဲ့ဒီအချိန်မှာတောင်။ |
| Everytime | အချိန်တိုင်းမှာ။ |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| The first time | ပထမအကြိမ်မှာ။ |
| The last time | နောက်ဆုံးအကြိမ်။ |
| The next time | နောက်တစ်ကြိမ်။ |
| Once | တစ်ခါက၊အခါတစ်ပါးမှာ။ဆိုရင်ပဲ။ |
| In that way | အတိုင်း၊သလို။ |
| In this way | အတိုင်း၊သလို။ |
| The way in which | အတိုင်း၊သလို။ |
| In the same way | ဤနည်းအတိုင်း။ |
| How / the way | အတိုင်း၊သလို။ |
| So that | ရည်ရွယ်၍၊ရန်အလို့ငှာ၊ရန်၊အတွက်၊ဖို့၊အောင်၊ထို့ကြောင့်၊ |
| So... that | အလွန်၊သိပ်......သောကြောင့်၊ဤသို့လျှင်၊ |
| So..... as to do sth | ရလောက်အောင်၊အလွန်၊သိပ်......။ |
| Such as | ကဲ့သို့.....သမျှအားလုံး။ |
| Such...sth as / that.... | ထိုကဲ့သို့၊ဤကဲ့သို့၊ယင်းကဲ့သို့၊အဲ့ဒီမျိုး၊ဒီလို၊ဒါလောက်။ |
| Such | ထိုကဲ့သို့၊ဤကဲ့သို့၊ယင်းကဲ့သို့၊အဲ့ဒီမျိုး၊ဒီလို၊ |
| Then | ထိုစဉ်၊ထိုအချိန်က၊ထိုအချိန်ဆိုရင်၊ထိုနောက်၊ပြီးနောက်၊ |
| Before then | အဲ့ဒီအချိန်မတိုင်မီ။ |
| By then | အဲ့ဒီအချိန်လောက်ဆိုရင်။ |
| As......as / So......as | ကဲ့သို့လောက်။ |
| not as.......as / not so.......as | ကဲ့သို့လောက်။ |
| Since when | အချိန်ကတည်းက၊အဲ့ဒီတုန်းကတည်းက၊ဟိုအရင်တုန်းကတည်းက။ |
| Since then | အဲ့ဒီကတည်းက။ |
| Untill when | အဲ့ဒီအချိန်ထိ၊အချိန်မတိုင်...မချင်း။ |
| No sooner.... than.. | ....၍မျှမကြာမီ၊ .....ရုံရှိသေး။ |
| The sooner......The sooner.... | စောစောမြန်မြန်အစောတလျှင်။ |
| The more... the less... | .....လေ၊....မလေ၊ |
| The more... The more... | .... လေ .....လေ၊ |
| The less... The less.. | .....မလေ .....မလေ၊ |





**Coordinating Conjunctions (Compound Sentence အတွက်-ပေါင်းစပ် စကားဆက်များ။ ဒီဇိုင်းများသည် မပေါင်းစပ်လည်း၊ သူ့ဘာသာသူ ရပ်တည်လို့ရပါသည်။**

**အကြောင်းအကျိုးဆက်စပ်မှုရှိရင်**Simple Sentence နှစ်ကြောင်းသုံးကြောင်းစသည်ကို (So)ခေါင်းဆောင်သောစကားဆက်များနဲ့ဆက်Compound Sentence ဖြစ်ပါသည်။

| | |
|---|---|
| **So** | **ထို့ကြောင့်၊ ထို့အတွက်ကြောင့်။** |
| **Therefore** | **ထို့ကြောင့်။** |
| **Consequently** | **ထို့ကြောင့်၊ ယင်းအကျိုးသွားကြောင့်။** |
| **thus** | **ဤနည်း။ ဤနည်းအားဖြင့်၊ ထိုနည်း။ ထိုနည်းအားဖြင့်။** |
| **As a result** | **အကျိုးတရား၊ တစ်ရပ်ဖြစ်၊ အကျိုးရလဒ်ဖြင့်။** |

သူမက သိပ်ချမ်းသာတယ် အဲ့ဒါကြောင့် သူမ ခမ်းနားတဲ့အိမ်ကြီးထဲမှာနေတယ်လေ။
She is so rich, therefore she lives in a grand house.
အဲ့ဒီအရောင်ကို ကျွန်တော်ကြိုက်တယ် အဲ့ဒါကြောင့် ကျွန်တော်ရွေးချယ်ခဲ့တာပါ။
I like that colour, so I chose it.
သူ့ကို ကျွန်တော်မယုံဘူး အဲ့ဒါကြောင့် ကျွန်တော် မကူညီနိုင်ဘူး။
I don't believe him, so I can't help.
သူမကို ကျွန်တော်သိပ်ချစ်တယ် အဲ့ဒါကြောင့် လက်ထပ်မယ်ဗျာ။
I love her heartly, so I'll get married.
သူမကို ကျွန်တော်နှစ်သက်တယ် အဲ့ဒါကြောင့် ကျွန်တော် သူမကို ချစ်ရေးဆိုမယ်။
I like her really, so I'll propose her.
အောင်မြင်ဖို့မျှော်လင့်ထားတယ်အဲ့ဒါကြောင့်ကျွန်တော်အဲ့ဒါကိုလုပ်ဖို့ကြိုးစားမယ်။
I hope to succeed, so I'll try to do it.
သူမကိုယ့်ကိုမုန်းသွားခဲ့တယ်အဲ့ဒါကြောင့်ကျွန်တော်အခုအရမ်းခံစားနေရတယ်။
She hated me, so I feel very much now.



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေဆရာ့ကိုလေးစားကြတယ်အဲ့ဒါကြောင့်ဆရာပီတိတွေဖြာနေတယ်။
The students respect teacher, so he is pleased.
သူတို့က ကျွန်တော်ပေးတဲ့အကြံဉာဏ်ကိုသေးချိတ်ပစ်လိုက်တယ်အဲ့ဒါကြောင့်အရှုံးနဲ့ရင်ဆိုင်ခဲ့ကြရတယ်။
They scorned my suggestion, so they faced failure.
ကျွန်တော် အင်္ဂလိပ်စာလေ့လာနေတယ် အဲ့ဒါကြောင့် အခု ကျွန်တော် အင်္ဂလိပ်စကားပြောနိုင်နေပြီ။
I study English, So I can speak English at the present time.
သူတို့ဟာ သိပ်ခေါင်းမာကြတယ် အဲ့ဒါကြောင့် သူတို့ကို ကျွန်တော် ဘယ်တော့မှ မျက်နှာသာမပေးဘူး။
What do you want from this job?

မင်း ဒီအလုပ်က ဘာလိုချင်လဲ။

Who made you apply for this job?

ဘယ်သူက ခင်ဗျားကို ဒီအလုပ် လျှောက်ခိုင်းတာလဲ။

Who makes you perfect for this job?

ဘယ်သူက ဒီအလုပ်ကို အကောင်းဆုံးကြိုးပမ်းနိုင်းတာလဲ။

**What personal qualities will be required in this job?**

ဒီအလုပ်မှာ ဘယ်လို လူမှုရေးဆိုင်ရာ အရည်အချင်းတွေ လိုအပ်သလဲ။

**What will be your key target in this job if we appoint you?**

ဝါတို့မင်းကိုအလုပ်ခန့်လိုက်ရင်ခင်ဗျားရဲ့အဓိကရည်ရွယ်ချက်တာဘာလဲ။

**When could you start work here?**

ခင်ဗျားဒီမှာဘယ်တော့လောက်အလုပ်စဝင်မလဲ။

Why did you decide to apply for this position?

ဒီရာထူးကို လျှောက်ထားဖို့ ခင်ဗျား ဘာ့ကြောင့် ဆုံးဖြတ်ခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



What kind of people would you like to work with?

ဘယ်လိုလူစားမျိုးနဲ့မင်းအလုပ်တွဲလုပ်ချင်ပါသလဲ။

What sort of contribution do you make to a team?

အဖွဲ့တစ်ဖွဲ့အတွက် မင်း ဘယ်လိုပံ့ပိုးမှုတွေ ဆောင်ရွက်မလဲ။

What skills do you think you will need to develop in this job?

ဒီအလုပ်မှာ မင်း တိုးတက်အောင်လုပ်ဖို့ ဘယ်လို ကျွမ်းကျင်မှုတွေလိုအပ်မယ်လို့ ထင်သလဲ။

What would you like to be better at doing?

ခင်ဗျား အလုပ်မှာ ဘာများ ပိုကောင်းအောင်လုပ်ချင်တာလဲ။

What do you need to be a good manager?

မန်နေဂျာကောင်းတစ်ယောက်ဖြစ်ဖို့ဘာတွေလိုအပ်သလဲ။

What sort of manager are you?

ခင်ဗျားက ဘယ်လို မန်နေဂျာမျိုးလဲ။

What sort of tasks do you like to be delegated?

ဘယ်လို လုပ်ငန်းတွေကို မင်းတာဝန်ယူချင်လဲ။

What sort of things do you prefer to be delegated?

ဘယ်လို အရာတွေကို တာဝန်ယူဆောင်ရွက်ရတာ ပိုနှစ်သက်ပါသလဲ။

What's the most difficult task in being a manager?

မန်နေဂျာတစ်ယောက်မှာ အခက်ခဲဆုံးတာဝန်က ဘာလဲ။

What's your approach to leading a team?

အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ရာမှာ ခင်ဗျားရဲ့ ကိုင်တွယ်ဖြေရှင်းနည်းတွေက ဘာတွေလဲ။

What's your biggest strength as a manager?

မန်နေဂျာတစ်ယောက်အနေနဲ့ခင်ဗျားရဲ့အကြီးကျယ်ဆုံးခွန်အားနဲ့စွမ်းဆောင်နိုင်မှုကဘာလဲ။

How many people did you supervise in your previous job?

ခင်ဗျားရဲ့အရင်အလုပ်မှာလူဘယ်နှစ်ယောက်လောက်ကြီးကြပ်ဦးစီးခဲ့ရသလဲ။

Have you got any job offers at the moment?

အခုလောလောဆယ် အလုပ်ခန့်စာတွေဘာတွေများ ရထားသလား။





What other jobs have you applied for recently?

မကြာသေးမီကခင်ဗျားတခြားဘယ်အလုပ်တွေကိုလျှောက်ထားသေးလဲ။

Do you belong to a trade union?

ခင်ဗျား ကုန်သွယ်မှုအဖွဲ့အစည်းမှာ အဖွဲ့ဝင်လား။

How old are you? Why do you want this job?

မင်း အသက်ဘယ်လောက် ရှိပြီလဲ။ ဘာ့ကြောင့် ဒီအလုပ်ကို လုပ်ချင်တာလဲ။

Why should we give you this job?

ဘာ့ကြောင့် ဒီအလုပ် မင်းကို ခန့်သင့်တာလဲ။

Why should we hire you?

ဘာ့ကြောင့် ငါတို့ မင်းကို ဒီအလုပ်ကို (ငှားရမ်း) တာဝန်ပေးသင့်တာလဲ။

Will you be able to do this job?

မင်း ဒီအလုပ်ကို လုပ်နိုင်ပါ့မလား။

Would you take the job if we offered it to you?

ငါတို့ မင်းကို အလုပ်ခန့်ရင် မင်းလုပ်မှာလား။

Can you work nine to five?

မင်း ရုံးချိန် ( ၉ နာရီမှ ၅နာရီအထိ ) အလုပ်ဆင်းနိုင်မလား။

Can you work to deadlines?

မင်း အလုပ်ပြီးတဲ့အချိန်အထိ လုပ်နိုင်မလား။

Can you work under extreme pressure?

ပြင်းထန်တဲ့ ဖိအားတွေအောက်မှာ ခင်ဗျားအလုပ်လုပ်နိုင်လား။

Can you work under pressure and to strict deadlines?

ဖိအားတွေအောက်မှာဒါမှမဟုတ်တိကျပြီးတင်းကျပ်တဲ့အလုပ်ချိန်တွေရှိရင်အလုပ်လုပ်နိုင်မလား။

Do you have any commitments on holiday?

အားလပ်ရက်တွေမှာကတိပေးပြီးသားအလုပ်တွေရှိပါသလား။

How were you determined your priorities in your last job?

နောက်ဆုံးလုပ်ခဲ့တဲ့ အလုပ်မှာ ဦးစားပေးကိစ္စတွေကို မင်း ဘယ်လို ဆုံးဖြတ်ခဲ့သလဲ။



www.burmeseclassic.com

www.burmeseclassic.com



How did you organise your work in your last job?

အရင်အလုပ်မှာမင်းအလုပ်တွေကိုဘယ်လိုစီစဉ်ခဲ့သလဲ။

How do you cope with multi-tasking?

ခင်ဗျား အလုပ်တာဝန်အားလုံးကို ဘယ်လို စီမံခန့်ခွဲသလဲ။

How do you deal with a hectic day?

အလုပ်အရမ်းများတဲ့နေ့မှာ မင်းဘယ်လို ကိုင်တွယ်ဆောင်ရွက်လဲ။

How do you decide on your objectives?

မင်းရဲ့ ရည်ရွယ်ချက်တွေကို ဘယ်လိုဆုံးဖြတ်ချက်ချလဲ။

How do you go about managing your day?

မင်းရဲ့ တနေ့တာကို ဘယ်လို စီမံခန့်ခွဲသလဲ။

How do you handle pressure?

ဖိအားတွေကို ခင်ဗျား ဘယ်လို ထိန်းချုပ်သလဲ။

How do you manage your time?

ခင်ဗျားရဲ့ အချိန်တွေကို ဘယ်လို စီမံခန့်ခွဲပါသလဲ။

How many hours are you prepared to work?

အလုပ်လုပ်ဖို့ ဘယ်နှစ်နာရီလောက် ကြိုတင်အသင့်ဖြစ်ထားသလဲ။

Are you often off?

ခင်ဗျား မကြာခဏ နေမကောင်းဖြစ်တတ်လား။

Do you think you'd be able to cope with the problems?

မင်း ပြဿနာတွေကို ဖြေရှင်းနိုင်တယ်လို့ ထင်သလား။

What do you know about time management?

"အချိန်တွေစီမံခန့်ခွဲမှု"အကြောင်းနဲ့ပတ်သက်ပြီးမင်းဘာတွေသိသလဲ။

Are you willing to travel?

ခင်ဗျားလှည့်လည်သွားလာဖို့ဆန္ဒရှိပါသလား။

Can you describe your ideal working environment?

မင်းရဲ့ စံပြ အလုပ်အသိုင်းအဝိုင်းကို ပြောပြနိုင်မလား။



Do you prefer to work in a small or large company?

ခင်ဗျားကုမ္ပဏီကြီးမှာအလုပ်လုပ်တာနဲ့ကုမ္ပဏီအသေးလေးမှာလုပ်တာဘယ်ဟာကိုပိုကြိုက်သလဲ။

What kind of work environment do you prefer?

မင်း ဘယ်လိုအလုပ်အသိုင်းအဝိုင်းမျိုးကို ပိုကြိုက်သလဲ။

Are you a creative kind of person?

မင်း တစ်ခုခုကို ဖန်တီးနိုင်တဲ့သူလား။

Are you aggressive?

ခင်ဗျား ရန်လိုပါသလား။

Are you an ambitious person?

ခင်ဗျားရည်ရွယ်ချက်ရှိတဲ့သူလား။

Are you an analytical kind of person?

ခင်ဗျား တစ်ခုခုကို ဝေဖန်ဆန်းစစ်တတ်တဲ့လူမျိုးလား။

Are you competitive?

မင်း ယှဉ်ပြိုင်ချင်စိတ်ရှိလား။

Describe a situation where you were criticised. How did you react?

မင်း ဝေဖန်ခံခဲ့ရတဲ့အဖြစ်မျိုးရှိရင် ပြောပြပေးပါဦး။ ပြီးတော့ မင်းဘယ်လို တုံ့ပြန်ခဲ့သလဲ။

Do you have the right to work in the UK?

မင်းမှာ အင်္ဂလန်မှာ အလုပ်လုပ်ဖို့ အခွင့်အရေးရှိလား။

Do you like to competition?

ခင်ဗျား ယှဉ်ပြိုင်ရတာကို ကြိုက်လား။

Have you ever been convicted of a crime?

မင်းပြစ်မှုတစ်ခုတရားကျူးလွန်ဖူးပါသလား။

How ambitious are you?

ခင်ဗျားဘယ်လောက်ရည်ရွယ်ချက်ကြီးလဲ။

How important is a sense of humour in your work?

ခင်ဗျားအလုပ်မှာ ဟာသဉာဏ်က ဘယ်လောက်အရေးပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



How well do you respond to being told what to do?

အလုပ်လုပ်ဖို့မင်းကိုပြောရင်ဘယ်လိုကောင်းကောင်းမွန်မွန်ပြန်ပြောမလဲ။

Tell me about a situation where you had to be ruthless.

မင်း ရက်စက်ခဲ့ရတဲ့ အခြေအနေလေးအကြောင်း ပြောပြပေးပါဦး။

Tell me about a time when you had to be extra persuasive.

ခင်ဗျား ညာခဲ့ရတဲ့ အချိန်လေးရှိရင်လည်း ပြောပါဦး။

Tell me something about yourself that you've never told anyone else.

ဘယ်သူ့ကိုမှ မပြောဖူးတဲ့ မင်းရဲ့ အကြောင်းလေးပြောပြပါဦး။

What are your strengths?

မင်းရဲ့ ခွန်အားက ဘာတွေလဲ။

What are your strong points?

မင်းရဲ့ အားသာချက်တွေက ဘာတွေလဲ။

What are your weak points?

မင်းရဲ့ အားနည်းချက်တွေက ဘာတွေလဲ။

What do other people see as your faults?

တစ်ခြားလူတွေက မင်းကို ဘာအပြစ်တွေ မြင်ကြသလဲ။

What do you think of the people who work for you?

မင်းအတွက် အလုပ်လုပ်ပေးတဲ့လူတွေ မင်းဘယ်လိုထင်ပါသလဲ။

What do you dislike doing?

မနှစ်သက်တဲ့ အလုပ်က ဘာလဲ။

What kind of person are you?

မင်းဘယ်လိုလူစားလဲ။

How do you handle criticism?

ဝေဖန်မှုတွေကိုမင်းဘယ်လိုကိုင်တွယ်ပါသလဲ။

How do you operate under stress?

ဖိစီးမှုတွေအောက်မှာ မင်းဘယ်လို ဖြေရှင်းပါသလဲ။





What kind of hours are you used to working?

ဘယ်လိုအလုပ်ချိန်မျိုးကိုလုပ်ရတာကျင့်သားရနေပါသလဲ။

What kind of hours would you like to work?

အချိန်ပိုင်းအလုပ်နဲ့ တစ်နေကုန်အလုပ် ဘာကို ကြိုက်သလဲ။

What sort of person are you socially?

လူမှုဆက်ဆံရေးနဲ့ပတ်သက်ပြီး မင်း ဘယ်လို လူစားမျိုးလဲ။

What would your colleagues say about you?

မင်းရဲ့လုပ်ဖော်ကိုင်ဖက်တွေက မင်းအကြောင်းကို ဘာတွေပြောကြသလဲ။

Which of your qualities could be strengthened or improved?

ဘယ်အရည်အချင်းတွေက မင်းကို ခိုင်မာတိုးတက်စေသလဲ။

Are you a member of any professional groups?

ပညာရှင်အဖွဲ့တွေထဲက အဖွဲ့ဝင်တစ်ယောက်လား။

Describe how you approach a project.

စီမံကိန်းကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ ပြောပြပါ။

Do you enjoy routine tasks?

လုပ်နေကျ တာဝန်တွေကို နှစ်သက်ရဲ့လား။

Do you like to try new things, or do you just prefer to stick to routines?

အသစ်အဆန်း တီထွင်ရတာ ကြိုက်သလား လုပ်နေကြအလုပ် လုပ်ရတာကို ပိုကြိုက်သလဲ။

Do you like working with figures more than words?

အပြောနဲ့လုပ်ရတာထက် လက်တွေ့အထောက်အထားနဲ့လုပ်ရတဲ့အလုပ်ကို ကြိုက်နှစ်သက်ပါသလား။

Do you prefer to have a job with well laid out tasks, or one where the work changes frequently?

သတ်မှတ်ထားပြီးဖြစ်တဲ့အလုပ်နဲ့မကြာခဏပြောင်းလဲနေတဲ့အလုပ်ဘယ်အလုပ်ကိုပိုသဘောကျပါသလဲ။

Given a choice in your work, what do you like to do most?

အလုပ်ထဲမှ မင်းရွေးချယ်မှုတွေထဲက ဘာကို အလုပ်ချင်ဆုံးလဲ။

How do you handle change?

ပြောင်းလဲမှုကို မင်း ဘယ်လို ကိုင်တွယ်ဖြေရှင်းသလဲ။



www.burmeseclassic.com

www.burmeseclassic.com



How do you react to change?

အပြောင်းအလဲကို မင်းဘယ်လို ရင်ဆိုင်တုန့်ပြန်သလဲ။

How would your previous boss describe your work?

မင်းရဲ့ အရင်သူဌေးက မင်းရဲ့အလုပ်ကို ဘယ်လို လုပ်နိုင်သလဲ။

On holiday, what do you miss most about your work?

အားလပ်ရက်ယူနေစဉ် အလုပ်နဲ့ပတ်သက်ပြီး ဘာတွေကို အောက်မေ့ဆုံးလဲ။

What do you dislike doing most at work?

အလုပ်မှာ ဘာလုပ်ရတာကို မနှစ်သက်ဆုံးလဲ။

What do you like and dislike about this kind of work?

ဒီအလုပ်နဲ့ပတ်သက်ပြီ ကြိုက်တာ မကြိုက်တာ ဘာတွေရှိလဲ။

What do you like most about working?

အလုပ်နဲ့ပတ်သက်ပြီ ဘာကိုအကြိုက်ဆုံးလဲ။

What do you look for in a job?

အလုပ်က မင်းကို ဘာတွေ သင်ပေးသလဲ။

What interests you most in your work?

အလုပ်မှာ မင်းဘာကို စိတ်အဝင်စားဆုံးလဲ။

What sort of things would you want to do at work and why?

အလုပ်မှာ ဘာလုပ်ချင်ပါသလဲ။ ဘာ့ကြောင့်လုပ်ချင်တာလဲ။

What sort of work do you enjoy most?

ဘာအလုပ်မျိုးတွေကို ပိုနှစ်သက်ပါသလဲ။

What would be a typical bad day for you?

ခင်ဗျားရဲ့အမြဲတမ်းလိုလိုကံဆိုးတဲ့နေ့လေးကိုပြောပြပေးပါဦး။

What's the most important thing to you in a job?

အလုပ်မှာဘာကမင်းအတွက်အရေးအကြီးဆုံးလဲ။

Why did you decide to go into this kind of work?

ဒီအလုပ်ကို ဝင်လုပ်ဖို့ ဘာ့ကြောင့်ဆုံးဖြတ်ချက်ချခဲ့တာလဲ။





## Proverbs ‗စကားပုံများ

(1)- Beauty is only skin deep.

လှတာမက်တော့ညစာခက်တယ်။

(2)- A bird in the hand is worth two in the bush .

အမဲကျော် ခွေးတော်မလွှမ်းနဲ့။ လက်ရှိအချိန်လောက် သေချာတာမရှိ။ မနက်ဖြန်သည် ယနေ့လောက် မသေချာပါ။ ချုံပုပ်ထဲက ငှက်နှစ်ကောင်ထက် လက်ထဲက ငှက်တစ်ကောင်က ပိုတန်ဖိုးရှိပါတယ်။

(3)- Actions speak louder than words.

အပြောမဟုတ် အလုပ်သက်သေ။ အာမရိုက်နဲ့။ လူပြောမသန် လူသန်မပြော။

(4)- A fool and his money are soon parted.

လူမိုက်နှင့်ငွေ အတူမနေ။ အစုရ အစုကုန်။

(5)- A friend in need is a friend indeed.

လိုအပ်တဲ့အခါ ကူညီမှ တကယ့်မိတ်ကောင်းပေ။ စစ်မှန်မိတ်ဆွေ လိုလျှင်နေ။

အရေးကြုံသည့်အခါ အားကိုးရမှ မိတ်ဆွေစစ်။

(6)- A little knowledge is a dangerous thing.

မပြည့်တဲ့အိုး ဘောင်ဘင်ခတ်။

(7)- All roads lead to Rome.

နောက်ဆုံးတော့လည်းဒီဘူတာဆိုက်တာပဲ။

(8)- All's well that ends well.

အစကောင်းမှ အနှောင်းသေချာ။



www.burmeseclassic.com

www.burmeseclassic.com



(9)- All that glitters is not gold.

အရောင်တောက်တိုင်းရွှေမဟုတ်ပါ။ဝါဝါမြင်တိုင်းရွှေလို့မထင်လိုက်ပါနဲ့။

(10)- An eye for an eye, a tooth for a tooth.

သူတစ်ပြန် ကိုယ်တစ်ပြန်။ ဘတစ်ပြန် ကျားတစ်ပြန်။ ပါးရိုက်ရင် နားကိုက်။

(11)- Prevention is better than cure.

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်း၏။

(12)- A penny saved is a penny earned.

တစ်ပဲစု တစ်မူးရ။ ချွေတာစုဆောင်း သူဌေးလောင်း။ ချွေချွေတာတာ တို့ချမ်းသာ။

(13)- A rolling stone gathers no moss.

လိမ့်နေတဲ့ကျောက်ခဲ ရေညှိမတက်။

(14)- A watched pot never boils.

အိပ်မပျော်သောသူအတွက် ညတာရှည်၏။

(15)- Beggars can't be choosers.

ရှိတာလေးနဲ့ လှအောင်ဝတ်။ ရတာလေးနဲ့ ဝအောင်စား။

ရွေးလွန်းလျှင် မရ။ သွေးလွန်းလျှင် မလှ။ သူတောင်းစား ချီးကျောင် မများနဲ့။

(16)- Birds of a feather flock together.

မျိုးတူရာပေါင်း။အသွင်တူအိမ်သူဖြစ်။သူတော်ချင်းချင်းသတင်းလွှေ့လွှေ့။

(17)- Charity begins at home.

ဒါန အစ ကိုယ့်အိမ်က။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်။





(18)- Do as I say, not as I do.

ငါပြောသလိုလုပ်။ငါလုပ်သလိုမလုပ်နဲ့။

(19)-Curiosity killed, the cat.

စပ်စုလွန်းတော့ ဒုက္ခတွေ့။

(20)- Examine what is said, not him who speaks.

ဘာပြောသလဲဆိုတာဆန်းစစ်ပါ။ ပြောသူကိုဆန်းစစ်ဝေဖန်စရာ မလိုပါ။

(21)- The early bird gets the worm. The early bird catches the worm.

အချိန်ရှိခိုက် လုံ့လစိုက်။

(22)- Early to bed early to rise(makes a man healthy, wealthy,and wise).

စောစောအိပ်စောစောထ။ ကျန်းမာရွှင်လန်း တို့ဆင်မြန်း။

(23)- Every cloud has a silver lining.

အဆိုးထဲက အကောင်းပေါ့။

(24)- Every dog has its day. Every dog has his day.

လူတိုင်းမှာ အခွင့်ရေးတစ်ခုရှိတယ်။ ကံကောင်းသည့်ရက် တစ်ရက်ရှိသည်။

(25)- Money rules the world.

ငွေသည်ကမ္ဘာကြီးကိုလွှမ်းမိုးထားသည်။ငွေကစရာပဲ။

(26)- Yielding is sometimes the best way of succeeding.

အရှုံးပေးခြင်းသည် တစ်ခါတစ်ရံ၌ အောင်မြင်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(27)- Afriend's frown is better than a fool's smile.

မိတ်ဆွေတစ်ဦး၏မျက်မှောင်ကုတ်ခြင်းသည်လူမိုက်တစ်ဦးပြုံးခြင်းထက်ပို၍ကောင်း၏။

(28)- Half a loaf is better than none.

ဘာမှ မရှိတာနဲ့စာရင် နည်းနည်းလေးရှိတာလဲကောင်းတာပဲ။

(29)- Learn wisdom by the fool of others.

တခြားသူများရဲ့ မိုက်မဲမှုနဲ့ ပညာယူပါ။

(30)-He who laughs last,laughs longest He laughs best who laughs last.

ရယ်သောသူသည် အသက်ရှည်၏။ ပျော်ပျော်နေ၊ သေခဲ။

(31)- Courtesy costs nothing.

လူ့အောက်ကျို့၍ မသေပါ။

(32)- It never rains but it pours.

ကံဆိုးမ သွားရာ မိုးလိုက်လို့ ရွာ။

(33)-Kill the goose that laid the golden egg.

အလိုကြီးတော့ အရနည်း။

(34)- Kill two birds with one stone.

တစ်ချက်ခုတ်နှစ်ချက်ပြတ်။

(35)- Let bygones be bygones.

ပြီးတာတွေ ပြီးပါစေတော့။ ပြီးပုံးကား ချလိုက်ပါ။





(36)- Let sleeping dogs lie.

ပြဿနာမရှာပါနဲ့။အေးအေးလူလူနေပါ။ဗိုလ်နေမြဲကျားနေမြဲ။

(37)- Make hay while the sun is shining.

နေပူတုန်းကောက်လှန်း။ အခွင့်သာခိုက် လုံ့လစိုက်။ ကံရှိတုန်း အသုံးချ။

(38)-Money is the root of all evil.

ငွေသည် မကောင်းမှုများရဲ့ အရင်းအမြစ် ဖြစ်သည်။

(39)- Nothing ventured,nothing gained.

မစွန့်စားလျှင် မအောင်မြင်။ မလုပ်ပဲ ဘာမှမရ။ မင်းဖြစ်ချင် စွန့်စား။မစွန့်စားလျှင် မင်းမဖြစ်။

(40)- One good turn deserves another.

ကောင်းတာလုပ်ရင် ကောင်းကျိုးရ။

(41)- One man's meat is another man's poison.

အကြိုက်ချင်းမတူ။ လူတစ်ယောက် အကြိုက်တစ်မျိုး။

(42)- One's bark is worse than one's bite.

ကိုက်တာထက် ဟောင်တာက ပိုဆိုးတယ်။

(43)- Out of sight, out of mimd.

ကွယ်ရင်မေ့ တွေ့သေအောင်လွမ်း။ ခုတွေ့ ခုလွမ်းပြီ၊ နောက်ကွယ်မှာတပြုံးပြုံး။ ရှေ့တစ်မျိုး၊ကွယ်ရာတစ်မျိုး။

(44)- He's no man who cannot say "No"..

မဟုတ်ဘူးတူ၍ မပြောသူသည် လူမတုတ်။



www.burmeseclassic.com

www.burmeseclassic.com



(45)- Slow and steady wins the race.

ဖြေးဖြေးမှန်မှန်အောင်ပွဲခံ။

(46)- Peace is the most profitable of things.

ငြိမ်းချမ်းရေးသည် အရာအားလုံးအနက် အကျိုးရှိဆုံးအရာဖြစ်သည်။

(47)-The fat is in the fire.

ပြဿနာတော့ တက်ပြီ။ ဒုက္ခတော့တွေ့ ပြီ။

(48)- One cannot die twice.

လူတစ်ယောက်ဟာ နှစ်ခါမသေနိုင်။

(49)- Soft words win hard-hearts.

နူးညံ့သောစကားလုံးများသည် မာကျောသော နှလုံးသားများကို အောင်မြင်နိုင်သည်။

(50)-Who knows nothing, doubt nothing.

ဘာကိုမှ မသိသူသည် ဘာကိုမှ သံသယမဖြစ်။

(51)- Too many cooks spoil the stew. Too many cooks spoil the broth.

ဆရာများ သားသေ။

(52)- I love my friends / lover well, but myself better.

ကျွန်တော်သည်ကျွန်ုပ်၏မိတ်ဆွေ၊ချစ်သူကိုချစ်ခင်ပါတယ်။ဒါပေမယ့်ကိုယ့်ကိုကိုယ်တော့အချစ်ဆုံးပါ။

(53)- Never give advice unless asked.

မမေးဘဲနှင့် အကြံမပေးပါနှင့်။





(54)- Beauty is a good letter of introduction.

လှပခြင်းဟာကောင်းမွန်သောမိတ်ဆက်စာတစ်စောင်ဖြစ်ပါတယ်။

(55)- When in Rome,do as the Romans do.

ရောမရောက်ရင် ရောမလိုကျင့်။ ရောမရောက်တော့ ရောမလိုနေ။

(56)- Where there's a will,there's a way.

လိုလျှင် ကြံဆ နည်းလမ်းရ။

(57)- Where there's smoke, there's fire.

မီးရှိရာ မီးလာ။

(58)- You can't teach an old dog new tricks.

အံခွနေပြီ။ အံတိုနေပြီ။

(59)- A man is known by his company.

လူသတင်း လူချင်ဆောင်။

(60)- A mouth that prays, a hand that slays.

ပါးစပ်ကဘုရား ဘုရား၊ လက်က ကားရား ကားရား။

(61)- Husband and wife are like tongue and teeth.

လင်နှင့်မယားလျှာနှင့်သွား။လင်မယားဆိုတာတစ်ဂျက်ဂျက်။

(62)- Gratitude begets Gratitude.

ကျေးဇူးရှိမှ ကျေးဇူးရ။



www.burmeseclassic.com

www.burmeseclassic.com



(63)- A small spark will make a great fire.

A neglected spark burns the house.

အမှိုက်ကစ ပြဿာဒ်မီးလောင်။

(64)- It's easy to cry. It's hard to sob.

အငိုလွယ် အရှိုက်ခက်။

(65)- The easiest is the best.

အလွယ်ဆုံးသည် အကောင်းဆုံးဖြစ်ပါသည်။

(66)- Speak little but speak the truth.

နည်းနည်းပြောပါ။ သို့သော် အမှန်ကိုပြောပါ။

(67)- The goat can't bear the elephant's pranks.

ဆင်ကျီစားရာ ဆိတ်မခံသာ။

(68)- Pride goes before a fail.

မာနသည် ကျဆုံးမှု၏ ရှေ့ဆောင်။

(69)- Living in hut but Leaving thoughts in heaven.

လူနေမြို့ကြား စိတ်နေဘုံဗျာ။

(70)- In the same boat, in the same journey.

တစ်လှေတည်းစီးတစ်ခရီးထဲသွား။

(71)- No pain, No gain.

အနာမခံရင်အသာမစံရ။





(72)- God helps those who help themselves.

လုံ့လရှိသူနတ်ပိုင်းကူ။

(73)- Wise man does not reveal anger.

ပညာရှိအမျက် အပြင်မထွက်။

(74)- Necessity is the mother of invention.

လိုလျှင်ကြံဆ နည်းလမ်းရ။

(75)- Necessity has no law.

လောဘနှင့်တွေ့ တရားမေ့။

(76)- Never do things by halves.

အလုပ်လုပ်ရင် တစ်ဝက်တစ်ပျက် မလုပ်ပါနဲ့။

(77)- Never too late to mend.

ပျက်အစဥ် ပြင်ခဏ။

(78)- Good counsels is never late.

အကြံကောင်းသည် ဘယ်တော့မှ နောက်မကျ။

(79)- Man proposes, God disposes.

လူ့အလိုနတ်မလိုက်နိုင်။

(80)- He who sleeps catches no fish.

အိပ်နေသူ ငါးမမိ။

www.burmeseclassic.com

www.burmeseclassic.com



(81)- Don't trouble until trouble troubles you.

ဒုက္ခမရောက်မီဒုက္ခကိုကြိုပြီးမတွေးပါနဲ့။

(82)- Truth is mighty and shall prevail.

အမှန်တရားသည် နောက်ဆုံး၌ အောင်မြင်ရသည်ချည်းပဲ။

(83)- No man is perfect.

မမှားသောရှေ့နေ မသေသောဆေးသမား။ ပြည့်စုံသောသူသည် မရှိ။

(84)- Suspicion is the bane of friendship.

သံသယသည် မိတ်ဆွေခင်ပွန်း ဆက်ဆံရေး၏ အဆိပ်ဖြစ်သည်။

(85)- Care killed the cat.

သောကကြောင့် ကြောင်သေ။

(86)- The darkest hour is before the dawn.

အလင်းရောင်မလာမီ မှောင်စမြဲ။

(87)- All is fair in love and war.

အချစ်နှင့်စစ်တွင် မတရားတာမရှိ။

(88)- Empty vessels make the most sound.

မပြည့်တဲ့အိုးဘောင်ဘင်ခတ်။

(89)- A little is better than none.

လုံးဝမရှိတာနဲ့စာလျှင် နည်းနည်းရှိတာက ပိုကောင်း။





(90)- Knowledge is power.

အသိပညာသည်စွမ်းအား။

(91)- Love is blind.

အချစ်မှာ မျက်စိမရှိ။

(92)- Marry haste and repent at leisure.

မဆင်မခြင် အိမ်ထောင်ကျ နောက်မှနောင်တရ။

(93)- Pity is akin to love.

ချစ်ခြင်းအစ ကရုဏာက။

(94)- Practice makes perfect.

လေ့ကျင့်မှ ပြည့်ဝ။ ပွဲမဝင်ခင် အပြင်က လေ့ကျင့်။

(95)- A stitch in time saves nine.

ပျက်အစဉ် ပြင်ခဏ။ အချိန်မီချုပ် အစုတ်သက်သာ။

(96)- Fortune favours the brave.

ကြောက်လျှင်လွဲ ရဲလျှင်ချမ်းသာ။

(97)- Good wine needs no bush.

ပစ္စည်းကောင်းလျှင်အမွှန်းတင်စရာမလို။

(98)- Life is full of ups and downs.

ဗိုလ်လုံတစ်လှည့် ငါးပျံတစ်လှည့်။ စုံချည်တစ်လှည့် ဆန်ချည်တစ်ခါ။



www.burmeseclassic.com

www.burmeseclassic.com



(99)- Don't cry for the moon.

မမီတဲ့ပန်းမလှမ်းပါနဲ့၊အနူလက်နဲ့ရွှေခွက်မနှိုက်နဲ့။

(100)- Rome wasn't built in a day.

ရောမမြို့ကိုတစ်ရက်တည်းနှင့်တည်ဆောက်ထားခြင်းမဟုတ်။

ယခုရေတွင်းတူး ယခု ရေကြည်သောက်၍ မရနိုင်ပါ။

(101)- Haste makes waste.

အလျင်လို အနှေးရ။

(102)- History repeats itself.

သမိုင်းတစ်ကျော့ပြန်လည်တတ်၏။

(103)- The most honest is the best policy.

ရိုးသားခြင်းသည် အကောင်းဆုံးဝါဒဖြစ်သည်။

(104)- Idleness is the rust of soul.

မသုံးပဲထားသည့်ဓား သံချေးတက်။

(105)-ill got, ill spent.

မတရားရတဲ့ငွေ ကြာကြာမနေ။

(106)- Where there is love there is jealousy.

မေတ္တာရှိလျှင်သဝန်တို၏။

(107)- Justice is blind.

တရားဥပဒေသည်မျက်နှာမလိုက်။





(108)- Union is strength.

စည်းလုံးခြင်းသည်ခွန်အား။ ညီညွတ်ခြင်းသည်ခွန်အား။

(109)- Two wrongs do not make a right.

အမှားနှစ်ခုသည် အမှန်တစ်ခု မဖြစ်နိုင်။

(110)- The more you get, the more you want.

ရလေ လိုလေ။ ပိုရလေ၊ ပိုလိုချင်လေ။

(111)-Second thoughts are best.

နှိုင်းနှိုင်း ချိန်ချိန် သုခမိန်။

(112)- Look before you leap.

မခုန်ခင် ရှေ့ကို အရင်ကြည့်။

(113)- Love conquer all things.

အချစ်သည် အရာရာကို အောင်မြင်နိုင်သည်။

(114)- A blind doesn't care the evil.

မျက်ကန်း တစ်ဆေမကြောက်။

(115)- The longest journey begins with a single step.

မည်သည့်ခရီးရှည်ကြီးကိုမဆိုခြေတစ်လှမ်းကစရစမြဲ။

(116)- If you ask much, you get the word.

မေးပါများ စကားရ။



www.burmeseclassic.com

www.burmeseclassic.com



(117)- If you go on and on, you get far.

သွားပါများခရီးရောက်။

(118)- Never too old to learn.

ပညာလို အိုသည်မရှိ။

(119)- Too much knowledge make the fools.

အတတ်ကြူး အရူးဖြစ်။ တတ်လွန်းတော့ ရူး။

(120)- Misfortune never comes alone.

အကုသိုလ်ဆိုတာ တစ်ခုတည်း မလာဘူး။

(121)- One say, six feet:where will Began move to?

တစ်နေ့ တစ်လံ ပုဂံဘယ်ပြေးမလဲ။

(122)- Draw the thread while the moon shines.

လသာတုန်း ဗိုင်းငင်။

(123)- Store up the water while it rains.

မိုးရွာတုန်း ရေခံ။

(124)- Health is better than wealth.

ကျန်းမာခြင်းသည်ချမ်းသာခြင်းထက်ပိုကောင်း၏။

(125)- Health is the most valuable thing in life.

ကျန်းမာခြင်းသည် လာဘ်တစ်ပါး။





(126)- If you help others, you also help yourself.

သူများအကျိုးဆောင်ကိုယ့်အကျိုးအောင်။

(127)- I'm not blowing my own trumpet.

ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာ မဟုတ်ပါဘူး။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်။

(128)- Even for a mouthful of food eaten one owes gratitude to the host.

တလုပ်စားဖူး သူ့ကျေးဇူး။ ကျေးဇူးကို နားလည်ပါ။

(129)- Good mind and good find.

စိတ်ရင်းကောင်းတော့ အကောင်းတွေ့။

(130)- Friend is easier lost than found.

မိတ်ဆွေရဖို့ခက်သလောက် ဆုံးရှုံးဖို့လွယ်သည်။

(131)- Pen is mightier than the sword.

ကလောင်းသွားသည် ဓားသွားထက် ပိုထက်၏။

(132)- A live dog is better than dead lion.

ခွေးရှင်သည် သေနေသောခြင်္သေ့ထက် ပိုတန်ဖိုးရှိသည်။

(133)- Strike while the iron is hot.

အချိန်ရှိခိုက်လုံ့လစိုက်၊အခွင့်သာခိုက်လုံ့လစိုက်။

(134)- Build castles in the air.Build castles in Spain.

လေထဲတိုက်အိမ်ဆောက်။ စိတ်ကူးယဉ်နေတာ လက်တွေ့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



(135)- Something is better than nothing.

ဘာမှမရှိတာနဲ့စာရင်နဲနဲရှိတာကပိုကောင်းပါသေးတယ်။သစ်မရခင်ဝါးကြားဝါးဖောင်ကွပ်။

(136)- The proof the pudding is in the eating.

ရွှေအကြောင်းဖယောင်းမှသိ။ လူအကြောင်း ပေါင်းမှသိ။

(137)- To cast pearts before swine.

ကျွဲပါးစောင်းတီး။

(138)- Still water runs deep.

ရေသော။ ငြိမ်သက်နေသောရေသည် နက်၏။

(139)- To wash dirty linen to public.

ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို။

(140)- Once a crooks always c crook.

ခွေးမြီးကောင် ကျည်ထောက်စွပ်။

(141)- Once bitten, twice shy.

တစ်ခါသေဖူး ပျဉ်ပိုးနားလည်။

(142)- blood is thicked than water.

အရေးကြီးတော့သွေးနီးသတဲ့။

(143)- Those who know don't speak, those who speak don't know.

လူပြောမသန် လူသန်မပြော။ သိတဲ့လူတိုင်း မပြောသလို၊ ပြောတဲ့လူတိုင်းလည်း၊ မသိကြပါ။





(144)- Silent is golden.

ဆိတ်ဆိတ်နေထောင်တန်။တိတ်တိတ်နေထောင်တန်။

(145)- Crying over the split milk.

လွှတ်တဲ့ငါး ကြီးသည်။

(146)- better to be a begger than a fool.

မရှိတာထက် မသိတာစက်။

(147)- Through thick and thin.

အေးအတူ ပူအမျှ။

(148)- As he sowed, so he reaped.

ဘယ်သူမပြု မိမိမှု။ ကိုယ်ပြုတဲ့ကံ ကိုယ်သာခံ။ ကိုယ်ကြဲတဲ့မျိုး ကိုယ်ရိတ်သိမ်း။

(149)- Don't count the chicken before they are hatched.

စစ်မရောက်ခင် မြှားမကုန်ပါစေနဲ့။

(150)- Take the bull by the horns.

လာမယ့်ဘေး ပြေးတွေ့။

(151)- Make a mountain of a mole hill.

တစ်စိပ်ကိုတစ်အိပ်လုပ်။

(152)- Harm set, harm get.

သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်။



www.burmeseclassic.com

www.burmeseclassic.com



(153)- Experience is the best teacher.

အတွေ့အကြုံသည်အကောင်းဆုံးအရာတစ်ခုဖြစ်သည်။

(154)- Teaching is the best learning.

သင်ကြားပြသခြင်းသည် အကောင်းဆုံး ပြန်သင်ယူခြင်းပင်ဖြစ်တယ်။

(155)- Little learnig is dangerous.

အသိပညာ အတတ်ပညာ နည်းပါးခြင်းသည် အန္တရာယ်ကြီးမားစေသည်။
အသိပညာ နည်းပါးခြင်းက အန္တရာယ်ကို ဖိတ်ခေါ်နေသလို။

(156)- Knowledge is great power.

အသိပညာဆိုတာ စွမ်းအားတစ်ပါး။

(157)- Never think of knowledge as little.

အသိပညာကို နည်းသည်ဟု မထင်ပါနဲ့။

(158)- Life without learning is death.

အတတ်ပညာ မရှိသောဘဝသည် သေနေသလို။

(159)- There is no wealth equal to learning.

အတတ်ပညာနှင့်တူသော ဥစ္စာသည် လောကမှာ မရှိ။

(160)- Learning is the first, earning is the second, seeking the Dhamma is the last.

ပထမအရွယ်မှာပညာရှာ၊ဒုတိယအရွယ်မှာဥစ္စာရှာ၊တတိယအရွယ်မှာတရားရှာ။

(161)- We must seek education in early age.

ငယ်စဉ်အခါပညာရှာ။ပထမအရွယ်မှာပညာရှာ။





(162)- Learning cannot be stolen.

ပညာရွှေအိုးလုမခိုး။

(163)- Never too old to late.

ပညာလို အိုသည်မရှိ။

(164)- There is no time like present.

ပစ္စုပ္ပန်နှင့်တူသော အချိန်သည် မရှိ။ ယခုလက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိပါ။

(165)- Time is precious. Time is life. Time is gold.

အချိန်သည် တန်ဖိုးရှိတယ်။ အချိန်သည် ဘဝ။ အချိတ်သည် ရွှေ။

(166)- There is no success without effort.

မကြိုးစားဘဲတော့ အောင်မြင်မှုမရနိုင်ပါ။ မကြိုးစားရင် မအောင်မြင်။

(167)- A learned man is honoured by others.

ပညာရဲ့ရှင့် ပွဲလယ်တင့်။ ပညာရှိသူ ဂုဏ်ခံယူ။

(168)- The moral lessons lie in the books.

အလိမ္မာစာမှာရှိ။

(169)- There is no friend like learning.

အတတ်ပညာနှင့်တူသောမိတ်ဆွေမရှိ။အတတ်ပညာသည်ဘဝရဲ့မိတ်ဆွေစစ်။

(170)- In seeking education one should be humble like beggars.

ပညာရှာ ပမာသူဖုန်းစား။ ပညာလိုလျှင် မာနစင်၊ မာနကိုဖှတ် ပညာထက်။ ပယ်လျှင်မာန ပညာရ။



www.burmeseclassic.com

www.burmeseclassic.com



(171)- Ignorance is worse than poverty.
မရှိတာထက်မသိတာခက်။

(172)- Vain efforts.
ခဲလေသမျှသဲရေကျပျော်။

(173)- To thrive on other's effort.
ဆင်ဖြူတော်မှီပြီး ကြံစုပ်။

(174)- The son who is a month older than his father.
အဖေ့ထက် သားတစ်လကြီး။

(175)- To hit on a person's sore.
အနာပေါ်တုတ်ကျ။

(176)- There is a "But" in everything.
ခြွက်ချက်သည် အရာရာတိုင်း၌ရှိသည်။

(177)- There is no true love without jealousy.
အချစ်စစ် အချစ်မှန်တွင် သဝန်တိုမှုရှိသည်။

(178)- Time and tide wait for no man.
အချိန်နှင့်ဒီရေသည်လူကိုမစောင့်။

(179)- Time files. Time is money.
အချိန်တာကုန်လွယ်တယ်။အချိန်တာငွေပဲ။





(180)- Time is the best counsellor.
အချိန်သည်တိုင်ပင်ရန်အကောင်းဆုံးအဖော်အမွန်ဖြစ်ပါသည်။

(181)- To forget the wrong is the best revenge.
အမှားတစ်ခုကိုမေ့ပျောက်ပြစ်လိုက်ခြင်းသည် အကောင်းဆုံးလက်စားချေမှုဖြစ်သည်။

(182)- Trust but not too much.
ယုံကြည်ပါ။ သို့သော် အကြွင်းမဲ့ မယုံပါနှင့်။ လူကြီးသူမတို့၏ စကားကိုလည်း အကြွင်းမဲ့ မယုံလေနှင့်။

(183)- Out of debt, out of danger.
ကြွေးကင်းလျှင် အန္တရာယ်ကင်းသည်။ အကြွေးကင်းတော့ သောကရှင်း။ အကြွေးမဲ့နေ နိဗ္ဗာန်ပြည်။

(184)- Presents keep friendship warm.
လက်ဆောင်များသည် ခင်မင်မှုကို နွေးထွေးစေပါသည်။

(185)- Like father, like son. Like mother, like daughter.
အဖေတူ သား။ အမေတူ သမီး။

(186)- Who has no heart has legs.
သတ္တိမရှိသောသူမှာခြေထောက်တွေရှိတယ်။

(187)- Open confession is good for the soul.
ပြောင်ဝန်ခံခြင်းကစိတ်ဓာတ်အတွက်ကောင်းမွန်သည်။

(188)- Patience is the key of Paradise.
သည်းခံခြင်းက သုခဘုံအတွက် အဓိကဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(189)- Don't strike the man when he is down.

လူတစ်ယောက်နိမ့်နေတုန်းမဖိနှိပ်ရ။ရေနစ်သူဝါးကူမထိုးရ။

(190)- The heart has ears.

အသည်းနှလုံးတွင် နားများရှိသည်။

(191)- True love appears in time of need.

အချစ်စစ် အချစ်မှန်သည် အရေးကြုံက ထွက်ပေါ်လာစမြဲ။

(192)- A woman's modesty cannot be bought with gold.

မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့ မရ။

(193)- True love never becomes grey.

အချစ်စစ် အချစ်မှန်သည် ဘယ်တော့မှ မအိုမင်း။

(194)- He who is willing is able.

ဆန္ဒရှိတဲ့သူ တတ်နိုင်ပါတယ်။ ဆန္ဒရှိရင် ဘာမဆိုဖြစ်နိုင်တယ်။

(195)- Love is the maker of suspicions.

ချစ်ခြင်းသည် သံသယကို ပြုလုပ်သူ တရားခံဖြစ်သည်။

(196)- No one is born a great master.

ဘယ်သူမှမွေးကတည်းကလူတော်ဖြစ်မလာပါ။

(197)- Think of many things, do only one.

များများတွေး များများစဉ်းစား။ ဒါပေမယ့် တစ်ခုပဲလုပ်ပါ။





(198)- A wise man does not reveal anger.

ပညာရှိအမျက်အပြင်မထွက်။

(199)- Wisdom is Reality.

ပညာဟူသည် မြတ်ရွှေအိုး။ ပညာဟူသည် ဘဏ်တိုက်။

(200)- Revenge is as sweet as love.

အချစ်ကြီးတော့ အမျက်ကြီးသတဲ့။

(201)- To remember only in times of great need.

ခလုတ်ထိမှအမိတ။

(202)- Never a rose without thorns.

ဆူးမရှိသော နှင်းဆီမရှိ။

(203)- Never too late to turn.

ပြောင်းလဲရန် ဘယ်သောအခါမှ နောက်မကျ။

(204)- Never look a gift horse in the mouth.

အလကားရတာကို သွားဖြဲမကြည့်နဲ့။ အလကားရတာကို ချေးများမနေနဲ့။

(205)- The good time only comes once.

အချိန်ကောင်းသည်တစ်ကြိမ်သာလာသည်။

(206)- Chance never comes twice.

အခွင့်အရေးဟာ ဘယ်တော့မှ နှစ်ခါမလာဘူး။ အခွင့်အရေးကို လက်မလွှတ်စေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



## Five precepts ငါးပါးသီလအကြောင်း

Namo Tassa Bhagavato Arahato Sammasambuddhassa.

Homage to Him, the Blessed One, the Holy One and the fully Enlightented One.

I take refuge in the Buddha.
ဘုရားကို ကိုးကွယ်ပါ၏။
I take refuge in the Dhamma.
တရားကို ကိုးကွယ်ပါ၏။
I take refuge in the Sangha.
သံဃာကို ကိုးကွယ်ပါ၏။
(Secondly ........................)
(Thirdly ........................)

### ငါးပါးသီလ

1 I abstain from killing any living being.
သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

2 I abstain from stealing.
သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

3 I abstain from committing sexual misconduct.
သူတစ်ပါးသားမယားကိုပြစ်မှားကျူးလွန်ခြင်းမှရှောင်ကြဉ်ပါ၏။

4 I abstain from telling lies.
မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

5 I abstain from taking intoxicating drinks and drugs.
မူးယစ်စေတတ်သောသေရည်သေရက်တို့ကိုသောက်စားသုံးဆောင်ခြင်းမှရှောင်ကြဉ်ပါ၏။





## THE TEACHING (ဓဒသနာ)

(1)Not to do all evil, — မကောင်းမှုများ၊ ရှောင်ရှားပယ်ခွာ။
(2)To do good, — ကုသိုလ်တရား၊ ပြုပြားမကွာ။
(3)To purify one's mind, — စိတ်ဓါတ်သန့်ရှင်း၊ ဖြစ်ကင်းစေရာ။
(4)This is the Teaching of the Buddha. — မြတ်ဗုဒ္ဓ၊ ဟောပြဒေသနာ။

(1)Giving a charity, — ဒါနပေးကမ်း၊ လှူဒါန်းစွန့်ပါ။
(2)Observing the precepts, — သီလသီတင်း၊ စောင့်ခြင်းမကွာ။
(3)Listening to the Dhamma, — တရားတော်များ၊ နာကြားစန်ဒါ။
(4)Taking refuge in the Triple Gem, — ရတနာမြတ်၊ ဆည်းကပ်ရှိသေပါ။
(5)This is a good lesson in Buddhism. — ဗုဒ္ဓဘာသာမှာကောင်းတဲ့ကျင့်စဉ်တရားပါ။

## OUR ADORE (ရှိခိုးခြင်း)

Forehead, knees and hands — နဖူးခြေလက်ပါဦးညွှတ်၍
bow low, touch the floor — ကြမ်းပေါ်မှာတဲ့ နေးနေးထိပါ။
slow and slow, Great respect — အလွန်ရိုသေစွာ ရှိခိုးဖို့ရာ။
for our adore, We should obey — ပိုကာပိုကာ တို့လိုက်နာသင့်တာ။
more and more. (ခြေ၊လက်၊နဖူး၊တစ်တောင်၊ဒူး၊ငါးဦးညီညွှတ်စေ။)



www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာသုတ်ရွတ်ပုံ လင်္ကာ ဆောင်ပုဒ်များ။

၁ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings be happy and secure!

၂ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings feeble or strong, be happy and secure!

၃ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings long, medium, or short, be happy and secure!

၄ ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings great, medium or short, be happy and secure!

၅ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings seen or unseen, be happy and secure!

၆ ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings living-far or near, be happy and secure!

၇ ဘဝကုန်ဆုံးဖြစ်တုံများစွာသတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ။
May all beings unborn or being born, be happy and secure!

၈ လှည့်ပတ်စိတ်သွင်း အချင်းချင်း ကင်းရှင်းကြပါစေ။
Let none deceive another.





၉ ထင်သေးစိတ်သွင်းအချင်းချင်းကင်းရှင်းကြပါစေ။
Let none despise another.

၁၀ ဒေါသစိတ်သွင်း အချင်းချင်း ကင်းရှင်းကြပါစေ။
Let none get angry wishing misery to others.

၁၁ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
May they all be free from ailment, enmity and happy in peace!

### CONCENTRATION ON LOVING KINDNESS

**မေတ္တာ ဘာဝနာ စီးဖျန်း ပွားများပုံ။**

1-May I be well and happy! May I be free from dangers, anxieties,worries and sufferings! May I enjoy myself happily!
ရုပ်နာမ်နှစ်ဖြာ ဤခန္ဓာ ကျန်းမာချမ်းသာ ရပါစေ။ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်း၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရပါစေ။ မိမိချမ်းသာ ကိုယ့်လိုရာ မှန်စွာဆောင်နိုင်ရပါစေ။

2-May **our parents** be well and happy! May they be free from dangers, anxieties,worries and sufferings! May they enjoy themselves happily.
ကျေးဇူးကြီးလှ မိနှင့်ဖ ကျန်းမာချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ စိုးရိမ်ခပ်သိမ်း၊ ဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေ။မိမိတို့ချမ်းသာကိုယ့်လိုရာမှန်စွာဆောင်နိုင်ကြပါစေ။

3-May our venerable teachers be well and happy! May they be free from dangers, anxieties,worries and sufferings! May they enjoy themselves happily.
ကျေးဇူးရှင်ဆရာ ထေရ်သံဃာ ကျန်းမာချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ စိုးရိမ်ခပ်သိမ်း၊ဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေ။မိမိတို့ချမ်းသာကိုယ့်လိုရာမှန်စွာဆောင်နိုင်ကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



4-May all beings in this monastery be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!
ဤကျောင်းတွင်းမှာ များသတ္တဝါ ကျန်းမာချမ်းသာ ကြပါစေ။ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။ မိမိတို့ချမ်းသာ ကိုယ့်လိုရာ မှန်စွာဆောင်နိုင်ကြပါစေ။

5-May all beings in this town be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!
ဤမြို့တွင်းမှာများသတ္တဝါကျန်းမာချမ်းသာကြပါစေ။ဘေးရန်ခပ်သိမ်းကြောင့်ကြခပ်သိမ်းစိုးရိမ်ခပ်သိမ်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။ မိမိတို့ချမ်းသာ ကိုယ့်လိုရာ မှန်စွာဆောင်နိုင်ကြပါစေ။

7-May all beings in this country be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!
ဤပြည်တွင်းမှာ များသတ္တဝါ ကျန်းမာချမ်းသာ ကြပါစေ။ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။ မိမိတို့ချမ်းသာ ကိုယ့်လိုရာ မှန်စွာဆောင်နိုင်ကြပါစေ။

8-May all beings in this world be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!
ဤကမ္ဘာမှာ များသတ္တဝါ ကျန်းမာချမ်းသာကြပါစေ။ဘေးရန်ခပ်သိမ်းကြောင့်ကြခပ်သိမ်းစိုးရိမ်ခပ်သိမ်း ဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေ။မိမိတို့ချမ်းသာကိုယ့်လိုရာမှန်စွာဆောင်နိုင်ကြပါစေ။

9-May all beings in this universe be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!





ဤစကြဝဠာတွင်းမှာ များသတ္တဝါ ကျန်းမာချမ်းသာ ကြပါစေ။ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်းဒုက္ခခပ်သိမ်းကင်းငြိမ်းကြပါစေ။မိမိတို့ချမ်းသာကိုယ့်လိုရာမှန်စွာဆောင်နိုင်ကြပါစေ။

10-May all beings in the 31 Planes of existence be well and happy!
May they be free from dangers, anxieties, worries and sufferings!
May they enjoy themselves happily!
သုံးဆယ့်တစ်ဘုံတွင်းမှာ များသတ္တဝါ ကျန်းမာချမ်းသာ ကြပါစေ။ ဘေးရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်း ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။ မိမိတို့ချမ်းသာ ကိုယ့်လိုရာ မှန်စွာဆောင်နိုင်ကြပါစေ။

**အနက်ရောင်ဖြင့်ပြထားသော နေရာမှာ အစားထိုး မေတ္တာပို့ရန်-**

**our relatives, our benefitors, our friends, my lover, my grand-parents, my parents-in-low, my great-uncle, my grand-aunty etc.စသည်တို့ဖြစ်ကြသည်။**

**တရားရှုပွား အားထုတ်ရန် ကျင့်စဉ်လက်သံပေါက်များ**

၁ ဆိတ်ငြိမ်ရာတွင် ချဉ်းကပ်ဝင် အစဉ်ရှုကာပွား။
Approch a quiet place to practise meditation constantly.

၂ တင်ပလ္လင်ခွေကာ (ကြို့ကြို့နဲ့သာ) ထိုင်နေပါ ကိုယ်မှာဖြောင့်စွာထား။
Sit in a cross-legged form (for men), courtesy form (for women) and straighten the body.

၃ ဘယ်လက်ပေါ်မှာညာတင်ပါကိုယ်မှာသက်သာထား။
Put the right palm on the left and keep the body comfortable and relaxed.



www.burmeseclassic.com

www.burmeseclassic.com



၄ မျက်စိမှေးကာမှိတ်ထားပါစိတ်မှာတည်ကြည်ထား။
Close the eyes lightly and keep the mind calm.

၅ နှာသီးဝမှာ ထိ-သိ ကာ၊ မှတ်ကာဉာဏ်ယှဉ်ပွား။
Concentrate with insight on the touch and awareness at the entrance of the nose.

၆ ထိ-သိ ဆက်ဆက် အသိကပ် မပြတ်ရှုကာပွား။
Meditate with mindfulness just at the presence of in-and-out breathing.

၇ မကြမ်း မနု၊ လယ်လတ်ရှူ သိမှုကပ်၍ထား။
Keep the middle way of breathing neither strong nor soft.

၈ မပြတ်လုံ့လ ဝီရိယ ပြည့်ဝစုံညီ မြတ်ယောဂီ။
Keep on with a continuous endeavour.

၉ မပြတ်သတိ ဉာဏ်နှင့်ကြည့် ရှုသိနေသည် မြတ်ယောဂီ။
Meditate on the phenomena of mind and body with a constant awareness.

၁၀ မပြတ်ဉာဏ်ယှဉ်သမ္ပဇဉ်အစဉ်ရှုသည်မြတ်ယောဂီ။
Meditate constantly accompanied with mindful insight.

၁၁ မရှုပွားက ဉာဏ်မရ မဂ်မှဝေးမည်သာ။
If you are negligent in meditation, you will be far away from insight knowledge of the path.





၁၂ မဂ်နှင့်ဝေးကပါယ်လေးဝရောက်ရလိမ့်ဦးမှာ။
If you are far away from the path, you may fall down again in to the nether planes (of existence).

၁၃ ရှုပွားကျင့် ဉာဏ်မြင့်က မဂ်ရဖိုလ်ဆိုက်မှာ။
Only when you practise meditation, then can you realize the Path & fruition.

၁၄ မဂ်ဖိုလ်တရား ရလိုငြား ကြိုးစားရမည် မြတ်ယောဂီ။
If you really want to attain the path, fruition and Nibbana, you must ardently strive for insight meditation.

၁၅ နှာဖျားသိကပ် ဉာဏ်နှင့်မှတ် မပြတ်ရှုပါ ထိသိတာ။
Concentrate with insight on the touch and awareness at the tip of the nose.

၁၆ လျောင်း-ထိုင်-ရပ်-သွား ဣရိယာလေးပါး ရှု ပွားကျင့်ပါ ဝိပဿနာ။
Meditate on the four postures, lying, sitting, standing and walking.

၁၇ မြင်ကြားထိသိဉာဏ်နှင့်ကြည့်သတိကပ်၍ရှုမှတ်ပါ။
Be vigilantly mindful of seeing, hearing, touching and knowing.

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဘုရားနှင့်တရား သံဃာ မိဘ ဆရာ အနန္တ ငါးဖြာကိုးကွယ်အားထားရာအစစ်ပါ။

The fivefold Infinity, the Buddha, the Dhamma, the Samgha, Parents and Teachers are really reliable objects of venaration.

ဒါန သီလ ဘာဝနာ ကျင့်စဉ်သုံးဖြာ နေ့တိုင်းမှန်မှန်စွာကျင့်ကြံအားထုတ်ရမည့်တရားပါ။

The Threefold Principle, alms-giving(dana), morelity (sila) and meditation (Bhavana) are to be practised regularly everyday.

## "THE FOUR NOBLE TRUTHS"

## သစ္စာလေးပါး မြတ်တရား

The final aspiration of a Buddhist Is to attain enlightenment through which the four Noble Truths can be realized. The Four Noble Truths are;

(1)The Noble Truth of suffering,
ဒုက္ခသစ္စာ

(2)The Noble Truth of the Cause of suffering,
သမုဒယ သစ္စာ

(3)The Noble Truth of the Cessation of suffering,
နိရောဓသစ္စာ

(4)The Noble Truth of the Way leading to the Cessation of suffering.
မဂ္ဂသစ္စာ





## "EXPLANATION OF EACH BLESSING"

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

(1) Not to associate with the foolish.
လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ။

(2) To associate only with the wise.
ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူလေ။

(3) To honour those who are worthy of honour.
သုံးပါးရတနာ မိဘများနှင့်ဆရာသမားကို ပူဇော်လေ။

(4) To dwell in a suitable locality. To live in a suitable place.
ကုသိုလ်ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ။

(5) To have done meritorious/ good deeds in the past.
ရှေးက တင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှု အထူးရှိပါစေ။

(6) To set oneself in the right course.
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနှင့် တည်ဆောက်လေ။

(7) To have a wide general knowledge in mundane and supramundane levels. To have vast learning.
တတ်ကောင်းတတ်ရာတူသမျှကိုကြားမြင်သုတရှိပါစေ။

(8) Being skillful in the technology and handicrafts.
To be skillful in arts and science.
အိုးအိမ်တည်ထောင်ဝမ်းစာရေးနဲ့အသက်မွေးဖို့အတတ်သင်လေ။



www.burmeseclassic.com

www.burmeseclassic.com



(9) Learning and abiding by the rules of conduct and disciplines laid down by the Buddha for lay devotees and monks. To be learned in the moral discipline.
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ။

(10) Speaking what is true, pleasant and beneficial to others. To speak good words.
မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ။

(11) To attend closely to one's parents. To support parents.
မြင့်မိုရ် ရွှေတောင် မိဘကြွေးကို ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။

(12) To take care of one's wife and children. To provide for wife & children.
ကြွေးသစ်ချကာ သားနှင့်မယား မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။

(13) To perform a faultless work at a proper time.
To be engaged in peaceful occupations.
အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ။

(14) Performing acts of charity. To be generous in alms-giving.
သုံးတန်စေတနာကြည်စင်တန်းလို့ပေးကမ်းဝေမျှလှူနိုင်စေ။

(15) To live righteously performing the ten kinds of meritorious deeds. To be righteous in pure conduct.
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့ သုစရိုက်တရားကို ကျင့်ပါလေ။



(16) To support one's paternal and maternal relatives with food, money encouraging words and good advice. To help one's relatives.
ဆွေမျိုးတွေကို မြင်ပ မထားနဲ့ သင်္ဂဟတရားနှင့် ချီးမြှောက်လေ။

(17) To perform a blameless action. To be blameless in actions.
သန့်စင်ပြစ်မျိုး လူထုအကျိုး သယ်ပိုးဆောင်ရွက်စေ။

(18) To resolve mentally to refrain from committing all evils.
To abstain from bodily misdeed and evil speech.
မကောင်းမှုတွေ တူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ။

(19) To refrain from committing three bodily & 4 verbal evil deeds.
To refrain from evil thoughts.
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းနေ။

(20) To abstrain, refrain from any intoxicating drinks & drugs.
အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့ အရာပေ။

(21) To be steadfast in moral virtue. Not to be negligent in doing good deeds, To keep the moral precepts, To practise meditation.
လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ။

(22) To pay respect to those who are worth of honour, reverence.
အသက်ဂုဏ်ဝါကိုယ့်ထက်ကြီးကာဆည်းကပ်စ, တားရိုသေလေ။

(23) To be humble and modest without pride & conceit. To be humble.
မာနတံခွန်ကုတ်မကြွနှင့်ကိုယ့်ကိုယ်နှိမ့်ချအမြဲနေ။

www.burmeseclassic.com

www.burmeseclassic.com



(24) To be contented with whatever one possesses presently.
လောဘအပို လိုမလိုက်နဲ့ ကိုယ့်ထိုက်တာနဲ့ ကျေနပ်လေ။

(25) To acknowledge other's and repay one's debt of gratitude.
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ။

(27) To forgive the insult caused by others and be patient without bearing a grudge. To be patient.
စားရေး နေရေး ရန်ခပ်သိမ်း ထိန်းချုပ်စိတ်နဲ့ သည်းခံလေ။ စားဝတ်နေထိုင်ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း သည်းခံလေ။

(28) To obey readily the advice given by elders and learned persons. To be obedient.
ကျိုးကြောင်းဖော်ပြ ဆိုဆုံးမ ပြောကြားလာလေ နာလွယ်စေ။ ကျိုးကြောင်းပြည့်နှန် ဆုံးမ
စကားကို ပြောကြားလာက နာလွယ်စေ။

(29) To see noble persons who have purified or are trying to purify their minds from all defilements. To see holy monks.
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို မကြာခဏ တွေ့ဆုံလေ။

(30) Discussion of the Dhamma with learned persons at the proper time can lead one to prosperity in the present as well as in the future. To holy religious discussions on the proper occasions.
သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေး





(31) To practise austerity by controlling one's sense faculties in order to scorch all defilements. To possess self-restraint.
လောကီအာရုံ မိန်းယစ်မူးလို့ ပျော်မကြူးနဲ့ ဖြိုးဖြိုလေး

(32) To undertake the noble practice such as observing the eight precepts and developing concentration and insight knowledge in order to realize the Four Noble Truths. To lead a holy and chaste life.
မဂ္ဂါဗြဟ္မာစိုရ် လက်ကိုင်ထားလို့ သူမြတ်ကျင့်ထုံး ယွင်းမသွေ။

(33) To realize the four Noble Truths with four Path-consciousnesses stage by stage. to discern the Noble truths.
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ။

(34) To realize Nibbana and enjoy the highest bliss with their respective Fruition-consciousness by the four types of Noble persons.
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ။

(35) To stand steadfastly with an unshaken mind when one is confronted with the ups and downs of life eight worldly conditions. To be unruffled by the weal and woe of life.
ဆင်းရဲချမ်းသာသဘာဝတွေကြုံနေကျလူ့တိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့ တစ်လှည့်စီလဲ အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့ မတုန်လှုပ်စမ်းနဲ့ စိတ်နိုင်စေ။

www.burmeseclassic.com

www.burmeseclassic.com



(36) To be free from all worries. To be released from sorrow.
သောကကို ထိန်း။

(37) To have a mind free from the dust of all defilements such as greed,hatred, ignorance. To be cleaned from impurities.
ရွှက်သိမ်း။

(38) To possess a peaceful mind free from all dangers of defilements. To attain absolute security.
ဘေးငြိမ်းချမ်းသာနေ။



www.burmeseclassic.com